# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ညီညွတ်ခြင်းသည် ချမ်းသာခြင်း**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။

(ဓမ္မပဒ-၁၉၄)


၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ စနေနေ့၊ | အတွဲ (၅၅)၊ အမှတ် (၂၉၉)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မက္ကဆီကို၊ နယ်သာလန်နှင့် ပေါ်တူဂီနိုင်ငံတို့မှ သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်

စာ - ၃

# ပင်လုံစိတ်ဓာတ်ကိုအခြေခံ၍ တည်ဆောက်မည့် (၂၁)ရာစု ပင်လုံညီလာခံသည် လုံခြုံမှုနှင့်လွတ်လပ်မှုပေးနိုင်သည့် ခိုင်မာသောပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက် ညှိနှိုင်းဆွေးနွေးကြမည့် အရေးကြီးသောပထမခြေလှမ်းဖြစ်

**နေပြည်တော် ဇူလိုင် ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် "ဝ"အထူးဒေသ(၂)မှ "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ ဗဟိုပေါလစ်ဗျူရိုအမြဲတမ်း ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်ယူယိ ဦးဆောင်သည့်အဖွဲ့ဝင်များ၊ အထူးဒေသ(၄) မိုင်းလား ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သည့်အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

*စာမျက်နှာ ၅ ကော်လံ ၁*



# စီးပွားရေးမူဝါဒကို အခြေခံသည့် အခြေခံအုတ်မြစ်များထဲတွင် အရေးအကြီးဆုံးတစ်ခုမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြား

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုတစ်ဝန်းလုံး၌ တတ်နိုင်သမျှ ညီတူညီမျှဖွံ့ဖြိုးမှုရရှိရန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အခြေခံသည့် စီးပွားရေးမူဝါဒကို အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး အလုပ်အကိုင်ဖန်တီးရေးကို စီးပွားရေးမူဝါဒ၏ အခြေခံဖြစ်ရမည်ဟု ဆုံးဖြတ်ထားကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒများ ရှင်းလင်းပြောကြားခြင်း အခမ်းအနားတွင် ပြောကြားလိုက်သည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံရေးအရ သွားနေသည့်လမ်းသည် စီးပွားရေးအရ သွားနေသည့်လမ်းနှင့် လိုက်လျောညီထွေရှိရမည်ဖြစ်ကြောင်း၊ စီးပွားရေးမူဝါဒကိုအခြေခံသည့် အခြေခံအုတ်မြစ်များထဲတွင် အရေးအကြီးဆုံးတစ်ခုမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးမရရှိဘဲ ရှေ့ဆက်သွား၍မရနိုင်ပါကြောင်း၊ တစ်ချိန်က မိမိတို့နိုင်ငံသည် ဒေသတွင်းနိုင်ငံများထက် စီးပွားရေးအခြေအနေကောင်းမွန်ခဲ့ကြောင်း၊

*စာမျက်နှာ ၄ ကော်လံ ၁*




မြန်မာ့အလင်း

# တို့ပြည်ထောင်စု၊ တို့နိုင်ငံ

တိုင်းရင်းသားတို့က ခွဲထွက်ခွင့်ကို မတောင်းဆို၊ ချန်ထားမည်ဆိုသော သဘောထားသည် ကြိုဆိုရမည့်သဘောထားဖြစ်ပါသည်။ ခွဲထွက်ခြင်းကို ချန်မည်ဟုဆိုလိုက်ခြင်းသည် မြန်မာအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ညီညီညွတ်ညွတ်ဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို အပြန်အလှန်ညှိနှိုင်းတိုင်ပင်၍ ထူထောင်မည်ဟူသော သန္နိဋ္ဌာန်ကို ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ သမိုင်းဖြစ်စဉ်တို့၏ ယေဘုယျသဘောသည်လည်း တစ်ဆင့်ထက်တစ်ဆင့်ပိုမိုမြင့်မားသောပေါင်းစည်းမှုကိုသာ ဦးတည်ပြောင်းလဲနေခြင်းဖြစ်ပါသည်။ လူသားတို့သည် တစ်ဦးချင်းရုန်းကန်ရာမှ အစုအဖွဲ့ဖြင့်နေထိုင်လာပါသည်။ ထိုမှတစ်ဆင့် ရွာတို့ ဖြစ်တည်လာပါသည်။ ရွာများမှသည် မြို့ပြနိုင်ငံတို့ဖြစ်ပေါ်လာပါသည်။ တစ်ဖန် မြို့ပြနိုင်ငံများ ပေါင်းစည်းထားသော နိုင်ငံတို့ဖြစ်ပေါ်လာပါသည်။ ပစ္စုပ္ပန်ကာလ၏ သမိုင်းရေစီးကြောင်းသည် ဥရောပသမဂ္ဂနှင့် အာဆီယံတို့ကဲ့သို့သော နိုင်ငံများစုပေါင်းထားသည့် တစ်ခုတည်းသော ဈေးကွက်အခြေခံစီးပွားရေးအုပ်စုများ ညှိနှိုင်းထူထောင်လာကြခြင်းဖြစ်ပါသည်။

ပစ္စုပ္ပန်ကာလ၌ တိုင်းရင်းသားလူမျိုးစုတို့က ခွဲထွက်ရေးကိစ္စကို ထည့်သွင်းစဉ်းစားခြင်းသည်ပင် ခေတ်ကာလပကတိတောင်းဆို ချက်ကို လျစ်လျူရှုရာရောက်ပါသည်။ အမေရိကန်နိုင်ငံကဲ့သို့သော မဟာအင်အားကြီးနိုင်ငံသည်ပင် **North American Free Trade Agreement** ၌ ပါဝင်သကဲ့သို့ **Trans Pacific Partnership Agreement** ၌လည်း ပါဝင်ပါသည်။ အမေရိကန်နိုင်ငံက **Transatlantic Trade and Investment Partnership** ကိုလည်း အဆိုပြုထားပါသည်။ အိမ်နီးချင်းအင်အားကြီး တရုတ်နိုင်ငံကလည်း ပိုးလမ်းမစီမံကိန်းကို အကောင်အထည်ဖော်ရန် ကြိုးပမ်းနေပါသည်။ ဤသို့သော ကမ္ဘာ့သမိုင်းရေစီးကြောင်းမျိုး၌ ခွဲထွက်ရေးကို စဉ်းစားခြင်းသည်ပင် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးစုတို့၏ အကျိုးစီးပွားကို လျစ်လျူရှုသကဲ့သို့ ဖြစ်နေမည် ဖြစ်ပါသည်။ ဗမာလူမျိုးအပါအဝင် တိုင်းရင်းသားလူမျိုးစုများသည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို မည်သို့မည်ပုံတည်ဆောက်မည်ကိုသာ အပြန်အလှန်ညှိနှိုင်းတိုင်ပင်ဆွေးနွေး၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အနာဂတ်၌ တည်ဆောက်မည့် ဖက်ဒရယ်ပြည်ထောင်စုသည် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရရှိရေးဟူသော အခြေခံမူသုံးရပ်အပေါ် အခြေခံတည်ဆောက်ရမည်ဖြစ်ပါသည်။ ဤအခြေခံမူသုံးရပ်အပေါ် အခြေခံသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံ မူကွဲမျိုးစုံထွက်ပေါ်လာနိုင်ပါသည်။ ဤနေရာ၌ အရေးကြီးသည်မှာ (၂၁) ရာစုပင်လုံညီလာခံတွင် မည်သည့်အင်အားစုကမှ ပုံသဏ္ဌာန်တစ်ရပ်ကို အသေဆုပ်ကိုင်၍ ဤဖက်ဒရယ်ပြည်ထောင်စုပုံသဏ္ဌာန်ရမှသာ လက်ခံနိုင်မည်ဟု မရပ်တည်ကြရန်ဖြစ်ပါသည်။ အပြန်အလှန်ညှိနှိုင်းမည်ဆိုခြင်းသည် အပြန်အလှန်အပေးအယူလုပ် လိုက်လျောမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးတည်ရမည်မှာ အထက်၌ရည်ညွှန်းထားသည့် အခြေခံမူသုံးရပ်ကို အခြေခံလျက် ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးစုအားလုံးက "တို့ပြည်ထောင်စု၊ တို့နိုင်ငံ" ဟူသော ခံစားချက်မျိုးမွေးဖွားပေးနိုင်မည့် ဖက်ဒရယ်ပြည်ထောင်စုပုံသဏ္ဌာန် (ဖွဲ့စည်းပုံ) တစ်ရပ်ကို ညှိနှိုင်းရှာဖွေရန် ဖြစ်ပါသည်။

"တို့ပြည်ထောင်စု၊ တို့နိုင်ငံ" ဟူသော ခံစားချက်မျိုးမွေးဖွားပေးနိုင်မည့် ဖက်ဒရယ်ပြည်ထောင်စုဖန်တီးမည်ဟု နိုင်ငံရေးသန္နိဋ္ဌာန်ချမှတ်ထားပါက အပြန်အလှန်လိုက်လျောညှိနှိုင်းမှု မပြုနိုင်စရာမရှိဟု ယုံကြည်ပါသည်။ အနာဂတ်၌ထူထောင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသည် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရှိရေးတို့အပေါ်အခြေခံလျက် မြန်မာနိုင်ငံ၏ပကတိအခြေအနေအရပ်ရပ်တို့ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ပကတိအခြေအနေအရပ်ရပ်တို့ကို ထင်ဟပ်မှသာ "တို့ပြည်ထောင်စု၊ တို့နိုင်ငံ" ဟူသော ခံစားချက်က ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးတို့၏ နှလုံးသား၌ မွေးဖွားလာမည်ဖြစ်ပါသည်။ "တို့ပြည်ထောင်စု၊ တို့နိုင်ငံ" ဟူသော ခံစားချက်က ပြည်ထောင်စုသားအားလုံး နှလုံးသား၌ကိန်းဝပ်မှသာ ထူထောင်မည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသည် ကမ္ဘာတည်သရွေ့တည်တံ့မည်ဖြစ်ပါသည်။ ။



## ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**သီပေါ ဇူလိုင် ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အမှတ် (၁၂၀) ကျောက်မဲခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့စု သီပေါ(တပ်စိတ်)မှ ယာဉ်ထိန်းတာဝန်ခံ တပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့်အဖွဲ့က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဝင်းနှင့်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များနှင့် ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် အသိပညာပေးလုပ်ငန်းများကို ဇူလိုင် ၂၀ ရက်မှ ၃၁ ရက်အထိ အသိပညာပေးကာလအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်အန္တရာယ်ကင်းရှင်းရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးညွှန့်လှိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ နေပြည်တော်အတွင်း ဆက်လက်လေ့လာ

**နေပြည်တော် ဇူလိုင် ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံကိန်းအရ ဒုတိယအကြိမ်ဖိတ်ကြားထားသည့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များသည် လေ့လာရေးအစီအစဉ်၏ တတိယနေ့တွင် နေပြည်တော်ရှိ ဗုဒ္ဓဂယာ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် တိရစ္ဆာန်ဉယျာဉ်များသို့ ဆက်လက်လေ့လာကြသည်။



ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၊ မံစီမြို့နယ်နှင့် ပန်ဝါဒေသမှ ဂျိန်းဖော့နှင့် လာချိဒ်၊ လော်ဝေါ်တိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်နှင့် ဖားဆောင်းမြို့နယ်များမှ ကယား၊ ကယန်း၊ ကယော၊ ကရင်နှင့် မနော တိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၊ ရေးမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်များမှ မွန်တိုင်းရင်းသား တိုင်းရင်းသူ ၂၅ဦး၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များမှ ရခိုင်၊ မြို၊ ခမီ၊ ဒိုင်းနက်နှင့် သက်တိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး စုစုပေါင်းတိုင်းရင်းသား တိုင်းရင်းသူ ၁၀၀ တို့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၉ ရက်က ဗုဒ္ဓဂယာသို့ သွားရောက်ဖူးမြော်ကြပြီး၊ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် သက်တမ်းနှစ် ၇၀ ကျော်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)ရှိ သတင်းရိုက်ကူးခြင်း၊ သတင်းတည်းဖြတ်ခြင်း၊ သတင်းတင်ဆက်ခြင်း၊ ရုပ်သံထုတ်လွှင့်ခြင်းနှင့် တိုင်းရင်းသားရုပ်သံလိုင်း(NRC)ထုတ်လွှင့်မှု ရေဒီယိုထုတ်လွှင့်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များက ယဉ်ကျေးမှုဖလှယ်သည့်အနေဖြင့် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ထို့ပြင် နယ်စပ်တိုင်းရင်းသားလေ့လာရေးအဖွဲ့သည် တိရစ္ဆာန်ဉယျာဉ်၊ နက္ခတ်တာရာပြခန်းနှင့် ဆာဖာရီဉယျာဉ်တို့သို့ သွားရောက်လေ့လာကြပြီး နောက်ဆုံးနေ့တွင် မြဝတီရုပ်မြင်သံကြား၊ အားကစားရုံနှင့် ဈေးဝယ် စင်တာများသို့ လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြဝတီမြို့၌ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**မြဝတီ ဇူလိုင် ၂၉**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး မြဝတီမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ဇူလိုင် ၂၈ ရက်က မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဦးအောင်ဇေယျလမ်းတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် တာဝန်ရှိသူများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်နှင့် ခရိုင်အုပ်ချုပ် ရေးမှူး ဦးလွင်ကိုဦးတို့က လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဦး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၉-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၈၂၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၈၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၄.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၄.၁၃ |
| ထိုင်း | တစ်ဘတ် | ၃၄.၀၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၉၈ |
| တရုတ် | တစ်ယွမ် | ၁၇၇.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၅၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၃။)
၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅ တွင် ပါရှိသော "အဖွဲ့ဝင် ၅ ဦးစီကို" ဆိုသည့်စကားရပ်ကို "ငါးဦးစီထက်မပိုသောအရေအတွက် တူညီသည့် အဖွဲ့ဝင်များကို" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "ရွေးချယ်ထားသည့်အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး၏" ဆိုသည့်စကားရပ်ကို "ရွေးချယ်ထားသည့်အဖွဲ့ဝင်များ၏" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ပြဋ္ဌာန်း

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၄။)
၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၁၉၉၀ ပြည့်နှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၁) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ပြဋ္ဌာန်း

**မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၅ ။)
၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၀၂ ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မက္ကဆီကို၊ နယ်သာလန်နှင့် ပေါ်တူဂီနိုင်ငံတို့မှ သံအမတ်ကြီးများခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မက္ကဆီကို ပြည်ထောင်စုနိုင်ငံသံအမတ်ကြီး မစ္စတာ ရိုဂယ်လီရိုဂရန် ဂေလ်ဟုမ်းမော်ဖင်းသည် ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ နယ်သာလန်နိုင်ငံသံအမတ်ကြီး မစ္စတာ ဝေါင်တာ ရောဘတ်မာရီရာဂန်စ်သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖရန်စစ္စကိုဗာ့စ် ပါတိုကို သည် ယနေ့ နံနက် ၁၁ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မက္ကဆီကိုပြည်ထောင်စုနိုင်ငံသံအမတ်ကြီး မစ္စတာ ရိုဂယ်လီရိုဂရန် ဂေလ်ဟုမ်းမော်ဖင်း ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နယ်သာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဝေါင်တာ ရောဘတ်မာရီရာဂန်စ် တို့ တွေ့ဆုံစဉ်



# နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်နှင့် ဂျပန်-မြန်မာ ပါလီမန် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Ichiro AISAWA ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

တွေ့ဆုံစဉ် ဂျပန်- မြန်မာ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်းဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒများ ရှင်းလင်းသည့်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်

**✻ ရှေ့ဖုံးမှ**

သို့သော် နိုင်ငံရေးကျဆင်းသွားသည့်အခါ စီးပွားရေးပါကျဆင်းသွားပါကြောင်း။

ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အင်မတန်အလေးထားပါကြောင်း၊ ညီညီညွတ်ညွတ်ရှိမှသာ မိမိတို့လုပ်ကိုင်လိုသည့် အလုပ်များကို အောင်မြင်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ညီညီညွတ်ညွတ် လုပ်ကိုင်နိုင်ရန်အတွက် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးသည် အင်မတန်အရေးကြီးကြောင်း၊ စီးပွားရေးအရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ညီညီမျှမျှ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားရမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ထို့ပြင် မိမိတို့နိုင်ငံတွင် ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် လယ်ယာစိုက်ပျိုးရေးကို မှီတင်းနေထိုင်ကြသူများဖြစ်ကြောင်း၊ စက်မှုကဏ္ဍကို ဦးတည်ဆောင်ရွက်လိုသော်လည်း လယ်ယာစိုက်ပျိုးရေးကို လျစ်လျူရှုထား၍မရပါကြောင်း၊ ယနေ့ခေတ် ကမ္ဘာကြီးတွင် အစားအသောက်ဖူလုံရေး (Food Security)ကို ပြောဆိုကြသော်လည်း လက်တွေ့ကျကျ ဆောင်ရွက်မှုနည်းပါးပါကြောင်း၊ ထို့ကြောင့် မိမိတို့၏အခြေအနေကို အားသာချက်ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများကို ဘက်ညီတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့်အတူ မြို့ပြဖွံ့ဖြိုးမှုရရှိစေရန်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေး၊ နိုင်ငံရေးကိုပါ အားလုံးပူးတွဲဆောင်ရွက်မှသာ ရေရှည်တွင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို ညီမျှစွာ ဒေသခံပြည်သူများ လက်ခံနိုင်သည့်အခြေအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍများသည် အရေးကြီးသည့်အတွက် မူဝါဒသီးခြားထုတ်ပြန်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။



**ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း နိုင်ငံတော်၏စီးပွားရေးမူဝါဒတွင် အခြေခံမည့် မူဝါဒ ၁၂ ချက်အား ရှင်းလင်းစဉ်**

မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒများ ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခွန်ထမ်းကြီးများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အပြည်ပြည်ဆိုင်ရာမိတ်ဖက် အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

ရှင်းလင်းပွဲ၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက နိုင်ငံတော်၏စီးပွားရေးမူဝါဒတွင် အခြေခံမည့် မူဝါဒ ၁၂ ချက်အား ရှင်းလင်းခဲ့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏ စီးပွားရေးမူဝါဒ

**နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်**

နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသံယဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်ချမှတ်ဆောင်ရွက်ရန် မျှော်မှန်းပါသည်။

**နိုင်ငံတော်၏ ရည်မှန်းချက်များ**

၁။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး စည်းလုံးညီညွတ်သော ဖက်ဒရယ် ဒီမိုကရက်တစ်ပြည်ထောင်စုကြီး ဖြစ်တည်လာစေရေးကို အထောက်အပံ့ဖြစ်စေသည့် မူဝါဒအဖြစ်ကျင့်သုံးရန်၊

၂။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေသည့် စီးပွားရေးအခြေအနေကောင်းများ ရရှိရေးဆောင်ရွက်ရန်၊

၃။ နိုင်ငံတော်အတွက် အဘက်ဘက်မှစွမ်းရည်ပြည့်ဝသော လူငယ်မျိုးဆက်သစ်များ ပေါ်ပေါက်လာစေရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော စီးပွားရေးမူဝါဒအဖြစ် ကျင့်သုံးရန်၊

၄။ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်နိုင်ပြီး၊ တီထွင်ဆန်းသစ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် တိုးတက်မှုရလဒ်ကောင်းများကို အစဉ်အဆက်ရယူထိန်းသိမ်းနိုင်မည့် စီးပွားရေးစနစ်တစ်ခုအဖြစ် ထူထောင်ရန်။

**နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ**

(၁) ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

(၃) ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

(၄) လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများ စသည့်အခြေခံစီးပွားရေး အဆောက်အအုံများ လျင်မြန်စွာ တိုးတက်လာစေရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် Data ID Card System၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်၊

(၅) ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်၊

(၆) ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊

(၇) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများသီးခြားရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်၊

(၈) အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေး တည်ငြိမ်မှုရရှိလာစေရေး ဆောင်ရွက်ရန်၊

(၉) သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေဖြစ်စေမည့်မြို့ပြများ တည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစောင့်ရှောက်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်၊

(၁၀) နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသော အခွန်စနစ်ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးထုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

(၁၁) တီထွင်ဖန်တီးမှုစွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာ တိုးတက်မှုများကို အားထုတ်ကြိုးပမ်းဖြစ်ပေါ်နိုင်စေသည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသောနည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

(၁၂) စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသများအတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသောအခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်။




# မကွေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၌ ပြည်ထောင်စုစာရင်းစစ်ချုပ်က ဝန်ထမ်းများနှင့် တွေ့ဆုံ

**မကွေး ဇူလိုင် ၂၉**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် မကွေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၌ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံးဝန်ထမ်းများနှင့် ခရိုင်နှင့်မြို့နယ် စာရင်းစစ်ရုံးများမှ ဝန်ထမ်းများအား ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီတွင် တွေ့ဆုံခဲ့သည်။ **(ဝဲပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က စာရင်းစစ်ရုံးများအနေဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန်၊ အုပ်ချုပ်ရေးကဏ္ဍတွင် စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း၊ ဝန်ထမ်းများအားလုံး၊ စိတ်ပိုင်းရုပ်ပိုင်းအားလုံး ကျန်းမာချမ်းသာ၍ စည်းလုံးညီညွတ်စွာဖြင့်ဆောင်ရွက်ကြရန်၊ တာဝန်ရှိသူများကလည်း ဝန်ထမ်းများကို စေ့ဆော်မှုများဆောင်ရွက်ပေးရန်၊ စစ်ဆေးရေးစွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းပြည်ပမှ ဖွင့်လှစ်သည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများသို့ လိုလားစွာတက်ရောက်ကြရန်နှင့် စစ်ဆေးရေးလုပ်ငန်းများထိထိရောက်ရောက် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကကဏ္ဍတွင် နိုင်ငံတကာစာရင်းစံများလိုက်နာစေရေးဆောင်ရွက်နေမှု၊ နိုင်ငံပိုင်ကဏ္ဍတွင် နိုင်ငံတကာစာရင်းစံများ လိုက်နာကျင့်သုံးရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ ပုံမှန်စစ်ဆေးခြင်းလုပ်ငန်းများတွင် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းလိုက်နာမှု စစ်ဆေးခြင်းအပြင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကိုလည်း စစ်ဆေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

**သန်းနိုင်ဦး(ငဖဲ)**

*ရှေ့ဖုံးမှ

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဦးခင်ဇော်ဦးနှင့် ငြိမ်းချမ်းရေးကော်မရှင်မှ ဦးမိုးဇော်ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် ပင်လုံစိတ်ဓာတ်ကိုအခြေခံ၍ တည်ဆောက်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံသည် လုံခြုံမှုနှင့် လွတ်လပ်မှုပေးနိုင်သည့် ခိုင်မာသောပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက် ညှိနှိုင်းဆွေးနွေးကြမည့် အရေးကြီးသော ပထမခြေလှမ်းဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် "ဝ" အထူးဒေသ(၂) ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဦးပေါက်ယူယိနှင့် ဦးကျောက်ကော်အန်းတို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ရပ်တည်ချက်သဘောထားများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အထူးဒေသ(၄) မိုင်းလားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးစိုင်းလင်းက ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် "ဝ" အထူးဒေသ (၂)နှင့် အထူးဒေသ (၄) မိုင်းလားနှစ်ဖွဲ့စလုံးက မကြာမီကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကြိုဆိုထောက်ခံကြောင်း ပြောကြားခဲ့ကြသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် "ဝ" အထူးဒေသ(၂) နှင့် အထူးဒေသ (၄) မိုင်းလားမှ အဖွဲ့ဝင်များ၊ လူငယ်များနှင့် အမျိုးသမီးငယ်များအား တွေ့ဆုံစဉ်

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းတင်ပြမှုများအပေါ် ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးကော်မရှင်နှင့် ဆက်လက်ဆွေးနွေးကြရာတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းကြရန် မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးပေါက်ယူယိနှင့် အဖွဲ့ဝင်များ၊ ဦးစိုင်းလင်းနှင့် အဖွဲ့ဝင်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာ စားပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က"ဝ" အထူးဒေသ(၂)နှင့် အထူးဒေသ(၄) မိုင်းလားမှအဖွဲ့ဝင်များ၊ လူငယ်များနှင့် အမျိုးသမီးငယ်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က ယခုကဲ့သို့ "ဝ" အထူးဒေသနှင့် မိုင်းလားအထူးဒေသတို့မှ လူငယ်များ လာရောက်တွေ့ဆုံသည်ကို တွေ့မြင်ရသည်မှာ ပြည်ထောင်စု၏ အင်အားကို ပြသခြင်းဖြစ်ပါကြောင်း၊ အမျိုးသမီးငယ်များ ပါဝင်သည့်အတွက် အထူးပင်ဝမ်းသာပါကြောင်း၊ ငြိမ်းချမ်းရေးကြိုးပမ်းနေခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် ကြိုးပမ်းခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ကမ္ဘာ့လူဦးရေတစ်ဝက်မှာ အမျိုးသမီးငယ်များဖြစ်ပါကြောင်း၊ တိုင်းရင်းသား အမျိုးသမီးငယ်များအနေဖြင့် ငြိမ်းချမ်းရေးကို အင်တိုက်အားတိုက် ပါဝင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ လူငယ်ဆိုသည်မှာ မိမိတို့နိုင်ငံ၏ အနာဂတ်ပင်ဖြစ်ပါကြောင်း၊ မကြာခဏ ဆိုသလိုပင် လူငယ်များအနေဖြင့် လူကြီးများ မစွမ်းဆောင်နိုင်သည့်ကိစ္စကို စွမ်းဆောင်နိုင်ပါကြောင်း၊ လူငယ်များအနေဖြင့် စာမျက်နှာသစ်ပေါ်တွင် ဆောင်ရွက်နိုင်သည့် အခွင့်အရေးနှင့် အရည်အချင်းတို့မှာ များပြားပါကြောင်း၊ မိမိတို့ပြည်ထောင်စုသည် အမှန်တကယ်ပင် ညီညီညွတ်ညွတ် ခိုင်ခိုင်ခံ့ခံ့ဖြင့် အေးချမ်းသာယာရမည် ဖြစ်ကြောင်း၊ သည့်အတွက် လူငယ်များအကြားတွင်လည်း ကူးလူးဆက်ဆံမှုများရှိရမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံရှိ လူငယ်များအနေဖြင့် ကိုယ့်ပြည်နယ်တွင်သာမက ပြည်ထောင်စုတစ်ဝန်းရှိ ဒေသများသို့လည်း သွားရောက်လည်ပတ်ပြီး လူငယ်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ ပြည်ထောင်စုတစ်ဝန်း၌ ရှိကြသည့် ပြည်သူပြည်သားအများစုမှာ တိုင်းရင်းသားများ၏ဘဝနှင့် မကွာဟပါကြောင်း၊ လူငယ်များအတွက် အရေးကြီးဆုံးမှာ ပညာရေးနှင့်ကျန်းမာရေးပင်ဖြစ်ပါကြောင်း၊ ယခု တိုင်းရင်းသားလူငယ်များကိုတွေ့ဆုံရသည်မှာ ကျန်းကျန်းမာမာရှိကြပါကြောင်း၊ ကျန်းမာရေးချို့တဲ့မှုမှာ မျက်စိဖြင့်တွေ့မြင်နိုင်သော်လည်း ပညာရေးချို့တဲ့မှုကို ကြည့်၍ မမြင်နိုင်ပါကြောင်း၊ ပညာရေးချို့တဲ့မှုမှာ မိမိတို့နိုင်ငံ၏အနာဂတ်အတွက် ကျန်းမာရေးလောက်အရေးကြီးပါကြောင်း၊ မိမိတို့၏ ပညာရေးစနစ်သည် ပြည်ထောင်စုငြိမ်းချမ်းရေး၊ ပြည်ထောင်စုတိုးတက်ရေး၊ ညီညွတ်ရေး အခြေခံဖြစ်စေမည့် ပညာရေးစနစ်ဖြစ်ရန် လိုအပ်ပါကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စများသည် အားလုံးပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စဖြစ်သည့်အတွက် ယခု လူငယ်များအနေဖြင့် မေးမြန်းလိုသည်များရှိပါက မေးမြန်းနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားပြီး တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြသည်။

ဒေါက်တာ တင်မျိုးဝင်း ဦးဆောင်သော ငြိမ်းချမ်းရေးကော်မရှင်သည် "ဝ"အထူးဒေသ(၂) နှင့် အထူးဒေသ (၄) မိုင်းလားတို့နှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**


## မြန်မာ-ဂျပန် နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စု လွှတ်တော်နာယက၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျပန်အထက်လွှတ်တော်အမတ်နှင့် ဂျပန်-မြန်မာ ပါလီမန် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Ichiro AISAWA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြသည်။

**(သတင်းစဉ် )**



## မြန်မာနိုင်ငံဆိုင်ရာ ဘူတန်ဘုရင့်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ရှိဝမ် ရှော့ဖယ်(လ်) ဒိုဂျီအား ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘူတန်ဘုရင့်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ရှိဝမ် ရှော့ဖယ်(လ်) ဒိုဂျီအား ခန့်အပ်ရန်အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရက သဘောတူညီပြီး ဖြစ်သည်။ ၎င်းသည် ဗန်ကောက်မြို့တွင်အခြေစိုက်၍ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

မစ္စတာ ရှိဝမ် ရှော့ဖယ်(လ်) ဒိုဂျီကို ၁၉၆၉ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၅ ခုနှစ်တွင် ဘူတန်ဘုရင့်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နှစ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးဌာန၌ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခြင်းမပြုမီ ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ဘူတန်ဘုရင့်တပ်မတော်တွင် ဒုဗိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဌာနအသီးသီးတွင် ရာထူးအဆင့်ဆင့်ကို တာဝန်ယူခဲ့ရာ နယူးဒေလီမြို့ရှိ ဘူတန်ဘုရင့်သံရုံးတွင် လည်းကောင်း၊ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ ဘူတန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင်လည်းကောင်း တာဝန်များ ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် မစ္စတာ ရှိဝမ် ရှော့ဖယ် (လ်) ဒိုဂျီသည် ဘူတန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဒေသတွင်းအဖွဲ့အစည်းများဌာနနှင့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု ပေါင်းစပ်ညှိနှိုင်းရေးရုံးတို့၏အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့်အပြင် ဘူတန်အသံလွှင့်မှုဆိုင်ရာလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်ဖြစ်ပြီး သမီးတစ်ဦးရှိသည်။ **(သတင်းစဉ်)**

## မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ရောက်ရှိနေသော မြန်မာအလုပ်သမား ၂၂၉၄ ဦးအား ပြန်လည်ခေါ်ဆောင်မည်

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ပနိုင်ငံများရှိ ထိန်းသိမ်းရေးစခန်းများတွင်ရောက်ရှိနေသော မြန်မာအလုပ်သမားများအား ပြန်လည်ခေါ်ယူရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများဖြင့် ပြည်ပနိုင်ငံများ၏ထိန်းသိမ်းရေးစခန်းများတွင် ရောက်ရှိနေသော မြန်မာအလုပ်သမားများ ပြန်လည်ခေါ်ယူရေးကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ရောက်ရှိနေသော မြန်မာအလုပ်သမားများ ခေါ်ယူနိုင်ရေးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(KBZ Brighter Future Myanmar Foundation) ၏ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက ထိန်းသိမ်းရေးစခန်းများအတွင်းရှိ အလုပ်သမား ၂၂၉၄ ဦးအား အခမဲ့ပြန်လည်ခေါ်ယူနိုင်ရေးတာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အလုပ်သမားများ နေရပ်ပြန်လမ်းစရိတ်အဖြစ် တစ်ဦးလျှင် ကျပ်တစ်သိန်းစီ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကော်မတီသို့ပေးပို့တင်ပြလာသဖြင့် ယခင် အလှူရှင်များဖြစ်သည့် Mother Trading Co.,Ltd နှင့် မိဘဂုဏ်ရည်အဖွဲ့သား ၄၀ တို့၏ အလှူငွေဖြင့် ဦးစားပေးခေါ်ယူပြီး ကျန်ရှိသည့်အလုပ်သမားများအားလုံးကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏အလှူငွေဖြင့် အမြန်ဆုံး ပြန်လည်ခေါ်ယူနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၇-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃ ပါ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီးအဖြစ် မစ္စလုတ်ဗ်ဇွန်းအား ခန့်အပ်ရန် သဘောတူညီသတင်း၌ မစ္စလုတ်ဗ်ဇွန်း (အစား)မစ္စလုသိဗ်ဇွန်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(မြန်မာ့အလင်း)**

# မြန်မာ-နယ်သာလန် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Wouter Robert Marie Jurgen အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်သည့် နှစ်နိုင်ငံဆက်ဆံရေးအခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအခြေအနေ၊ လက်ရှိလျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာမှုရှိရေးနှင့် တိုင်းပြည်တည်ငြိမ်ရေးအတွက် တပ်မတော်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအခြေအနေ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(မြဝတီ)**



# (၈၉)နှစ်မြောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂၉**

(၈၉)နှစ်မြောက် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ နိုဗိုတယ် ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များ တက်ရောက်ကြပြီး တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျံနှင့် ဇနီး၊ စစ်သံမှူးနှင့် ဇနီးတို့က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့် ဇနီးတို့က အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် တရုတ်စစ်သံမှူးနှင့် ဇနီးတို့က တက်ရောက်လာသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**



*❀ ကျောဖုံးမှ*

ဆောင်ရွက်နေမှု၊ လက်ရှိဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်းကို တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိစွာ စိတ်တူကိုယ်တူဖြင့် ညီအစ်ကိုလုပ်ဖော်ကိုင်ဖက်များအဖြစ် ခိုင်ခိုင်မြဲမြဲ လက်တွဲလုပ်ဆောင်ရန် လိုအပ်မှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အထူးဒေသ(၄) မိုင်းလားငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းလင်းနှင့် ‘ဝ’အထူးဒေသ(၂)မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကျောက်ကော်အမ်းတို့က သက်ဆိုင်ရာနယ်မြေအလိုက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင် နေမှုနှင့် ဒေသအတွက်လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ သည် ထိုင်းနိုင်ငံ တရားရေးဝန်ကြီး H.E.Gen. Paiboon Koomchaya ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါ ဝန်ကြီးရုံး၌ တွေ့ဆုံသည်။ **(အောက်ပုံ)**



တွေ့ဆုံစဉ် ရွှေတြိဂံဒေသအတွင်းနှင့် မဲခေါင်မြစ်ကြောင်းတစ်လျှောက် နှစ်နိုင်ငံ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးနှင့် ပူးပေါင်းထိန်းချုပ်ရေး၊ ထိန်းချုပ်ဓာတုဆေးများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းမရှိစေရန် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံအတွင်း ထိုင်းနိုင်ငံမှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစားထိုးဖွံ့ဖြိုးရေး စီမံကိန်းကိစ္စရပ်များ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

*❀ ကျောဖုံးမှ*

တမံအလျား ပေ ၃၂၀၀၊ အမြင့် ၁၆၄ ပေရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၃၆၃၀၀၀ ရှိသည်။ ပင်မရေပိုလွှဲတွင် အကျယ် ၃၂၆ ပေရှိပြီး အကူရေပိုလွှဲတွင် အကျယ်ပေ ၂၅၀ ရှိသည်။ ကြီးအုံ-ကြီးဝ ရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ရေထုတ်လွှတ်ခြင်း၊ စိုက်ပျိုးရေ ရေထုတ်ပေါက်မှ ရေထုတ်လွှတ်ခြင်းနှင့် ကန်ရေပြည့်ပမာဏထက် ကျော်လွန်လာပါက ပင်မရေပိုလွှဲနှင့် အကူရေပိုလွှဲပေါက်တို့မှ ရေကျော်ကျခြင်းဟူ၍ ရေထွက်ပေါက်လေးခုဖြင့် စီမံဆောင်ရွက်ထားရှိသည်။

အဆိုပါတမံသည် စေတုတ္တရာမြို့နယ် နယ်နိမိတ်အတွင်း အများဆုံးကျရောက်နေပြီး တမံမှ စေတုတ္တရာမြို့တောင်ဘက်ထိ ရေမိုင်(၁၄)မိုင် ရှည်လျားသည်။ ယခင်နှစ် ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်ရက်ပိုင်း မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းမှုကြောင့် ရေပိုလွှဲ၏ သတ်မှတ်ရေထုထည် စီးနှုန်းထက်ကျော်လွန်ခဲ့ပြီး ပင်မရေပိုလွှဲ၏ အောက်ဘက်တွင်လည်း ရေတိုက်စားမှုကြောင့် အနက် ၁၁၅ ပေရှိ ချိုင့်ခွက်ကြီးတစ်ခု ဖြစ်ပေါ်ကျန်ရှိခဲ့ရာ ယခုအခါ ရေတိုက်စားမှုကာကွယ်ရန် ပြင်ဆင်ထားရှိပြီးဖြစ်သည်ကို တွေ့ရှိရသည်။

ပင်မရေပိုလွှဲ ပြင်ဆင်ထားရှိမှုနှင့် ပတ်သက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၃)မှ ဦးဝင့်နိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)အား တွေ့ဆုံမေးမြန်းရာ “ယခုအခါ ပင်မရေပိုလွှဲ ရေတိုက်စားမှုကာကွယ်ရန် ကွန်ကရစ်ကျင်း ၈၀၀၀ ကျော်ကို နေ့/ည အဆိုင်းများခွဲပြီး အင်တိုက်အားတိုက် ပြင်ဆင်ထားရှိပြီးဖြစ်သည့်အတွက် ပင်မရေပိုလွှဲမှ မကြာမီ ရေလွှဲထုတ်နိုင်တော့မှာဖြစ်ပါတယ်။ ဒါကြောင့် စေတုတ္တရာမြို့နယ်အတွင်းမှ ရေလွှမ်းလယ်ယာမြေအချို့အမြန်ဆုံးပြန်ပေါ်လာကာ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်တော့မှာပါ၊ အကူရေပိုလွှဲကိုလည်း မူလအကျယ် ပေ ၂၅၀ မှ ပေ ၂၀၀ ထပ်မံတိုးချဲ့ဖောက်လုပ်နေသည်မှာလည်း ပေ ၁၅၀ အကျယ် တိုးချဲ့ထားရှိပြီးဖြစ်လို့ ယခင်နှစ်ကဲ့သို့ မိုးများခဲ့သည့်တိုင် ယခင်နှစ်လောက် ရေရောက်လာတော့မှာ မဟုတ်ပါဘူး၊ တမံရဲ့ ကြံ့ခိုင်မှုကိုလည်း အမြဲစစ်ဆေး စောင့်ကြည့် နေပါတယ်” ဟု ပြောသည်။

ကြီးအုံ-ကြီးဝ ရေလှောင်တမံ၏ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့၏ ဇူလိုင် ၂၉ ရက်အထိ မိုးရေချိန်/မိုးရွာရက်နှင့် ရေသိုလှောင်မှုတို့အား နှိုင်းယှဉ်ကြည့်လျှင် ၂၀၁၅ ခုနှစ်တွင် မိုးရေချိန် ၁၈ ဒသမ ၈ လက်မ၊ မိုးရွာရက် ၃၁ ရက်၊ ရေအမှတ် ၃၅၅ ဒသမ ၀ ပေ၊ ရေလှောင် ပမာဏ ဧကပေ ၄၆၃၇၂၀ နှင့် ၂၀၁၆ ခုနှစ်တွင် မိုးရေချိန် ၂၃ ဒသမ ၈၄ လက်မ၊ မိုးရွာရက် ၃၃ ရက်၊ ရေအမှတ် ၃၄၈ ဒသမ ၁ ပေ၊ ရေလှောင်ပမာဏ ၃၉၂၄၃၈ ဧကပေ ရှိကြောင်း သိရသည်။

ယခု ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်အထိ မိုးရေချိန်နှင့် မိုးရွာရက်မှာ ယခင်ထက် ပိုများနေသော်လည်း၊ တမံ ရေအမှတ်နှင့် ရေလှောင်ပမာဏမှာ ယခင်နှစ်ထက် လျော့နည်းနေတာတွေ့ရှိရပြီး ယခုနှစ် မိုးများခဲ့သော်လည်း ဒေသခံပြည်သူများစိုးရိမ်နေသည့် ရေကြီး/ရေလျှံမှုထပ်မံဖြစ်ပေါ်မည့် အခြေအနေမရှိကြောင်း တွေ့ရှိခဲ့ရသည်။

ကြီးအုံ-ကြီးဝ ရေလှောင်တမံတွင် နွေစပါး၊ မိုးစပါးစိုက်ပျိုးနိုင်ရန် ကန်ရေပြည့် ရေသိုလှောင်ထားရှိနိုင်ပြီး တမံကြံ့ခိုင်ကောင်းမွန်မှုကိုလည်း အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ အကူရေပိုလွှဲကို အကျယ်ပေ ၂၀၀ တိုးချဲ့ဆောင်ရွက်ပေးထားသဖြင့် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်နိုင်သဖြင့် ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်သွားလာလုပ်ကိုင် နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။



ကြီးအုံ-ကြီးဝ ရေလှောင်တမံကို တွေ့ရစဉ်

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ ရှောင်ရှား

**နေပြည်တော် ဇူလိုင် ၂၉**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့၌ လေးပေခန့်၊ ကနီမြို့၌ လေးပေခွဲခန့်နှင့် မုံရွာမြို့၌ တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေများသည် နောက်တစ်ရက်အတွင်း မင်းကင်းမြို့၊ ကနီမြို့နှင့် နောက်နှစ်ရက်အတွင်း မုံရွာမြို့တို့၌ ပေဝက်ခန့်စီ ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် မြစ်ရေကြီးမှုဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# နိုင်ငံတော်အစိုးရက အုပ်ချုပ်ရေးယန္တရားစီမံခန့်ခွဲမှုပုံစံအသစ်ကို ကောင်းမွန်စွာအကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၉**

ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ ဖွင့်လှစ်နေသည့် သင်တန်းများနှင့် ဘာသာရပ်ပို့ချမှုများအပေါ် ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် မေ ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပခဲ့ကြောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် ပြည်သူ့ဝန်ထမ်းလေ့ကျင့်ရေးကျောင်းများမှ ဘာသာရပ်ပို့ချမှုများကို လေ့လာသုံးသပ်ပြီး UNDP၊ EU(GOPA)၊ World Bank၊ KOICA၊ APCICT၊ Hanns Seidel Foundation စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရှင်များနှင့် ပူးပေါင်းကာ လက်ရှိအုပ်ချုပ်ရေးယန္တရားအသစ်နှင့်အညီ သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ယနေ့တွင်ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ပြောကြားသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ
ဒေါက်တာဝင်းသိမ်း

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၏ **အောက်မြန်မာပြည် ဖောင်ကြီးဝန်ထမ်းတက္ကသိုလ်နှင့် အထက်မြန်မာပြည် ဇီးပင်ကြီးဝန်ထမ်းတက္ကသိုလ်တို့၌ ပြဋ္ဌာန်းသင်ကြားလျက်ရှိသည့် သင်ရိုးညွှန်းတမ်းများအား အသွင်ကူးပြောင်းရေးကာလနှင့် လိုက်လျောညီထွေမှုရှိပြီး ဒီမိုကရေစီသဘောတရားများနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများဖြင့် ပြောင်းလဲအစားထိုးသင်ကြားရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒေါက်တာဝင်းသိမ်းက ယင်းသို့ ရှင်းလင်းပြောကြားခြင်းဖြစ်သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် အုပ်ချုပ်ရေးယန္တရားစီမံခန့်ခွဲမှုပုံစံအသစ်ကို ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေး၊ အသွင်ကူးပြောင်းရေးကာလနှင့် လိုက်လျောညီထွေမှုရှိပြီး ဒီမိုကရေစီသဘောတရားများနှင့်ကိုက်ညီသော သင်ရိုးညွှန်းတမ်းများဖြင့် ပြောင်းလဲအစားထိုးသင်ကြားနိုင်ရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သက်ဆိုင်ရာသင်တန်းအသီးသီးအလိုက် ပို့ချနေသော သင်ရိုးညွှန်းတမ်းများကို သုံးသပ်ပြင်ဆင်ရေးဆွဲခြင်း လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊

ထို့ပြင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ဖွင့်လှစ်နိုင်ရေးအတွက် ဟန်းစ်ဆိုင်ဒယ်ဖောင်ဒေးရှင်း၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၊ ကမ္ဘာ့ဘဏ်၊ ဂျပန်နိုင်ငံ ပြည်သူ့ရေးရာမူဝါဒဆိုင်ရာတက္ကသိုလ် စသည့်အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု မဟာဗျူဟာ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ် ရေးဆွဲခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများ၏ ကိုယ်ကျင့်သိက္ခာ တန်းတူအခွင့်အရေး ရရှိမှုနှင့် အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုဆိုင်ရာ သဘောထားအမြင် စစ်တမ်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် လည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ပို့ချလျက်ရှိသော အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး စီမံခန့်ခွဲမှုသင်တန်းများတွင် ပို့ချလျက်ရှိသော ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးဇယားများ ရေးဆွဲခြင်း၊ ပြည်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ လာရောက်ပို့ချနိုင်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ဥရောပသမဂ္ဂမူဝါဒဆိုင်ရာ အကြံပေးအဖွဲ့အစည်း EU(GOPA)၊ ကမ္ဘာ့ဘဏ် စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်းပြီး အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ သင်တန်းပို့ချပေးခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါကြောင်းကိုလည်း ရှင်းလင်းပြောကြားသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်တင်သွင်းသည့် **မကွေးတိုင်းဒေသကြီး အနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုများနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများအား ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လေးမျက်နှာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းက မိမိတို့နိုင်ငံသည် ရေခံမြေခံကောင်းပြီး ရာသီဥတုညီညွတ်ကာ စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ ပထဝီအနေအထားအရလည်း ပင်လယ်၊ တောင်တန်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ လွင်ပြင်စသည့် သဘာဝကပေးထားသော တန်ဖိုးမဖြတ်နိုင်သည့် အရာများနှင့်လည်း ပြည့်စုံပါကြောင်း၊ သစ်တော သစ်ပင်၊ ရေချိုနှင့် ငါးသယံဇာတများ၊ တွင်းထွက်သယံဇာတများလည်း အများအပြားရှိပါကြောင်း၊ ကျန်သည့် သယံဇာတများသည် ထုတ်ယူသုံးစွဲပြီးပါက ကုန်ဆုံးပျောက်ကွယ်သွားတတ်သော်လည်း သစ်တောသစ်ပင်များသည် ခုတ်ယူသုံးစွဲပြီး ပြန်လည်စိုက်ပျိုးထူထောင်ပါက မူလအတိုင်း ပြန်လည်ရရှိနိုင်သည့် ထူးခြားသည့်အချက် ဖြစ်ပါကြောင်း၊ လူသားများနှင့် သစ်ပင်များသည် အပြန်အလှန်အကျိုးပြုနေကြပါကြောင်း၊ ယနေ့ မိမိတို့အသုံးပြုနေသည့် အရာဝတ္ထု တော်တော်များများသည် သစ်တောသစ်ပင်မှ ရရှိသည့် အရာများပင် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံနည်းတူ ကမ္ဘာ့နိုင်ငံများစွာတွင်လည်း သစ်တောပြုန်းတီးမှုများသည် ကြောက်ခမန်းလိလိ မြင့်တက်လာနေကာ ကမ္ဘာမြေကြီးကို အန္တရာယ်များနှင့် ရင်ဆိုင်ရစေပါကြောင်း၊ ထို့အတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၁၉၇၄ ခုနှစ်မှ စတင်ကာ ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ပြီး ဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အထိုက်အလျောက်သာ ကာကွယ်နိုင်ကြောင်းကို တွေ့ရှိရပါကြောင်း၊ အိမ်နီးနားချင်း သီရိလင်္ကာနိုင်ငံတွင် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် သစ်ပင်များကို လွယ်လင့်တကူ ခုတ်ခွင့်မပြုပါကြောင်း၊ ကိုယ့်အပင်ကိုယ်ခုတ်မည်ဆိုပါက အစိုးရဌာန အဆင့်ဆင့်တင်ပြပြီး ခွင့်ပြုချက်ရမှသာ လျှင် ခုတ်ခွင့်ပြုပါကြောင်း၊ ဥပဒေအရ ထိရောက်တင်းကျပ်စွာ အရေးယူသကဲ့သို့ ပြည်သူများကိုလည်း သဘာဝဝန်းကျင် ဂေဟစနစ်နှင့်ပတ်သက်သည့် ဗဟုသုတများကို စနစ်တကျ ဖြန့်ဝေအသိပေးထားသည်ကိုလည်း တွေ့ရှိရပါကြောင်းဖြင့် အဆိုရှင်၏ အဆိုအပေါ် ထောက်ခံဆွေးနွေးသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျက မိမိတို့နိုင်ငံသည် သဘာဝသယံဇာတများဖြစ်သည့် မြေဆီဩဇာကြွယ်ဝသည့် မြေယာ၊ သစ်မျိုးစုံနှင့် သစ်တောထွက်ပစ္စည်းများ၊ ရေသယံဇာတ၊ ဓာတ်သတ္တုသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပါကြောင်း၊ သယံဇာတများ ပေါကြွယ်ဝခြင်းသည် လူသားများ ရပ်တည်နေရသည့် သက်ရှိလောကအတွက် အစားအစာ၊ ရေ၊ စွမ်းအင်ဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ စသည့် အခြေခံလိုအပ်ချက်များကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ဖော်ပြပါ သယံဇာတများတွင် ပါဝင်သည့် သစ်တောသယံဇာတသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးသက်ရောက်မှုများ၊ သဘာဝဘေးအန္တရာယ်များကို လျော့နည်းသွားစေသည့် ကြားခံများအဖြစ်လည်း ရပ်တည်ကာကွယ်ပေးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများဖြစ်သည့် တောရိုင်းတိရစ္ဆာန်နှင့် အပင်မျိုးစုံသည် လူသားများအပါအဝင် သက်ရှိလောကအတွက် စားနပ်ရိက္ခာနှင့် လောင်စာ၊ သစ်၊ ဝါး အစရှိသည့် ကုန်ကြမ်းပစ္စည်းများ၊ အခြေခံဆေးဝါးများကို သဘာဝအလျောက် အခမဲ့ထောက်ပံ့ပေးသည့်၊ ဝန်ဆောင်မှုပေးသည့်၊ သက်ရှိ ထောက်ပံ့ပေးသည့် ပစ္စည်းများဖြစ်ပါကြောင်း၊ အဆိုပါဂေဟစနစ်များသည် သက်ရှိများ ရေရှည်ရပ်တည်နိုင်ရန်အတွက် အဓိကမရှိမဖြစ်လိုအပ်သည့် သဘာဝအထောက်

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

# စလင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာ လျှပ်စစ်ဓာတ်အားရရှိရေး ပထမဦးစားပေးအဆင့်အဖြစ် ဆောင်ရွက်ရန်လျာထား

**နေပြည်တော် ဇူလိုင် ၂၉**

စလင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာအနက် ၁၇ ရွာသည် ဓာတ်အားစနစ်မှ နှစ်မိုင်အတွင်း ဓာတ်အားရယူနိုင်သော ကျေးရွာများဖြစ်သည့်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း၏ ပထမဦးစားပေးအဆင့်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်၏ **"မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာ မီးလင်းရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသည်။

အဆိုပါ စီမံကိန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြေနီကုန်း၊ ပေါင်းတူးတောင်နှင့် ပေါင်းတူးမြောက်၊ ပေါက်ဥကုန်း၊ ပေါက်ရင်းကုန်း၊ ရွာမှတ်၊ ပုလဲ၊ ဘီးဗပ်(ခ) ကြူဝန်း၊ ကြက်သကိုင်၊ တောင်ကန်၊ လက်ပကန်၊ အရှေ့ချောင်းဖြူ(ခ) ငှက်ပျောအိုင်၊ အုတ်ဖို၊ ဝွေးပင်ဇင်၊ ဆည်ကန်၊ မောင်ကော့ကန်၊ မြောင်းကောက်နှင့် ရုံးပင်ကျေးရွာ ၁၇ ရွာအပြင် ကျန်ရှိနေသည့် စလောင်းကျေးရွာအား လျှပ်စစ်ဓာတ်အား ရရှိနိုင်ရန်အတွက် ဒုတိယအဆင့်တွင် ထည့်သွင်းလျာထားပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **"၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ် ရေးမြို့နယ်သို့ မဟာဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက မွန်ပြည်နယ် ရေးမြို့နယ်သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးမည့် ၂၃၀ ကေဗွီ မော်လမြိုင်-ရေး-ထားဝယ်ဓာတ်အားလိုင်းစီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေဖြင့် ဆောင်ရွက်ရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းထားပြီးဖြစ်၍ ခွင့်ပြုချက်ရရှိပါက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်သိန်း၏ **"ရခိုင်ပြည်နယ် မောင်တောမြို့ လျှပ်စစ်ဌာနအတွက် တစ်လလိုအပ်မည့် စက်သုံးဒီဇယ်ဆီ ဂါလန် ၂၂၆၀ ခန့်ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့် ၂၀၁၇ ခုနှစ်တွင် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များ**



ပြည်ထောင်စုဝန်ကြီး
ဦးဖေဇင်ထွန်း

**သို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ရခိုင်ပြည်နယ် မောင်တောမြို့အား လက်ရှိတွင် ၁၀၀၀ ကေဗွီအေစက် တစ်လုံး၊ ၅၀၀ ကေဗွီအေ ဓာတ်အားပေးစက် တစ်လုံး စုစုပေါင်း စက်နှစ်လုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားပါကြောင်း၊ ထို့ပြင် ၃၀၀ ကေဗွီအေ ဓာတ်အားပေးစက် တစ်လုံးကိုလည်း အရန်ဓာတ်အားပေးစက်အဖြစ်ထားရှိကာ တစ်ရက်လျှင် ဌာနမှ လေးနာရီနှင့် မီးလင်းရေးကော်မတီမှ တစ်နာရီ စုစုပေါင်း ငါးနာရီဖြင့် လျှပ်စစ်မီးသုံးသူ ၁၀၁၆ ဦးအား ဓာတ်အားဖြန့်ဖြူးပေး လျက်ရှိပြီး ဌာနမှ ဒီဇယ်ဆီ တစ်လလျှင် ၄၇၀၆ ဂါလန် ထောက်ပံ့ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးသော မြို့နှင့်ကျေးရွာများအား ဓာတ်အားရရှိသုံးစွဲနိုင်စေရန် ဒီဇယ်စက်ကြီးများဖြင့် လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒီဇယ်စက်ဖြင့် ဓာတ်အားပေးထားသော မြို့များအား လစဉ် ဆီခွဲဝေထောက်ပံ့မှုများသည် နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မောင်တောမြို့သည် ဌာနမှ လက်ရှိ ဒီဇယ်ဆီ ထောက်ပံ့ပေးနေသော မီးပေးချိန်အများဆုံးမြို့များတွင် ပါဝင်ကြောင်း၊ ထပ်မံ၍ တစ်လလျှင် ဒီဇယ်ဆီဂါလန် ၂၂၆၀ ခန့်အား ခွင့်ပြုပေးနိုင်ရန်အတွက် ဖြည့်စွက်ရန်ပုံငွေတွင် လျာထားထည့်သွင်း တောင်းခံသွားမည်ဖြစ်ကြောင်း၊ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်နှင့် မြို့မီးလင်းရေးကော်မတီတို့၏ အစီအစဉ်အရ ဌာနပိုင်မီးစက်များကို အသုံးပြု၍ မီးပေးချိန်တိုးမြှင့်ခြင်းကို ဆောင်ရွက်နိုင်ပါကြောင်း။

ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန်အတွက် အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ၂၃၀ ကေဗွီ ဓာတ်အားလိုင်းအား ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် ပို့လွှတ်ထားပြီးဖြစ်ပါကြောင်း၊ ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံမှ တစ်ဆင့် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း ၇၈ မိုင်ခန့်နှင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော ၆၆ ကေဗွီ ဓာတ်အားခွဲရုံများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ၂ ရာခိုင်နှုန်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ၃ ရာခိုင်နှုန်း စုစုပေါင်း ၅ ရာခိုင်နှုန်းသာရရှိခဲ့ပြီး ဓာတ်အားလိုင်း အူကြောင်းတိုင်းတာခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထပ်မံလိုအပ်သော ရန်ပုံငွေများကို နှစ်အလိုက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိမှုကိုမူတည်ပြီး လုပ်ငန်းများပြီးစီးအောင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးဝေ့တင်း၏ **"ချင်းပြည်နယ် ပလက်ဝမြို့တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိနိုင်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပုဏ္ဏားကျွန်း-ကျောက်တော် (၆၆)ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအား ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ဓာတ်အားပို့လွှတ်ပြီးဖြစ်ပါကြောင်း။

ကျောက်တော်မှတစ်ဆင့် ပလက်ဝဒေသသို့ ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားခဲ့သော်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေခွဲဝေပေးနိုင်မှုအခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၇-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ ပါ အခွန်ကောက်ခံမှုစနစ် ပြုပြင်ပြောင်းလဲခြင်းသည် မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲရန်အတွက် အရေးပါသည့်အစိတ်အပိုင်းတစ်ခုဖြစ် သတင်း၏ ကော်လံ ၃ တတိယပိုဒ်၌ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုး **(အစား)** အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးဟု ပြင်ဆင်ဖတ်ရှုပါရန်။ **စာတည်းအဖွဲ့(သတင်းစဉ်)**

## သံလွင်မြစ်ရေ ဘားအံမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၉** - ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ သံလွင်မြစ်ရေသည် ဘားအံမြို့၌ နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**(မြန်မာ့အလင်း)**

# လွှတ်တော်များသည် ဥပဒေပြုအဖွဲ့အစည်းဖြစ်သည့်အတွက် လုပ်ငန်းစဉ်များ ဥပဒေနှင့်အညီ မှန်ကန်စွာဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union- MPU) အစည်းအဝေး (၃/၂၀၁၆)ကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များဖြစ်ကြသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် နာယက က တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၌ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တင်ပြကြရန်ဖြစ်ကြောင်း၊ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ရုံးဝန်ထမ်းဖွဲ့စည်းပုံ လိုအပ်ပါကြောင်း၊ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ တွေ့ဆုံညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့သို့ တင်ပြပါက ညှိနှိုင်းအစည်းအဝေးခေါ်ယူကျင်းပပေးမည်ဖြစ်ကြောင်း၊ လွှတ်တော်များသည် ဥပဒေပြုအဖွဲ့အစည်းဖြစ်သည့်အတွက် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ မှန်ကန်စွာဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က အစည်းအဝေး (၂/၂၀၁၆) ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များဖြစ်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများက လွှတ်တော်ဆိုင်ရာ လုပ်ငန်းများအပါအဝင် ညှိနှိုင်းရေးဆွဲထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းဖွဲ့စည်းပုံ (မူကြမ်း) နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၇ မှ*

အပ့်များဖြစ်ပြီး လေနှင့်ရေကို သန့်စင်ပေးခြင်း၊ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်ခြင်း၊ ရေလွှမ်းမိုးမှုကို လျော့နည်းစေခြင်း၊ မုန်တိုင်းဒဏ်ကို ကာကွယ်ပေးခြင်း၊ ရာသီဥတုကို ထိန်းညှိပေးခြင်း၊ အနားယူအပန်းဖြေနိုင်ခြင်း၊ သဘာဝအလှအပများ ပေးစွမ်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေသည်ဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

အဆိုရှင်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၏ အဆိုတင်သွင်းမှုအပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြန်လည်ဖြေကြားရာတွင် မကွေးတိုင်းဒေသကြီးအတွင်း ဂန့်ဂေါ၊ ပခုက္ကူ၊ မကွေး၊ မင်းဘူးနှင့် သရက်ခရိုင်တို့ပါဝင်ကာ ဧရိယာဧက ၁၁၀၇၅၄၀၅ ဧက၊ ၁၇၃၀၅ ဒသမ ၃၂ စတုရန်းမိုင် ကျယ်ဝန်းပါကြောင်း၊ သစ်တောဖုံးလွှမ်းမှုအနေဖြင့် ဧက ၅ ဒသမ ၀၇ သန်းရှိပြီး တိုင်းဒေသကြီးဧရိယာ၏ ၄၅ ဒသမ ၈၂ ရာခိုင်နှုန်း ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သစ်တောပျက်စီးပြုန်းတီးမှု လျော့နည်းသက်သာစေရေးနှင့် သစ်တောအတန်းအစား တိုးမြှင့်လာစေရန် ရည်ရွယ်လျက် ပုဂ္ဂလိကနှင့် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးလျက်ရှိရာ မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံပိုင်စိုက်ခင်းအဖြစ် ၁၉၈၁-၁၉၈၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ စီးပွားရေး ကျွန်းစိုက်ခင်းအပါအဝင် သစ်မာ၊ ကျေးရွာထင်းစိုက်ခင်း၊ ရေဝေရေလဲ၊ စက်မှုကုန်ကြမ်းစိုက်ခင်း ဧရိယာ စုစုပေါင်း ဧက ၂၇၂၄၉၀ နှင့် ပုဂ္ဂလိကစိုက်ခင်းအဖြစ် ၂၀၀၇-၂၀၀၈ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ကျွန်းနှင့်သစ်မာ စုစုပေါင်း ၁၂၅၉၄ ဧက အသီးသီး တည်ထောင်စိုက်ပျိုးပြီး ဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် နိုင်ငံပိုင်စိုက်ခင်းအဖြစ် ကျွန်း၊ ရေဝေရေလဲ၊ ကျေးရွာထင်းစိုက်ခင်း စုစုပေါင်း ဧက ၁၀၀၀ နှင့် ပုဂ္ဂလိကစိုက်ခင်းအဖြစ် စီးပွားရေးကျွန်းနှင့် သစ်မာစိုက်ခင်းစုစုပေါင်း ၁၅၅၇ ဧက တည်ထောင်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းဖြေကြားချက်အပြီးတွင် အဆိုရှင် ဒေါ်ယဉ်မင်းလှိုင်က ၎င်း၏ အဆိုအား မှတ်တမ်းတင် စောင့်ကြည့်ပေးပါရန် လွှတ်တော်သို့ ပန်ကြားရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောတူညီမှုရယူပြီး အဆိုကို မှတ်တမ်းတင် စောင့်ကြည့်ရန် အတည်ပြုပေးသည်။

**(သတင်းစဉ်)**

## စာမူပေးပို့ကြသူများအား မေတ္တာရပ်ခံခြင်း

**မြန်မာ့အလင်းသတင်းစာတိုက်သို့ ဆောင်းပါး၊ သတင်း၊ သတင်းဆောင်းပါးနှင့် ကာတွန်း၊ ကဗျာစာမူများ ပေးပို့ကြသည့် စာမူရှင်များ၊ သတင်းထောက်များသည် စာမူများသတင်းစာတွင် ဖော်ပြပြီးပါက စာမူခများချီးမြှင့်ရာ၌ လည်းကောင်း၊ စာမူနှင့်ပတ်သက်၍ ဆက်သွယ်မှုများပြုလုပ်ရာတွင် လည်းကောင်း လွယ်ကူလျင်မြန်စေရန်အတွက် နေရပ်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်များ ထည့်သွင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

မြန်မာ့အလင်းစာတည်းအဖွဲ့

# အာဆီယံပါလီမန်များ အထွေထွေညီလာခံကျင်းပရေးဦးစီးကော်မတီစည်းဝေး

**နေပြည်တော် ဇူလိုင် ၂၉**

(၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံကျင်းပရေး ဦးစီးကော်မတီ အစည်းအဝေး (၂/၂၀၁၆)ကို ပြည်ထောင်စုလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပရာ အစည်းအဝေးသို့ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးတီခွန်မြတ်၊ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်စုစုလွင်၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးဇော်သိန်းနှင့် အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အမှတ်(၁) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး 37th AIPA GA နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး အာဆီယံပါလီမန်များ ညီလာခံကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

အမှတ် (၁) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ အရာရှိတပ်ဖွဲ့ဝင်များအား လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီခွဲက ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်ခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်က အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က အမျိုးသားလူ့အခွင့်အရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့် အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ် (၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့အား ရဲမှူးချုပ် တင်ကိုကိုက လူ့အခွင့်အရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ ညွှန်ကြားရေးမှူး ဒေါက်တာ ခိုင်ခိုင်ဝင်း၊ အဖွဲ့ဝင် ဦးနေလွင်တို့က လူ့အခွင့်အရေးသဘောတရားများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံ၏မူလလူ့အခွင့်အရေးနှင့် တာဝန်များ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အဆင့်အတန်းခွဲခြားမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ ရဲလက်စွဲအား လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ခြင်း၊ ဥပဒေထုတ်ပြန်၍ သုံးသပ်ခြင်း၊ လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းထားရှိရခြင်းအကြောင်းအရာများ၊ တိုင်တန်းချက်များ လက်ခံဆောင်ရွက်ခြင်းများကို ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ်(၁၃)အား ကြားဖြတ်အမိန့်ချမှတ်

**နေပြည်တော် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအုန်းမြင့် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)မှ ကျောက်တန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၈(က)(ခ)(၁)(၂)နှင့် နည်းဥပဒေ ၈၇ အရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်က ကန့်ကွက်လွှာတင်သွင်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကန့်ကွက်လွှာအမှုအမှတ် (၁၃/၂၀၁၅) ဖြင့် လက်ခံခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးတင်မြင့်နှင့် ဦးမောင်မောင်လေးမြင့်တို့ ခုံအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၃)က စစ်ဆေးကြားနာလျက်ရှိရာ ယနေ့တွင် ကြားဖြတ် အမိန့်တစ်ရပ်အား ချမှတ်ခဲ့သည်။

အမှုမှ လျှောက်ထားခံရသူ ဒေါ်အေးမြမြမျိုးအား စစ်ဆေးမည့်အချိန်တွင် လျှောက်ထားသူ၏ ရှေ့နေက ရွေးကောက်ပွဲကျင်းပသည့် ကာလအတွင်း၌ ကျောက်တန်းမြို့နယ်အတွင်းရှိ မဲရုံများတွင် တရားမဲ့ပြုကျင့်မှုများကို လျှောက်ထားသူ ဦးအုန်းမြင့်၏ အခွင့်ရကိုယ်စားလှယ် ဦးမျိုးချစ်မှ တရားလိုပြုလုပ်၍ အမှုဖွင့်တိုင်ကြားခဲ့သော အမှုများကို ကျောက်တန်းမြို့နယ် တရားရုံးမှ လက်ခံစစ်ဆေးခဲ့ပြီး စီရင်ချက်အမိန့်ချမှတ်ခဲ့သော အဆိုပါပြစ်မှုများ၏ စီရင်ချက်တာဝန်ခံ မိတ္တူမှန်များသည် ယခုအမှုနှင့် စပ်ဆိုင်သဖြင့် သက်သေခံအဖြစ် လက်ခံခွင့်ပြုပါရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်း-၂ အရ လျှောက်ထားတင်ပြလာမှုအပေါ် လျှောက်ထားခံရသူ၏ရှေ့နေမှ လျှောက်ထားသူဘက်မှ သက်သေခံအဖြစ် လက်ခံခွင့်ပြုရန်တင်ပြသော ကျောက်တန်းမြို့နယ် တရားရုံး၏ စီရင်ချက်တာဝန်ခံမိတ္တူမှန်များသည် ပြစ်မှုဆိုင်ရာ တရားရုံး၏ စီရင်ချက် အမိန့်များဖြစ်၍ တရားမကျင့်ထုံးဥပဒေနှင့်အညီ စွဲဆိုစစ်ဆေးလျက်ရှိသော ကန့်ကွက်လွှာအမှုတွင် သက်သေခံအဖြစ် လက်ခံခွင့်မပြုသင့်ကြောင်း ကန့်ကွက်လျှောက်ထားတင်ပြလာရာ ရွေးကောက်ပွဲခုံအဖွဲ့(၃)မှ လျှောက်ထားသူ၏ တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်း-၂ အရ လျှောက်ထားမှုကိုပယ်ကြောင်းနှင့် ရှေ့နေစရိတ် သတ်မှတ်ခြင်းမရှိကြောင်း ဆုံးဖြတ်သည်ဟု သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပထမအကြိမ် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ပထမအကြိမ် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ဘဏ္ဍာရေးမှူး ဒေါ်နန်းအိအိဇော တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် မိုးရာသီစာအုပ်ဈေးရောင်းပွဲရှိ စာအုပ်အရောင်းဆိုင်များကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲကိုကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကား ပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များထဲတွင် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ရပ်အဖြစ် ခံယူထားကြောင်း၊ ထို့ကြောင့် စာပေသမားများ၊ စာအုပ်ထုတ်ဝေသူများ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းတိုင်ပင်၍ ၃၊ ၄ လ တစ်ကြိမ် စာပေဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများနှင့် စာအုပ်ဈေးရောင်းပွဲများ ပူးတွဲကျင်းပသည့် အစီအစဉ်တစ်ရပ် ပုံမှန် အကောင်အထည်ဖော်ရန် ညှိနှိုင်းတိုင်ပင်ခဲ့ကြောင်း၊ ပွဲဦးထွက်အဖြစ် ယနေ့ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီ စာအုပ်ဈေးရောင်းပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း။

ယခင်အစဉ်အဆက် စာတမ်းဖတ်ပွဲများ ကျင်းပခဲ့ပါကြောင်း၊ ခေါင်းစဉ်အမျိုးမျိုးနှင့် စုံစုံလင်လင် လုပ်ခဲ့သည်ကိုတွေ့ရကြောင်း၊ ဘာသာပြန်စာတမ်းဖတ်ပွဲ၊ သိပ္ပံစာပေ နှီးနှောဖလှယ်ပွဲစသည်ဖြင့် ဝတ္ထုတို၊ ဝတ္ထုရှည်၊ သုတစာပေ စသည်ဖြင့် ကဏ္ဍစုံလင်စွာ စာတမ်းဖတ်ပွဲများ ကျင်းပခဲ့ပါကြောင်း၊ ယနေ့ကျင်းပသည့် စာတမ်းဖတ်ပွဲ၊ စာပေဆွေးနွေးပွဲသည် နိုင်ငံရေးအရ ပိုပြီးပွင့်လင်းမှု လွတ်လပ်မှုရှိလာသည့် အနေအထားကို ထင်ဟပ်ပေါ်လွင်စေသော သဘောဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ စာတမ်းဖတ်ပွဲတွင် နိုင်ငံရေးစာပေကဏ္ဍကို ပြန်လည်သုံးသပ်ဆွေးနွေးကြရန်ရှိကြောင်း၊ မြန်မာစာပေနယ်ထဲတွင် နိုင်ငံရေးနှင့်ပတ်သက်သည့် စာပေမည်မျှရှိပြီး မည်သည့်ကဏ္ဍတွင် မည်မျှထွန်းကား၍ မည်သည့်ကဏ္ဍများတွင် လစ်ဟာမှုနှင့် ဖြည့်တင်းရန်လိုအပ်သည်ကို သုံးသပ်ဆွေးနွေးကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ စာတမ်းဖတ်ပွဲများ ပြုလုပ်သည့် ရည်ရွယ်ချက်သည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးဟု ပြော၍ ရကြောင်း။

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရာတွင် အစဉ်အဆက်ရှိခဲ့သည့် လမ်းညွှန်စကားတစ်ခုရှိကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင် ကာလကတည်းကရှိခဲ့သည့် စာပေပညာရှင်ကြီးများ ပြောခဲ့ဆိုခဲ့သည့် စကားတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာကို မြန်မာကသိဖို့၊ မြန်မာကို ကမ္ဘာကသိဖို့နှင့် မြန်မာကို မြန်မာတို့ သိဖို့ဖြစ်ကြောင်း။

အဆိုပါကဏ္ဍ သုံးရပ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကိုလည်း မိမိတို့၏တာဝန်အနေဖြင့် အလေးအနက်ခံယူပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများ အသိပညာ ဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကဏ္ဍသုံးရပ်၊ သိမှုသုံးရပ်ကို ဖြည့်ဆည်းနိုင်ရန် မိမိတို့အနေဖြင့် မြန်မာစာပေသမားများ၊ စာပေဆိုင်ရာ အသင်းအဖွဲ့များ၊ စာအုပ်ထုတ်ဝေသူ၊ ပုံနှိပ်သူ စသည်ဖြင့် လုပ်ငန်းရှင်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသော အားပေးကူညီလိုသော တစ်ဦးချင်းသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးနှင့် လက်တွဲပူးပေါင်းသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

စာတမ်းဖတ်ပွဲပထမနေ့ နံနက်ပိုင်းတွင် သဘာပတိများအဖြစ် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဦးအောင်ရှင် (မုံရွာအောင်ရှင်)နှင့် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) တို့က ဆောင်ရွက်ကြသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က စာတမ်း ဖတ်ကြားကြမည့် စာတမ်းရှင်များနှင့်မိတ်ဆက်ပေးသည်။

ဆက်လက်၍ စာတမ်းရှင်ဒေါက်တာ တင်လှိုင်(ဘိုးလှိုင်)က “ နဂါးနီ၏ နိုင်ငံရေးစာပေ”၊ ဒေါက်တာကျော်ဝင်း (ပါမောက္ခ-ငြိမ်း)က “၁၉၄၇ခုနှစ် အခြေခံဥပဒေနှင့် ခွဲထွက်ခွင့်ပြဿနာများ” နှင့် ဦးဇော်သက်ထွေး(ဇော်သက်ထွေး)က “ အာဏာရှင်ခေတ်တွင် ပြည်ပရောက်သွားသော စာရေးဆရာများ ထုတ်ဝေရေးသားခဲ့သည့် နိုင်ငံရေးစာပေ စာအုပ်များ” စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် သဘာပတိများအဖြစ် ဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်)၊ ဒေါက်တာကျော်ဝင်း(ပါမောက္ခ-ငြိမ်း)နှင့် ဦးအေးချို(ဦးအေးချို-မဟာဝိဇ္ဇာ)တို့က ဆောင်ရွက်ကြသည်။

ထို့နောက် စာတမ်းရှင်ဦးအောင်ရှင် (မုံရွာအောင်ရှင်)က “၁၉၆၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နိုင်ငံရေးကဗျာများ”၊ ဦးမြင့်ဆွေ(မြင့်ဆွေဦး)က “နိုင်ငံရေးစာပေအစ နဂါးနီက” နှင့် ဦးကျော်မင်းယု (ကိုဂျင်မီ)က “ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပါအဝင် နိုင်ငံရေးစာပေများ ရှင်သန်ဖွံ့ဖြိုးရေး” ဆိုင်ရာ စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြကာ ပထမနေ့စာတမ်းဖတ်ပွဲကို ရပ်နားသည်။

စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ စာတမ်းရှင်များ၊ နိုင်ငံရေးနှင့် စာပေနယ်ပယ်များမှ ပညာရှင်များ၊ စာပေဝါသနာရှင်များ၊ နိုင်ငံရေးနှင့် နိုင်ငံရေးစာပေစိတ်ဝင်စားသူများ၊ ဖိတ်ကြားထားသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)က “ရှေးခေတ် မြန်မာ့နိုင်ငံရေးစာပေ”၊ ဦးသန်းဌေး(သင့်နော်)က “လက်လှမ်းမီသမျှ မြန်မာ့နိုင်ငံရေးစာပေ အင်အားစုသို့ချဉ်းကပ်ခြင်း”၊ ဦးအောင်မြင့်ဦး (အောင်မြင့်ဦး-လူထု)က “ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ မိန့်ခွန်းများထဲမှ နိုင်ငံရေးအဘိဓမ္မာ” စာတမ်းကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဦးအေးမောင် (အေးမောင်ကျော်)က “လစ်ဘရယ်ဒီမိုကရေစီကောက်ကြောင်းနှင့် မြန်မာ့အကူးအပြောင်း”၊ ဦးမိုးမြင့်ဝင်း (မိုးမြင့်ဝင်း-နည်းပညာ)က “ဖဆပလဝန်ကြီးချုပ်သခင်နု၏ ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်မှုကို လေ့လာသုံးသပ်ချက်”၊ ဦးကျော်ဇံလှ(ညီစေမင်း)က “နိုင်ငံရေးစာပေများကပြောတဲ့ တိုင်းရင်းသားလက်နက်ကိုင်လှုပ်ရှားမှုများ” စာတမ်းများကိုလည်းကောင်း ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဇူလိုင်၃၀ နှင့် ၃၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး ပထမအကြိမ် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်






ကျောင်းသား ကျောင်းသူများ မိုးရာသီစာအုပ်ဈေးပွဲတော်ရှိ စာအုပ်အရောင်းဆိုင်များမှ စာအုပ်များကို ကြည့်ရှုလေ့လာစဉ်

# စာပေဝါသနာရှင်များ အလွယ်တကူဝယ်ယူဖတ်ရှုနိုင်ရန် စာပေဗိမာန်တိုးချဲ့စာအုပ်ဆိုင်သစ် ယနေ့ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၂၉**

စာပေဝါသနာရှင်များ စာပေကို ပိုမိုလေ့လာနိုင်ရန်နှင့် အလွယ်တကူဝယ်ယူဖတ်ရှုနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနကရန်ကုန်မြို့ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်တွင် ဖွင့်လှစ်ထားသည့် စာပေဗိမာန် စာအုပ်ဆိုင်အပြင် တိုးချဲ့စာအုပ်ဆိုင်အသစ်ကို ယနေ့ ဖွင့်လှစ်လိုက်သည်။

“ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ စာပေဗိမာန်ကနေပြီး မြန်မာစာပေတိုးတက်ပြန့်ပွားရေးအတွက် ဆောင်ရွက်နေတာတွေရှိတယ်၊ များပြားလာတဲ့ စာဖတ်ပရိသတ်အတွက် စာပေဗိမာန်စာအုပ်ဆိုင်အပြင် တိုးချဲ့စာအုပ်ဆိုင်အသစ်ကို ဖွင့်လှစ်ခဲ့တာပါ၊ စာဖတ်ပရိသတ်တွေ ယခင်စာအုပ်ဆိုင်မှာရော အခု တိုးချဲ့လိုက်တဲ့ စာအုပ်ဆိုင်မှာပါ အလွယ်တကူ ဝယ်ယူဖတ်ရှုနိုင်ပြီဖြစ်ပါတယ်” ဟု ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ပြောသည်။

အဆိုပါ အသစ်ဖွင့်လှစ်လိုက်သည့် တိုးချဲ့စာအုပ်ဆိုင်တွင် စာပေဗိမာန်ထုတ်စာအုပ်များ၊ ဘာသာရေးစာအုပ်များ၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်များ၊ ဘာသာပြန်သုတရသစာအုပ်များ၊ ပုံပြင်၊ ဇာတ်နိပါတ်စာအုပ်များ၊ ကဗျာစာအုပ်များနှင့် မဂ္ဂဇင်းစာအုပ်များကို တစ်နေရာတည်းတွင် အလွယ်တကူဝယ်ယူနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

စာပေဗိမာန်တိုးချဲ့စာအုပ်ဆိုင်သစ်သို့ စာအုပ်လာရောက်ဝယ်ယူသူ မော်ဘီနည်းပညာတက္ကသိုလ်မှ ကျောင်းသား ကိုသိန်းထွန်းဇော်က “ကျွန်တော်တို့ကျောင်းမှာ ကျောင်းသားတွေချည်းပဲ ထူထောင်ထားတဲ့ စာကြည့်တိုက်ရှိပါတယ်၊ လကုန်ခါနီးတိုင်း စာအုပ်တွေလာဝယ်တယ်၊ အခုဝယ်ဖြစ်တာကတော့ ကလေးတွေဖတ်ဖို့ ပုံပြင်စာအုပ်ဖြစ်ပါတယ်။ ဒီမှာ လာဝယ်ရတာ အဆင်ပြေပါတယ်၊ စာအုပ်အခင်းအကျင်းတွေလည်း ကောင်းပါတယ်။ ရှာရတာလည်း လွယ်ကူပါတယ်”ဟု ပြောသည်။

စာအုပ်ဆိုင်သစ်၏ အရောင်းဌာနတာဝန်ခံ ဒေါ်မြင့်သီတာခိုင်ကလည်း “ စာအုပ်ပိုပြီး ခင်းကျင်းနိုင်အောင်ရယ်၊ ခင်းဖို့နေရာပိုရအောင်ရယ်အတွက် ၃၇ လမ်းမှာ တိုးချဲ့ဖွင့်လှစ်ဖို့ စီစဉ်ခဲ့တာပါ။ ကုန်သည်လမ်းစာအုပ်ဆိုင်နဲ့ သီးခြားမဟုတ်ဘဲ စာအုပ်အမျိုးအစား အစုံအလင်ဖွင့်လှစ်ခင်းကျင်းထားပါတယ်။ စာဖတ်ပရိသတ်တွေအနေနဲ့ ပိုပြီးအဆင်ပြေပါတယ်၊ ဒီခေတ်ရဲ့ စာပေအားပေးနှုန်းက အရင်ကနဲ့ယှဉ်ရင်တော့ ဖတ်နှုန်းလျော့နည်းသွားတာတွေ့ရပါတယ်။ ဒါပေမယ့် ကျွန်မတို့စာအုပ်ဆိုင်အနေနဲ့ကြည့်ရင်တော့ စာဖတ်သူတွေ တဖွဲဖွဲလာရောက်ဝယ်ယူဖတ်ရှုနေကြပါတယ်”ဟု ပြောသည်။

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက ဖွင့်လှစ်ထားသည့် စာပေဗိမာန်စာအုပ်ဆိုင်နှင့် တိုးချဲ့စာအုပ်ဆိုင်ကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များနှင့် အများပြည်သူရုံးပိတ်ရက်များမှအပ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး စာဖတ်ပရိသတ်များအတွက်လည်း ထွက်ရှိသည့်စာအုပ်များကို အွန်လိုင်းဝက်ဘ်ဆိုက်တွင် အလွယ်တကူဝင်ရောက်ကြည့်ရှုနိုင်ရန် စာပေဗိမာန်ဝက်ဘ်ဆိုက်ကို လွှင့်ထူထားကြောင်း သိရသည်။

**သတင်း - မင်းသစ်(သတင်းစဉ်)**
**မြတ်စန္ဒီသင်းဇော်**

# အမေရိကန်အတွက် တည်ငြိမ်သောခေါင်းဆောင်အဖြစ် မိမိကိုယ်မိမိ ကလင်တန်သတ်မှတ်

**ဝါရှင်တန် ဇူလိုင် ၂၉**

အမေရိကန် သမ္မတလောင်း ဟီလာရီကလင်တန်က ကြောက်စရာကောင်းပြီး စိတ်ဆတ်သော ဒေါ်နယ်ထရန့်နှင့် နှိုင်းယှဉ်၍ ၎င်းကိုယ်၎င်း အမေရိကန်နိုင်ငံသားများအတွက် တည်ငြိမ်သောခေါင်းဆောင်အဖြစ် သတ်မှတ်ခဲ့ကြောင်း ဇူလိုင် ၂၉ ရက်က ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။




နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲအတွက် ဟီလာရီကလင်တန်သည် လူသားတိုင်းအတွက် အကျိုးပြုသော အမေရိကန်ဖြစ်ရမည် ဟူသော ကတိပေးမှုဖြင့် ဒီမိုကရက်တစ်သမ္မတလောင်းရွေးချယ်မှုကို ဇူလိုင် ၂၈ ရက်က လက်ခံခဲ့သည်။

အမေရိကန် ရင်ဆိုင်ရမည့် အနေအထားတွေကို ရှင်းရှင်းလင်းလင်း သိရမည်ဖြစ်ကြောင်း သို့သော် စိုးရွံ့မှုတော့မရှိကြောင်း ဟီလာရီကလင်တန်က ပြောခဲ့သည်။

ဟီလာရီကလင်တန်သည် ပြိုင်ဘက်ဒေါ်နယ်ထရန့်ထက် အမေရိကန်ကို ပိုမို၍ မြှုးကြွသောအသွင်သစ်ဖြင့် ဆက်လက်ချီတက်ချင်သည့် အနေအထားကိုတင်ပြပြီး ဒေါ်နယ်ထရန့်အား ကမ္ဘာကြီးနှင့် အမေရိကန်ကို ခွဲခြားရန်ကြိုးစားသူအဖြစ် ဖော်ပြခဲ့သည်။ ထို့အပြင် ကလင်တန်က ထရန့်အား နိုင်ငံ၏ ရန်သူအဖြစ် ထုတ်ဖော်ပြောဆိုခဲ့သည်။

ဟီလာရီကလင်တန်သည် အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံရပါက ၎င်း၏ ရွေးချယ်တင်မြှောက်ခြင်းခံရမှုသည် သမိုင်းတွင်မည့် ဖြစ်ရပ်ဖြစ်သည်။

(ရိုက်တာ)

# အင်ဒိုနီးရှားနိုင်ငံတွင် မူးယစ်ဆေးဝါးမှုဖြင့် လူလေးဦးကို ခေါင်းဖြတ်ကွပ်မျက်



**ဂျကာတာ ဇူလိုင် ၂၉**

အင်ဒိုနီးရှားနိုင်ငံသည် မူးယစ်ဆေးကုန်ကူးမှုအပြင် အခြားပြစ်မှုများကျူးလွန်သူ နိုင်ဂျီးရီးယားနိုင်ငံသား သုံးဦးအပါအဝင် လူလေးဦးကို ခေါင်းဖြတ်ကွပ်မျက်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံသား သုံးဦးနှင့် အင်ဒိုနီးရှားနိုင်ငံသားတစ်ဦးတို့ကို ဇူလိုင် ၂၉ ရက်အစောပိုင်းက ခေါင်းဖြတ်ကွပ်မျက်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံတရားစီရင်ရေး အာဏာပိုင်များက ပြောသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြစ်ဒဏ်ကိုဆိုင်းငံ့ထားရန် တောင်းဆိုခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ထို့အပြင် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များကလည်း သေမိန့်မချရန် အင်ဒိုနီးရှားနိုင်ငံအား တောင်းဆိုခဲ့သော်လည်း အချည်းအနှီးဖြစ်ခဲ့သည်။

သမ္မတ ဂျိုကိုဝီဒိုဒိုသည် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရာ၌ တိကျပြတ်သားသူဖြစ်ပြီး တစ်နေ့လျှင် မူးယစ်ဆေးဝါးဖြန့်ဖြူးမှုဖြင့် လူ ၄၀၊ ၅၀ လောက် သေဆုံးကြောင်းပြောခဲ့သည်။

(အင်န်အိတ်ချ်ကေ)

## ကမ္ဘာ့ဂျီဟတ်တိုက်ခိုက်ရေးကွန်ရက်နှင့် ဆက်သွယ်လုပ်ဆောင်မှုများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အယ်နူစရာတပ်ဦးကြေညာ

**ဘေရွတ် ဇူလိုင် ၂၉**

အိုစမာဘင်လာဒင်တည်ထောင်ခဲ့သော ကမ္ဘာ့ဂျီဟတ်တိုက်ခိုက်ရေးကွန်ရက်နှင့် ဆက်သွယ်လုပ်ဆောင်မှုများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အယ်ခိုင်ဒါ၏ စွမ်းရည်ပြည့် ဆီးရီးယားတိုက်ခိုက်ရေးအဖွဲ့ခွဲ အယ်နူစရာတပ်ဦးသည် ဇူလိုင် ၂၈ ရက်က ကြေညာခဲ့သည်။

ရုရှားနှင့် သမ္မတဘတ်ရှာ အယ်လ်အာဆတ်အစိုးရတို့ အလက်ပိုရှိသူပုန်ထိန်းချုပ်ဒေသတွင် လူသားချင်းစာနာထောက်ထားမှုစစ်ဆင်ရေး တစ်ရပ်ဆင်နွှဲမည်ဟု ကြေညာပြီးနောက် ထိုသို့အယ်နူစရာတပ်ဦးအနေဖြင့် ကမ္ဘာ့ဂျီဟတ်တိုက်ခိုက်ရေးကွန်ရက်နှင့် ဆက်သွယ်လုပ်ဆောင်မှုများ ပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။

(ရိုက်တာ)



# အမေဇုန်တည်ထောင်သူ ဂျက်ဖ်ဘီဇော့ ကမ္ဘာ့တတိယအချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်လာ

**လန်ဒန် ဇူလိုင် ၂၉**

အမေဇုန်မှ ဝင်ငွေများရရှိမှု၊ ကုမ္ပဏီ၏စတော့ရှယ်ယာများ မြင့်တက်လာမှုတို့ကြောင့် အမေဇုန်တည်ထောင်သူ ဂျက်ဖ်ဘီဇော့သည် ကမ္ဘာ့တတိယအချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်လာခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဇူလိုင် ၂၉ ရက်က ဖော်ပြခဲ့သည်။

မစ္စတာဘီဇော့သည် အမေဇုန်၏ ရှယ်ယာ ၁၈ ရာခိုင်နှုန်းခန့် ပိုင်ဆိုင်ထားပြီး ယင်းရှယ်ယာများသည် ဇူလိုင် ၂၈ ရက်က နှစ်ရာခိုင်နှုန်းထိ ထိုးတက်သွားခဲ့သည်။ ဖော့မဂ္ဂဇင်းက ဤအတိုင်းသာဆက်သွားပါက ၎င်းသည် အနာဂတ်တွင် အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၃ ဘီလီယံ (ပေါင် ၄၉ ဒသမ ၅ ဘီလီယံ) လောက်အထိ ကြွယ်ဝချမ်းသာလာမည်ဖြစ်ကြောင်း ခန့်မှန်းခဲ့သည်။

အမေဇုန်၏ ဝင်ငွေသည် ခန့်မှန်းတွက်ချက်သူများ၏ ခန့်မှန်းမှုများကို ကမောက်ကမဖြစ်စေကာ လွန်ခဲ့သောနှစ်တွင် ၃၁ ရာခိုင်နှုန်းမှ ယခုဒုတိယလေးလပတ်အထိ ၃၀ ဒသမ ၄ ဘီလီယံအထိ မြင့်တက်လာခဲ့သည်။ ယမန်နှစ် ၂၀၁၅ ခုနှစ်က ရရှိခဲ့သော အကျိုးအမြတ် ဒေါ်လာ ၉၂ မီလီယံနှင့် နှိုင်းယှဉ်ကြည့်လျှင် ယခုအီးကောမာ့စ်မှရရှိသော အကျိုးအမြတ်သည် ဒေါ်လာ ၈၅၇ မီလီယံအထိ တိုးတက်ရရှိခဲ့သည်။

(ဘီဘီစီ)

# တိုင်ဖွန်းမုန်တိုင်း ဗီယက်နမ်မြောက်ပိုင်းဝင်ရောက် ဒဏ်ရာရ သေဆုံးသူများရှိကာ အပျက်အစီးများပြား

**ဟနွိုင်း ဇူလိုင် ၂၉**

ဇူလိုင် ၂၈ ရက်ညက ဗီယက်နမ်မြောက်ပိုင်းကို ဝင်ရောက်သွားသော တိုင်ဖွန်းမုန်တိုင်း မီရီနေကြောင့် ဇူလိုင် ၂၉ ရက်အထိ လူလေးဦးသေဆုံးခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကာ တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

နန်ဒင်မြောက်ပိုင်းတွင် တိုင်ဖွန်းမီရီနေ ဝင်ရောက်တိုက်ခတ်ပြီးနောက် လျှပ်စစ်မီးတိုင်ပြိုလဲကာ လူသုံးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်းသတင်းစာ ဘိုဂျော်သောင် (ပို့ဆောင်ရေးသတင်းစာ) တွင်ဖော်ပြသည်။

မုန်တိုင်းအရှိန်ကြောင့် ဇူလိုင် ၂၈ ရက်အစောပိုင်းတွင် မိုးသက်လေပြင်းများကျရောက်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဗီယက်နမ်မြို့တော် ဟနွိုင်းတွင် လူတစ်ဦးသေဆုံးခဲ့သည်။



မုန်တိုင်းကြောင့် လူလေးဦးသေဆုံးခဲ့သည့်အပြင် ရှစ်ဦး (ဟနွိုင်းမှ ငါးဦး၊ ထိုင်ငုယင် ပြည်နယ်မှသုံးဦး) ဒဏ်ရာရရှိခဲ့ကာ သန်ဟွာပြည်နယ်တွင်တစ်ဦး ပျောက်ဆုံးခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန စိုက်ပျိုးရေးဌာန ဒုတိယညွှန်ကြားရေးမှူး ထရန်ကွမ်ဟွာက အွန်လိုင်းသတင်းစာတွင် ဇူလိုင် ၂၉ ရက်က ပြောခဲ့သည်။

တိုင်ဖွန်းမုန်တိုင်းကြောင့် အိမ်ပေါင်း ၁၄၀၀ အမိုးများလန်ထွက်ကာ ပျက်စီးခဲ့ပြီး လှေ ၁၂ စင်း နစ်မြုပ်သွားခဲ့သည်။ စိုက်ပျိုးရေးဟက်တာပေါင်း ၁၉၆၀၀၀ ကျော် ပျက်စီးခဲ့သည့်အပြင် သီးနှံစိုက်ဟက်တာ ၂၁၀၀၀ ကျော်ပျက်စီးခဲ့သည်။ ထို့အပြင် အပင်ပေါင်း ၅၀၀၀ အမြစ်များမှ ကျွတ်ထွက်ခဲ့သည်။ လျှပ်စစ်မီးများလည်း နန်ဒင်တွင် ဇူလိုင် ၂၇ ရက်ကတည်းက ပြတ်တောက်ခဲ့သည်။

(ဆင်ဟွာ)

# ပူတင်နဲ့ထရန့်ကြား ချိတ်ဆက်မှုတွေရှိနေသည်လား

**ခြုံးစနှီးနွေး**

ရုရှားအေးဂျင့်တို့ကြောင့် အီးမေးလ်ပေးပို့မှုကိစ္စပေါက်ကြားမှုနှင့် ပတ်သက်၍ ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန် စုံစမ်းစစ်ဆေးခံခဲ့ရပြီးနောက် ယင်းဖြစ်ရပ်သည် ရီပတ်ဘလစ်ကန်ဘက်မှ ဒေါ်နယ်ထရန့်ကို အားပေး ကူညီသလိုဖြစ်သွားခဲ့သည်။

ဤကဲ့သို့ဆိုလျှင် နယူးယောက်မှ စီးပွားရေးလုပ်ငန်းရှင်နှင့် မော်စကိုတို့ကြား ချိတ်ဆက်မှုတစ်ခုခုများရှိနေမလား။

စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သူ ဒေါ်နယ်ထရန့်နှင့် ရုရှားတို့ကြား ပတ်သက်ဆက်နွယ်မှုများရှိနေမလားဟူသော မေးခွန်းများကို ပညာရှင်များစွာတို့က မေးလာခဲ့ကြသည်။ အမေရိကန်ရွေးကောက်ပွဲမှာပင် ရုရှားတို့ဝင်ရောက်စွက်ဖက်နိုင်ပြီလားဟူ၍ သံသယများဝင်လာကြသည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလာဗ်ရိုဖ့်ကမူ ယင်းကဲ့သို့စွပ်စွဲမှုကို အခိုင်အမာပင် ငြင်းဆိုခဲ့သည်။

ထိုသို့ဆိုလျှင် ဒေါ်နယ်ထရန့်နှင့် ရုရှားတို့ကြား အချိတ်အဆက်တွေက ဘာတွေလဲ။

**၁။ အီးမေးလ်ဖောက်ထွင်းခံရမှု**

ဒီမိုကရက်တစ်ညီလာခံသည် ဒီမိုကရက်တို့၏ စုစည်းညီညွတ်မှုကိုပြသရန် ရည်ရွယ်ခဲ့သည်။ သို့သော် ဒီမိုကရက်တစ်အမျိုးသားကော်မတီ အီးမေးလ်အဟောင်းများသည် ရှုပ်ထွေးမှုကို ဖြစ်ပေါ်လာစေခဲ့သည်။

သုတေသီများကမူ ဒီမိုကရက်တစ်အမျိုးသား ကော်မတီသည် ရုရှားထောက်လှမ်းရေး အေဂျင်စီနှစ်ခု၏ ထိုးဖောက်စုံစမ်းမှုကို ခံခဲ့ရကြောင်း နယူးယောက်တိုင်းမ်သတင်းစာတွင် သုံးသပ်ပြောကြားခဲ့သည်။ ဘိစ်တင်းစာက သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်ထရန့်အသာစီးရရေး ရုရှားထောက်လှမ်းရေးအေဂျင်စီများက ကူညီဆောင်ရွက်ခဲ့သည်ဟု အမေရိကန်အရာရှိအချို့က ယခုအခါ ထင်မြင်ယူဆလာသည်ဟု ဖော်ပြခဲ့သည်။

ဒေါ်နယ်ထရန့်နှင့် ၎င်း၏အဖွဲ့ကမူ ရုရှားတို့နှင့်ဆက်နွယ်ပတ်သက်မှုမရှိဟု ငြင်းဆိုခဲ့သည်။ အီးမေးလ်ကိစ္စပေါက်ကြားမှုနှင့် ပတ်သက်၍ ဒေါ်နယ်ထရန့်၏ လက်ချက်ဟု သက်သေပြစရာလည်း မရှိပေ။



**၂။ ရုရှားဘက်ယိမ်းသည့် ဝန်ထမ်းများ**

ဒေါ်နယ်ထရန့် မဲဆွယ်စည်းရုံးရေးအဖွဲ့ခေါင်းဆောင် ပေါလ်မန်နာဖို့ဒ်သည် အရှေ့ဥရောပတွင် နိုင်ငံရေးအကြံပေးအဖြစ် ဆယ်စုနှစ်ပေါင်း များစွာလုပ်ကိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် ယူကရိန်းဝန်ကြီးချုပ်ဟောင်း ဗစ်တာယာနုကိုဗစ်ရှ်နှင့်လည်း အနီးကပ်ဆက်ဆံကာ အလုပ်လုပ်ဖူးသူဖြစ်သည်။ ဗစ်တာသည် သမ္မတပူတင်၏ မဟာမိတ်ဟု ကျော်ကြားသူလည်းဖြစ်သည်။ ဂျာနယ်လစ်တစ်ဦးဖြစ်သူ ဂျိုစ့်မာရှယ်ကလည်း ထရန့်၏ရုရှားနှင့် ပတ်သက်သည့် ဆက်ဆံရေးကို မေးခွန်းထုတ်ခဲ့သည်။

ဒေါ်နယ်ထရန့်၏ နိုင်ငံခြားရေးမူဝါဒအကြံပေး ပုဂ္ဂိုလ် ကာတာပေ့ချ်သည် ရုရှားနိုင်ငံ၏ စွမ်းအင်ကုမ္ပဏီတစ်ခုဖြစ်သည့် ဂေ့စ်ပရွန်း၏ အလုပ်သမားခန့်အပ်ထားရှိမှုနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များတွင် ထဲထဲဝင်ဝင်ပတ်သက်ဆက်နွယ်နေသည်ဟု မာရှယ်ကဝေဖန်ထားသည်။ မစ္စတာပေ့ချ်သည် ၂၀၀၇ ခုနှစ်တွင် ဂေ့စ်ပရွန်းမှ နုတ်ထွက်ခဲ့ပြီး ထိုအချိန်မှစ၍ ရုရှား၌ရင်းနှီးမြှုပ်နှံမှု မဆိုသလောက်သာ ရှိတော့သည်ဟု မာရှယ်၏ ဝေဖန်ချက်ကိုစာရေးဆရာ ဂျက်ဖရီကားလ်က တုံ့ပြန်ချေပခဲ့သည်။

**၃။ ရီပတ်ဘလစ်ကန်တို့၏ မူဝါဒကြေညာချက်ပြောင်းလဲမှု**

ရီပတ်ဘလစ်ကန် အမျိုးသားကော်မတီသည် လွန်ခဲ့သောသီတင်းပတ်က ကလိဗလင်းမြို့၌ ထရန့်၏ဝန်ထမ်းများပြုလုပ်ခဲ့သည့် အစည်းအဝေးဖိအားများကြားမှပင် ၎င်းတို့၏ရုရှားအပေါ်အမြင်များကို ပြောင်းလဲခဲ့သည်။ ကိုယ်စားလှယ်တစ်ဦးက ယူကရိန်းနိုင်ငံ အရှေ့ပိုင်း၌ ရုရှားတို့က ကျောထောက်နောက်ခံပြုထားသော သူပုန်များနှင့် တိုက်ပွဲများဖြစ်ပွားရာတွင် အမေရိကန်က ထောက်ပံ့ထားသော အဖျက်ပြင်းအားများသည့် လက်နက်ကြီးများနှင့် ပတ်သက်၍ ပြင်ဆင်ရန်အဆိုပြုထားသည်။ ရုရှားတို့သည် ဘောလတစ်ဒေသကို ကျူးကျော်နိုင်သည်ဟုဆိုကာ နေတိုး၏ ပါဝင်ပတ်သက်မှုကိုလည်း လက်ခံမည်မဟုတ်ဟု ထရန့်က နယူးယောက်တိုင်းမ်သို့ဖြေကြားခဲ့သည်။

**၄။ ဘဏ္ဍာရေးဆိုင်ရာပတ်သက်ဆက်နွယ်မှုများ**

ဒေါ်နယ်ထရန့်သည် အမေရိကန်ဘဏ်များနှင့် လုပ်ငန်းကိစ္စများဆောင်ရွက်ခြင်းမရှိ။ မာရှယ်၏ အဆိုအရ ထရန့်သည် ၎င်း၏စီးပွားရေး အင်ပါယာကို ရုရှားနိုင်ငံမှ မြို့တော်ကြီးတွင် အခိုင်အမာတည်ဆောက်ထားသည်ဟု ဝေဖန်ခဲ့သည်။ နယူးယောက်တိုင်းမ်က ဖော်ထုတ်ထားသော အငြင်းပွားဖွယ်ကိစ္စများအရ ရုရှားနှင့်ကာဇက်စတန်တို့၌ ဘဏ္ဍာရေးအရ သံသယဖြစ်ဖွယ်ကိစ္စများရှိသည်ဟုလည်း ဝေဖန်ကြသည်။ ဒေါ်နယ်ထရန့်ကိုယ်တိုင်ကမူ ရုရှားနိုင်ငံတွင် သူ၏ရင်းနှီးမြှုပ်နှံမှုများ လုံးဝမရှိဟုပြောကြားခဲ့သည်။ ကုမ္ပဏီအများစုက ရုရှားနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ကြိုးပမ်းနေချိန်တွင် ထရန့်ကမူ ရုရှားနိုင်ငံ၌ သိသာထင်ရှားသည့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းမရှိဟု ဂျူလီယာလိုဖီက နိုင်ငံခြားရေးမူဝါဒတွင် ရေးသားခဲ့သည်။ အိမ်ခြံမြေလုပ်ငန်းကုမ္ပဏီများသည် ရုရှားစီးပွားရေးလုပ်ငန်းများနှင့် ဆက်နွယ်မှုရှိခြင်းသည် ထူးခြားသောကိစ္စတော့ မဟုတ်ပေ။ ယင်းအကြောင်းအရာများသည် ထရန့်၏ နိုင်ငံရေးအမြင်ကို လွှမ်းမိုးမှုရှိသည်ဟုဆိုရအောင်လည်း သက်သေအထောက်အထားမရှိပေ။

ရုရှားသမ္မတပူတင်က ထရန့်သည် ထက်မြက်ပြီး ပင်ကို အရည်အချင်း ရှိသူဟု ပြောဆိုခဲ့သည်။ ထရန့်ကလည်း ပူတင်၏နိုင်ငံရေးအင်အားစုများနှင့် ပတ်သက်၍ အလေးထားကြောင်း ပြောခဲ့သည်။

ဟီလာရီကလင်တန်၏ အကြံပေးဖြစ်သူ ဂျွန်ပိုဒက်စ်တာက တီဗွီအစီအစဉ်၌ အီးမေးလ်ဖောက်ထွင်းခံရမှုနှင့်ပတ်သက်၍ မေးမြန်းခြင်းခံရသည့်အခါ ပူတင်နှင့်ထရန့်တို့ကြား ရင်းနှီးမှုရှိသယောင် မြင်တွေ့နေရသည်ဟု ဖြေကြားခဲ့သည်။

သို့သော် ၎င်းတို့နှစ်ဦးကြား ပတ်သက်မှုအမှန်တကယ်ရှိ မရှိကိုမူ မသိဟုလည်း ပြောခဲ့သည်။ အမေရိကန်သမ္မတ အိုဘားမားကမူ ကလင်တန်၏ အီးမေးလ်ဖောက်ထွင်းခံရမှုမှာ ရုရှားတို့၏ လက်ချက်ဟူ၍ သူမသိကြောင်း အန်ဘီစီသို့ပြောခဲ့သည်။ ထို့ပြင် အိုဘားမားက သူကောင်းကောင်းသိသည့်အချက်မှာ ဒေါ်နယ်ထရန့်က သမ္မတပူတင်ကောင်းကြောင်း ခဏခဏထုတ်ဖော်ပြောကြားခြင်းပင် ဖြစ်သည်ဟု ပြောခဲ့သည်။ ရုရှားတို့ဘက်မှလည်း ဟီလာရီကလင်တန်ကို နှစ်ခြိုက်မှုမရှိဘဲ ထရန့်သမ္မတဖြစ်မှသာလျှင် ၎င်းတို့နှင့် ဆက်ဆံရေးပို၍ကောင်းလာမည်ဟု ရှုမြင်ကြောင်း ဂျူလီယာလိုဖီက တင်ပြထားသည်။ သို့သော် ယင်းအချက်မှာ သမ္မတပူတင်နှင့်ထရန့်ကြား လျှို့ဝှက်သဘောတူညီမှုရှိသည်ဟုလည်း မဆိုနိုင်ပေ။ နောက်ဆုံးကောက်ယူထားသည့်မဲများအရလည်း ယင်းအချက်သည် အမေရိကန်မဲဆန္ဒရှင်များ ကွဲပြားသွားစေရေး ထိရောက်သည့် ကိစ္စလည်း မဟုတ်ပေ။ တစ်ဖက်မှကြည့်လျှင် ဟီလာရီကလင်တန်သည် ဒီမိုကရက်တစ်ပါတီ၏ ပထမဦးဆုံး အမျိုးသမီးသမ္မတလောင်းဖြစ်လာပြီဖြစ်သည်။ ဒီမိုကရက်တစ်ပါတီပေါင်းစည်းညီညွတ်မှုရှိကြောင်း ပြသသည့်အနေဖြင့် ဟီလာရီ၏ အဓိကပြိုင်ဘက်ဖြစ်ခဲ့သည့် ဘာနီဆန်းဒါးကလည်း ဟီလာရီကိုထောက်ခံခဲ့သည်။ အမေရိကန်သမ္မတရွေးချယ်ရေး ယှဉ်ပြိုင်မှုသည် အားကောင်းလာပြီဖြစ်သည်။

ထိုအခြေအနေများကြားမှ ဟီလာရီကလင်တန်၏ အီးမေးလ်ဖောက်ထွင်းခံရမှုအပေါ် ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရန့်၏ ဝေဖန်မှုမှာ နောက်ဆက်တွဲ ဂယက်များကို ပေါ်ပေါက်စေခဲ့သည်။ ကလင်တန်၏ ကိုယ်ပိုင်အီးမေးလ်အကောင့်ဖြင့် အစိုးရရုံးကိစ္စများအတွက် စာပေးစာယူလုပ်ခဲ့ခြင်းမှာ နမော်နမဲ့နိုင်သည့်လုပ်ရပ်သာဖြစ်ပြီး ရာဇဝတ်မှုမမြောက်ဟု အက်ဖ်ဘီအိုင်က ဆိုသည်။ မည်သို့ပင်ဆိုစေကာမူ အမေရိကန်သမ္မတလောင်းနှစ်ဦးအကြား အပြန်အလှန်ဝေဖန်မှုအရှိန်များ မြင့်တက်လျက်ရှိသည်မှာ အမှန်ပင်ဖြစ်သည်။

**ကိုးကား-ဘီဘီစီ**

၂၇-၇-၂၀၁၆



**အမေရိကန်သမ္မတ အိုဘားမားကမူ ကလင်တန်၏ အီးမေးလ်ဖောက်ထွင်းခံရမှုမှာ ရုရှားတို့၏ လက်ချက်ဟူ၍ သူမသိကြောင်း အန်ဘီစီသို့ပြောခဲ့သည်။ ထို့ပြင် အိုဘားမားက သူကောင်းကောင်းသိသည့်အချက်မှာ ဒေါ်နယ်ထရန့်က သမ္မတပူတင်ကောင်းကြောင်း ခဏခဏထုတ်ဖော်ပြောကြားခြင်းပင်ဖြစ်**

## အိန္ဒိယနိုင်ငံ အနောက်ပိုင်းရှိ ဆောက်လုပ်ဆဲအဆောက်အအုံ ပြိုကျမှု လူ ကိုးဦး ထက်မနည်း သေဆုံးဖွယ်ရှိ

ဂျေတီ

**နယူးဒေလီ ဇူလိုင် ၂၉**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ပွန်းမြို့တွင် ဇူလိုင် ၂၉ က ဆောက်လုပ်ဆဲအဆောက်အအုံ တစ်လုံး၏ အစိတ်အပိုင်းပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ကိုးဦး ထက်မနည်း သေဆုံးဖွယ်ရှိကြောင်း တာဝန်ရှိသူရဲတပ်ဖွဲ့ဝင်တစ်ဦး က ယနေ့ပြောကြားခဲ့သည်။ ၁၃ လွှာရှိ အဆိုပါအဆောက်အအုံသည် အိန္ဒိယနိုင်ငံ၏စီးပွားရေးမြို့တော်ဖြစ်သော မွမ်ဘိုင်းမြို့မှ ၁၆၀ ကီလိုမီတာမျှအကွာရှိ ပွန်းမြို့တွင်တည်ရှိပြီး နံနက်ပိုင်းက ယခုကဲ့သို့ အဆောက်အအုံ၏ အစိတ်အပိုင်းတချို့ ရုတ်တရက်ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ရာ အခင်းဖြစ်စဉ် အဆောက်အအုံတွင် ဆောက်လုပ်ရေးဝန်ထမ်း ကိုးဦး အလုပ်လုပ်နေကြသည်ဟု ရဲတပ်ဖွဲ့က ဆိုသည်။ မီးသတ်ဝန်ထမ်းများသည် ပြိုကျသွားသောအဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသည်ဟု ယူဆရသော အလုပ်သမားများကို ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိကြောင်းသိရသည်။ ဒေသဆိုင်ရာ ရုပ်သံလိုင်းများ၏ သတင်းထုတ်လွှင့်ချက်အရ အဆိုပါ ဆောက်လုပ်ရေးအလုပ်သမားများသည် ဆောက်လုပ်ရေးဦးထုပ်ကဲ့သို့သော အသက်အန္တရာယ်မှ အကာအကွယ်ပေးသည့် သုံးအဆောင်ပစ္စည်းများကို ဝတ်ဆင်ထားခြင်းမရှိကြသဖြင့် ၎င်းတို့၏ အသက်ရှင်နိုင်မှုအလားအလာမှာ ရာခိုင်နှုန်းအနည်းငယ်သာရှိကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး အရပ်ဘက်ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် အလုပ်သမားများ၏အသက် အန္တရာယ်လုံခြုံရေးအတွက် ချမှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ အာဏာပိုင်အဖွဲ့က စစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ပွန်းမြို့တော်ဝန် ပါရာရှန့်ဂျက်တတ်က ပြောကြားသည်။ အဆောက်အအုံပြိုကျမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် အမိန့်ပေးထားကာ အဆောက်အအုံဆောက်လုပ်မှုဆိုင်ရာ ပေါ့ဆမှုများတွေ့ရှိခဲ့ပါက တရားခံကိုပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း တာဝန်ရှိသူ ရဲတပ်ဖွဲ့ဝင်က ဆက်လက်ပြောကြားသည်။ အိန္ဒိယနိုင်ငံတွင် အလယ်အလတ် လူတန်းစားများအတွက် တန်ဖိုးနည်းအဆောက်အအုံများ ဆောက်လုပ်ရာတွင် အရည်အသွေးမပြည့်မီသော ဆောက်လုပ်ရေးပစ္စည်းများအသုံးပြုမှုနှင့် ဘေးအန္တရာယ်လုံခြုံရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ လိုက်နာမှုအားနည်းခြင်းတို့ကြောင့် အဆောက်အအုံပြိုကျမှုများ မကြာခဏဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# စစ်ကိုင်းမြို့၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန် အနိမ့်ပိုင်းရပ်ကွက်အချို့နှင့် ကျေးရွာအချို့ ရေများဝင်ရောက်

**စစ်ကိုင်း ဇူလိုင် ၂၉**



မြန်မာနိုင်ငံအထက်ပိုင်း၌ မိုးများခဲ့သဖြင့် ဧရာဝတီမြစ်ရေ မြင့်တက်လျက်ရှိရာ စစ်ကိုင်းခရိုင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ဇူလိုင် ၂၉ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့၏ စိုးရိမ်ရေမှတ်ဖြစ်သည့် ၁၁၅၀ စင်တီမီတာအထက်သို့ ၁၄ စင်တီမီတာ ကျော်လွန်နေကြောင်း သိရသည်။

အဆိုပါ မြစ်ရေမြင့်တက်မှုကြောင့် မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ အနိမ့်ပိုင်းကျေးရွာများဖြစ်သည့် ဦးအိုင်ကျွန်း၊ ဒါးဝယ်တဲ၊ ရွှေလေ့နှင့် တာတိုင်ကျေးရွာများသို့ မြစ်ရေဝင်ရောက်နေပြီဖြစ်သဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့် တာဝန်ရှိသူများက ဇူလိုင် ၂၈ ရက်က သွားရောက်ကြည့်ရှု၍ ရေသန့်နှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ကာ လူနှင့် တိရစ္ဆာန်များအား ကုန်းမြင့်ပြီး ဘေးကင်းရာသို့ ရွှေ့ပြောင်းနေထိုင်ရန်နှင့် မြို့ပေါ် အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ထုံးဘို၊ မင်းစံ၊ မြေဝတီ၊ ဒါးဝယ်ဈေး စသည့် ရပ်ကွက်အချို့၌လည်း မြစ်ရေဝင်ရောက်လျက်ရှိရာ လူနှင့် တိရစ္ဆာန်များကို ကုန်းအမြင့်ဘေးကင်းရာသို့ သက်ဆိုင်ရာ တာဝန်ရှိသူများက ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်းကာ အချိန်ပြည့် ရောက်များချထားပြီး ကြီးကြပ်လျက်ရှိသည်။

တကောင်းရပ် ရေဝင်/ထွက်ပြွန်ရှိ ရေတံခါးမှ စိမ့်ဝင်သည့်ရေများအား ရေစုပ်စက်နှင့် အချိန်ပြည့် ပြန်လည်ထုတ်ပေးထားပြီး ရေဝင်နိုင်သည့်နေရာများတွင်လည်း သဲအိတ်များချထားခြင်း၊ အရန်သဲအိတ်များထားခြင်းနှင့် ရေကင်းများချထားကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# ဇလွန်မြို့၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိ ရေကာတာပေါ်ရှိ ရေကင်းစခန်းများ စစ်ဆေး

**ဇလွန် ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီဖြစ်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းနှင့် အဖွဲ့သည် ဇူလိုင် ၂၉ ရက် နံနက်က ရေကာတာပေါ်ရှိ ရေကင်းစခန်းများသို့သွားရောက်ပြီး ဇလွန်မြို့နယ် သာစုချောင်းကျေးရွာရှိ (၃၀/၇)တာမိုင်ရောက်ရှိပြီး စစ်ဆေးခဲ့ရာ အမှတ် (၈) သာစုချောင်းရေကင်းစခန်း၌ တာဝန်ကျ ဆည်မြောင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဇော်ထူးနှင့် တာဝန်ကျဝန်ထမ်းများနှင့်တွေ့ဆုံပြီး ယခုအချိန် ဧရာဝတီမြစ်ရေ သည် စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီဖြစ်၍ သတိဝီရိယထားပြီး အထူးဂရုစိုက်ရန်နှင့် ရေကင်းစခန်းအလိုက်ထားရှိရမည့် ရေဘေးကာကွယ်ရေးပစ္စည်းများ ပြည့်စုံအောင်ထားရှိနိုင်ရေးနှင့် ရေကင်းစခန်းတွင် အသံချဲ့စက်ထားရှိနိုင်ရေး၊ အချိန်တိုင်းရေကင်းစခန်းများတွင် အလှည့်ကျတာဝန်ချထားပေးနိုင်ရေးတို့ကိုမှာကြားပြီး ရေကင်းစခန်းများအလိုက် ဌာနကထားရှိထားသော ရေဘေးကာကွယ်ရေးပစ္စည်း ၁၁ မျိုးအား စစ်ဆေးခဲ့သည်။

ယင်းနောက် ဇလွန်မြို့နယ်အတွင်း ရေကာတာပေါ်ရှိ ရေကင်းအမှတ် (၁) သရွတ်ဝကျေးရွာ (၁၈/၀)တာမိုင်၊ အမှတ် (၂)ဒေါင့်ကြီးကျေးရွာ (၂၁/၁) တာမိုင်၊ အမှတ်(၃) ဆန်တန်းရပ်ကွက် (၂၅/၁)တာမိုင်၊ အမှတ်(၄) လမိုင်းကျေးရွာ (၂၇/၀)တာမိုင်၊ အမှတ်(၅) မရိုးခကျေးရွာ (၂၉/၄)တာမိုင်၊ အမှတ် (၆) သက္ကယ်ကျွန်းကျေးရွာ (၃၅/၃) တာမိုင်၊ အမှတ် (၇)ကျုံရှုကျေးရွာ (၃၉/၀)တာမိုင်၊ အမှတ် (၈)သာစုချောင်းကျေးရွာ (၃၀/၇)တာမိုင် ၊ အမှတ်(၉)အထွင့်ကျေးရွာ (၃၃/၁) တာမိုင်၊ အမှတ်(၁၀) ပိုင်ကျုံကျေးရွာ (၃၆/၇)တာမိုင်၊ အမှတ် (၁၁)ထုံးတပိုကျေးရွာ (၄၁/၀) တာမိုင်နှင့် ရေကာတာပေါ်ရှိ ရေကင်း စခန်း ၁၁ ခုသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ငွေသန်း**

# စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၉**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၌ သုံးပေခွဲခန့်၊ ဖောင်းပြင်မြို့၌ လေးပေခန့်၊ မော်လိုက်မြို့၌ ခုနစ်ပေခန့်နှင့် ကလေးဝမြို့၌ ငါးပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့၌ နှစ်ပေခန့်၊ ဖောင်းပြင်မြို့၌ တစ်ပေခန့်၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့၌ ပေဝက်ခန့်စီ ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဝေန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(မြန်မာ့အလင်း)**

# သပိတ်ကျင်းမြို့ အနိမ့်ပိုင်းရပ်ကွက်များ ဧရာဝတီမြစ်ရေဝင်ရောက်

**သပိတ်ကျင်း ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့၌ ဧရာဝတီမြစ်ရေများ တဖြည်းဖြည်း မြင့်တက်လာသဖြင့် မြို့၏အနိမ့်ပိုင်းရပ်ကွက်များတွင် ရေများဝင်ရောက်လာသဖြင့် လူနေအိမ်များရေနစ်မြုပ်ကာ ဧရာဝတီမြစ်နံဘေးနေထိုင်သူများ မြစ်ရေကြီးမှုသတင်းများ အစဉ်မပြတ် နားထောင်ပြီး ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်ရန်နှင့် ရေဘေးအန္တရာယ်နှိုးဆော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သပိတ်ကျင်းမြို့နယ်၏ စိုးရိမ်ရေမှတ်မှာ ၁၄၈၀ စင်တီမီတာရှိပြီး ဇူလိုင် ၂၈ရက် မွန်းလွဲ ၁၂နာရီခွဲတိုင်းထွာချက်အရ စိုးရိမ်ရေမှတ်အထက် တစ်လက်မ မြင့်တက်လျက်ရှိကြောင်း သပိတ်ကျင်းမြို့ မိုး/ဇလတာဝန်ခံ ဦးတင်မောင်မြင့်က ပြောပြသည်။ အဆိုပါဧရာဝတီမြစ်ရေသည် ဆက်လက်မြင့်တက်ဖွယ်ရှိသဖြင့် ဧရာဝတီမြစ်နံဘေးနေထိုင်သူများ အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

သပိတ်ကျင်းမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာသဖြင့် ရပ်ကွက်များအတွင်း ရေများဝင်ရောက်လာကာ သွားရေးလာရေး စားရေးသောက်ရေး အခက်အခဲဖြစ်နေသည့် အဘိုးအဘွားများနှင့် ရပ်ကွက်အတွင်း အထောက်အကူမဲ့နေသည့် သက်ကြီးရွယ်အိုများအား ဇူလိုင် ၂၈ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန့်ဇင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် ရွာမ၊ ဇီးကျွန်း၊ မှန်သာရပ်ကွက်များသို့ တစ်အိမ်တက်ဆင်း သွားရောက်ပြီး ဆန်၊ ဆီ၊ ဆားနှင့် အာဟာရစားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ရေဘေးရှောင်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**ညောင်ဦး ဇူလိုင် ၂၉**

ညောင်ဦးတွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် မြင့်တက်နေမှုကြောင့် မြစ်လယ်ကျွန်းကျေးရွာများ၊ မြစ်ကမ်းနံဘေးနှင့် မြေနိမ့်ပိုင်းရပ်ကွက်များရှိ ပြည်သူများသည် ညောင်ဦးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် ဓမ္မာရုံအချို့တွင် ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း သိရသည်။

ညောင်ဦးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက အဆိုပါ ရေဘေးရှောင်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို ဇူလိုင် ၂၉ရက်က သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ ယင်းသို့ထောက်ပံ့ရာတွင် ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်း၌ ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိသည့် အရှေ့ဆယ်လံကျေးရွာ ရေဘေးရှောင်အိမ်ထောင်စု ၃၂၀ နှင့် အမှတ်(၄)ရပ်ကွက် ဘုန်းတော်ကြီးကျောင်းလေးကျောင်းရှိ မှန်ကြိုရပ်၊ ရေနံစုရပ်တို့မှ အိမ်ထောင်စု ၆၅စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်းလေးမျိုးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**


# ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

၁။ မိသားစုများများနှင့် တစုတဝေးတည်း နေထိုင်လိုသူများအတွက် အိမ်ကျယ်ကျယ်၊ အခန်းများများ လုံးချင်းတိုက် မြေအကျယ် (90'x70') ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်သစ် အိမ်အကျယ် (2510 sqft)၊ လူလုံးဝမနေထိုင်ရသေးပါ။ Master Bedroom(7)ခန်း၊ ရိုးရိုးအိပ်ခန်း(2)ခန်း၊ ဘုရားခန်း၊ ဧည့်ခန်း(2)ခန်း အခန်းကျယ်၊ TVကြည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ ဆင်ဝင်ဝရန်တာပါ၊ ကား (2) စီးဆံ့ ကားဂိုဒေါင်၊ အလုပ်သမားမိသားစုနေထိုင်ရန် Master Bedroom (1)ခန်းပါ၊ Aircon (11)လုံး၊ ခန်းဆီးလိုက်ကာတပ်ပြီး၊ ခြံထဲတွင် နားနေရန် ဘန်ဂလို(1)လုံးပါ၊ အိမ်ထောင်ပရိဘောဂအပြည့်အစုံပါ၊ TV+ အောက်စက်(1)စုံ၊ အိမ်ပတ်ပတ်လည်တွင် CCTV တပ်ဆင်ပြီး၊ ခြံပတ်ပတ်လည် ဘရိတ်စားဆူးကြိုးကာပြီး၊ မြက်ခင်းပြင် အလှပန်းပင်များစိုက်ပြီး၊ ခြံထဲတွင် ကား(6)စီးရပ်ထားနိုင်ပါသည်။ အဆင့်မြင့် ပြင်ဆင်ပြီး တိုက်သစ်။

**ကျပ်သိန်း (4500)**

၂။ အေးအေးချမ်းချမ်းနှင့် ပတ်ဝန်းကျင်ဆိတ်ငြိမ်စွာ နေထိုင်လိုသူများအတွက် မော်ဘီဈေးမှ(၁၀)မိနစ်ခန့်သွားရသော VIP မြေကွက်၊ မြေအကျယ် (60'x80') ခြံစည်းရိုးခတ်ပြီး၊ ပါမစ်မြေ၊ ရေ၊ မီးပါ

**ကျပ်သိန်း (350)**

**ဆက်သွယ်ရန် ဖုန်း - 09-5178979, 09-420301091, 09-43022828, 09-43292929**

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မျက်နှာစုံညီအစည်းအဝေး စတုတ္ထနေ့တွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကိစ္စများ စတင်ဆွေးနွေး

**မိုင်ဂျာယန် ဇူလိုင် ၂၉**

ကချင်ပြည်နယ် မိုင်ဂျာယန်တွင် ပြုလုပ်လျက်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မျက်နှာစုံညီအစည်းအဝေး စတုတ္ထနေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး တက်ရောက်နိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သည့် ကိုယ်စားပြုမှု၊ စုဖွဲ့မှု၊ ဆုံးဖြတ်ချက် ချမှတ်သည့်ပုံစံ၊ နိုင်ငံရေးဆွေးနွေးမှုတို့ကို ဆွေးနွေးခဲ့သည်။ **(ယာပုံ)**

မျက်နှာစုံညီအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲက စတင်ပြုလုပ်ခဲ့ပြီး သဘာပတိအဖြစ် KNU ဒုတိယဥက္ကဋ္ဌ ပဒိုနော်စီဖိုးရာစိန်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေ နမ်ဗီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးရာ၏ အာရှရေးရာ အထူးကိုယ်စားလှယ်တို့က အမှာစကားပြောကြားခဲ့ကြသည်။

**သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်**




# အလှူ့အိမ်က ခေါက်ဆွဲကြော်စားရာမှ အစာအဆိပ်သင့်မှုဖြစ်ပွား

**မြန်အောင် ဇူလိုင် ၂၉**

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရိုက်ကျေးရွာတွင် ဇူလိုင် ၂၈ ရက် နံနက်က ကျေးရွာအလှူ့အိမ်က ခေါက်ဆွဲကြော်စားသုံးရာမှ အစာအဆိပ်သင့်၍ မူးဝေအော့အန်ခြင်း၊ ဝမ်းသွားခြင်းများဖြစ်ပွားခဲ့သည်။



အဆိုပါ အစာအဆိပ်သင့်သူများကို ရွှေကျင်တိုက်နယ်ဆေးရုံမှ ဒေါက်တာအိအိဖြိုး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ နယ်မြေရဲစခန်းမှ ရဲအုပ် ကျော်ကျော်နှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က ရိုက်ကျေးရွာအတွင်း ယာယီဆေးခန်းဖွင့်လှစ်၍ ခေါက်ဆွဲကြော်စားသုံးသည့် ရိုက်ကျေးရွာမှ လူကြီး၊ ကလေး ကျား/မ စုစုပေါင်း ၅၃ ဦးတို့အား မူးဝေအော့အန်ခြင်း၊ ဝမ်းပျက်ခြင်းမရှိစေရန် ဆေးကုသမှုများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူကြီး၊ ကလေး ကျား/မ လူနာ ၁၄ ဦးအား ရွှေကျင်တိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူစေပြီး ဆေးရုံပြင်ပလူနာ ၁၀ ဦးအား ဆေးကုသခြင်းများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ ဦးဆောင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ချစ်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုအောင်တို့က အစာအဆိပ်သင့်မှုဖြစ်ပွားရာ ရိုက်ကျေးရွာနှင့် ရွှေကျင်တိုက်နယ်ဆေးရုံတို့တွင် အစာအဆိပ်သင့်သောလူနာများအား ကြည့်ရှုစစ်ဆေးခြင်း **(ဝဲပုံ)**၊ ထပ်မံမဖြစ်ပွားစေရေးအတွက် ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဆေးဝါးများပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်/ဆက် )**

# ကချင်ပြည်နယ်သဘာဝဘေး ကြိုတင်ကာကွယ်နိုင်ရေးဆောင်ရွက်ရန် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ငွေလှူဒါန်း

**မြစ်ကြီးနား ဇူလိုင် ၂၉**

ကချင်ပြည်နယ်ဒေသအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) သည် ပြည်နယ်အစိုးရအဖွဲ့ထံ အလှူငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၆ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်ထံ BFM တာဝန်ရှိသူတစ်ဦးဖြစ်သူ ဒေါ်ယဉ်ယဉ်မာက အလှူငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းပြီး **(အောက်ပုံ)** ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ ယခုကဲ့သို့ လှူဒါန်းထားသည့် ငွေများကို အစိုးရအဖွဲ့အနေဖြင့် ညှိနှိုင်းဆွေးနွေးကာ ပြည်သူ လူထုအတွက် အကျိုးရှိစွာသုံးစွဲမည်ဖြစ်ကြောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ် နိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုသို့ သိန်း ၁၀၀၀ စီ သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**



# ဒုဋ္ဌဝတီမြစ်ရေနှင့် ရောဝတီမြစ်ရေ စိုးရိမ်ရေမှတ်ထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၉**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့၌ ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရောဝတီမြစ်ရေသည် သပိတ်ကျင်းမြို့၌ တစ်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့် ဟင်္သာတမြို့တို့၌ ပေဝက်ခန့်စီ၊ ညောင်ဦးမြို့၌ နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေများသည် နောက်တစ်ရက်အတွင်း သပိတ်ကျင်းမြို့၌ ပေဝက်ခန့်၊ နောက်နှစ်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့၌ တစ်ပေခန့်စီနှင့် နောက်သုံးရက်အတွင်း ဟင်္သာတမြို့၌ ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မြစ်ငယ်မြို့နှင့် သပိတ်ကျင်းမြို့နယ်၊ မန္တလေးမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်နှင့် ဟင်္သာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

PQI အသိအမှတ်ပြုစင်တာ
ဦးသန့်ဇော် B.Sc.IC.Q.DA, DMP, MBA, ACCA (pro)
LCCI I , II & III
Aug 2016 အတန်းသစ်များစပြီ
I&II Sec (D): Mon to Wed 6-7:45 pm (၃-လပြတ်)
Sec (E): Thu - Fri 9-11:00 am (5 Aug စမည်)
ဝင်ခွင့်အတွေ့အကြုံများစွာရှိထားပါသည်
NUS
စင်္ကာပူအမျိုးသားတက္ကသိုလ်
(GDip.SA) ဝင်ခွင့်သင်တန်း
ISS Institute of Systems Science
Graduate Dip: in Systems Analysis
12 Aug 2016 စမည်။ (တန်းခွဲမရှိပါ)
စီးပွားရေးတက္ကသိုလ်
Master of Banking and Finance
MBF ဝင်ခွင့်
12 Aug 2016 စမည်။ (ရုံးချိန်လွတ်)
GMAT, Reasoning & English သင်တန်း
ဘဏ်လုပ်ငန်း/ Accounting & Finance အတွေ့အကြုံရှိ
မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည် ။ ဝါရင့် ဆရာ/ဆရာမကြီးများသင်မည် ။
ORION Business School
အမှတ်-၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (အုံ့စင်တာအနီး)။ Call ; 09 5115997, 09 32358423

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၉/က(ဖော့ကန်)၊ မြေကွက်အမှတ် ၅၃/၅-၂၊ ဧရိယာ ၀ ဒသမ ၀၈၃၈ဧက၊ မြေကွက်တည်နေရာ အမှတ်၅၃/၅၂၊ အောင်ဘောဂလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးဝင်းကြည် AA-၁၀၄၅၂၃ အမည်ပေါက် မြေပိုင်မြေ၊ လ/န၃(ခ)ရပြီးမြေအား အမည်ပေါက်ဦးဝင်းကြည်ကွယ်လွန်သဖြင့် ဒေါ်ညွန့်မေ ၁၂/အစန(နိုင်)၀၉၃၂၂၀ကတစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အမည်ပေါက်စာချုပ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးလျှော့ဈေးဖြင့် အမြန်ရောင်းမည်

သံသုမာလမ်းမကြီးပေါ် သံသုမာလမ်းနှင့် ကျောက်စိမ်းလမ်းထောင့်၊ သွားတက္ကသိုလ်အနီးရှိ ကိုယ်ပိုင်အမည်ပေါက် နှစ် (၆၀)ဂရန်မြေ (၂၀×၆၀)ပေ အကျယ်နှင့် နှစ်ထပ်အိမ်ရောင်းမည်။ ဦးရာလူရမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၃၁၁၆၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၂)သာကေတမှ ဒေါ်မြတ်ဝတ်ရည် ၁၂/ကတန(နိုင်) ၀၉၇၂၉၁ ၏ဖခင် ဦးလှအုံးဆွေ(ခ) ဦးလှအုန်းဆွေသည် တစ်ဦးတည်း ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၂)သာကေတမှ ဒေါ်အေးအေးသန်း၁၂/သကတ(နိုင်)၁၁၀၆၅၃ ၏ဖခင် ဦးမောင်တင့် (ခ) ဦးမောင်တင်သည် တစ်ဦးတည်း ဖြစ်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သောင်ကြီးမြောက်တိုးချဲ့-၁၊ မြေကွက်အမှတ် ၅၂၀/ခ၊ အကျယ်အဝန်း(အလျားပေ ၂၀× အနံ ပေ၆၀) ရှိ ကျွန်ုပ်၏မိတ်ဆွေ ဦးအေးဝင်း ၁၂/ ကခက(နိုင်)၀၄၇၃၁၃ အမည်ပေါက် ပါမစ်မြေကွက်၏ ပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** - **ဦးအေးဝင်း**
**လွှဲအပ်ညွှန်ကြားချက်အရ** - **ဒေါ်မြလှဲ့ဝင်း (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ် ၈၃၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၃၀၂၅၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက ဦးသိန်းအောင်အမည်ပေါက် နှစ်၃၀ မြေငှားဂရန်စာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၁၆/၂၀၁၆(၂၂-၄-၂၀၁၆)ဖြင့် ဝယ်ယူထားသူ ဒေါ်စန္ဒာဇော် ၇/ပခန(နိုင်)၁၈၉၇၀၅ (ဘ)ဦးခင်ဇော်မှ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် ရေဦးမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအတွက် အောက်ပါအဆောက်အအုံ ဆောက်လုပ်လိုပါသဖြင့် မြန်မာ့ဆောက်လုပ်ရေးလိုင်စင်ရ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

(က) ရေဦးမြို့ ခုတင် (၁၀၀)ဆံ့ ဆေးရုံအတွက်
(၁) စံကိုက်ခွဲစိတ်ခန်း (၄၈×၄၆×၁၂)ပေ (၁) လုံး

၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၈-၂၀၁၆ရက်
**အိတ်ဖွင့်တင်ဒါပိတ်သိမ်းမည့်ရက်** - ၃၀-၈-၂၀၁၆ရက်
**အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်** - ၁-၉-၂၀၁၆ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ခုတင် (၁၀၀) ပြည်သူ့ဆေးရုံ၊ ရေဦးမြို့။

၃။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေဦးမြို့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခုတင်(၁၀၀)ဆေးရုံအုပ်ရုံးခန်းသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၇၅-၄၀၀၀၅၊ ၀၉-၂၁၆၅၅၄၉၊ ၀၉-၄၀၀၅၂၃၇၈၂တို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# အိမ်ရှင်မြန်မာနှင့် ဩစတြေးလျ ဆီမီးဖိုင်နယ်တက်



အိမ်ရှင်မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်
ဓာတ်ပုံ-ဖိုးသော်ဇင်

**မန္တလေး ဇူလိုင် ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ဒုတိယနေ့ပွဲများကို ယနေ့ညနေက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ကျင်းပရာ အိမ်ရှင်မြန်မာအသင်းနှင့် ဩစတြေးလျယူ-၂၀ အသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

အိမ်ရှင်မြန်မာအသင်းသည် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မလေးရှားအသင်း၏ မထင်မှတ်သည့် ရုန်းကန်မှုကြောင့် အိမ်ရှင်မြန်မာအသင်း ခက်ခက်ခဲခဲ ကစားခဲ့ရပြီး ဒုတိယပိုင်းသွင်းဂိုးကြောင့်သာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ နှစ်ပွဲစီအနိုင်ရရှိခဲ့သည့် အိမ်ရှင်မြန်မာအသင်းနှင့် ဩစတြေးလျအသင်းသည် လက်ကျန်တစ်ပွဲအလိုတွင် ဆီမီးဖိုင်နယ် တက်ရောက်သွားပြီဖြစ်သည်။ (၂၉)ကြိမ်မြောက် ဆီးဂိမ်းအိမ်ရှင်မလေးရှားမှာ များစွာတိုးတက်မှုရှိလာသည်။

မြန်မာအသင်းသည် ပွဲထွက် လူစာရင်းကို အနည်းငယ်အပြောင်းအလဲလုပ်ခဲ့ပြီး ပထမပွဲတွင် ကစားခွင့်မရခဲ့သည့် စန်းစန်းမော်၊ ခင်မိုးဝေနှင့် နော်အားလိုဝါးဖောတို့ကို ပွဲစကတည်းက အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့သော်လည်း ဂိုးရလိုစိတ်များနေ၍ ထင်တိုင်းမပေါက်ခဲ့ပေ။ မလေးရှားအသင်းကလည်း ခပ်မာမာတုံ့ပြန်ကစားခဲ့ရာ မြန်မာအသင်း ရုန်းကန်ခဲ့ရပြီး ၁၈ မိနစ်တွင် မထင်မှတ်ဘဲ ဂိုးပေးခဲ့ရသည်။ ဟာနီ၏ထောင့်မှ ကန်သွင်းရာ ဂိုးထဲတိုက်ရိုက်ဝင်သွား၍ မလေးရှားအသင်း ဦးဆောင်ဂိုးရခဲ့သည်။ မြန်မာအသင်း ချေပဂိုးရရန် တောက်လျှောက်ကြိုးစားသော်လည်း တိုင်ထိထွက်ခဲ့၍ နှစ်နာခဲ့ရသည်။ ပထမပိုင်းပြီးခါနီးတွင် မလေးရှားနောက်ခံလူ လက်ထိသောကြောင့် မြန်မာအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ခင်မိုးဝေက ချေပဂိုးအဖြစ် သွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်းက အမာခံကစားသမားများဖြစ်သည့် ရီရီဦး၊ ဝင်းသီဂီထွန်းနှင့် ခင်သန်းဝေတို့ကို ထည့်သွင်းကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်း ဖိအားများနေ၍ စိတ်ကြိုက်ကစားနိုင်ခြင်းမရှိဘဲ ဂိုးသွင်းခွင့်များအသုံးမချနိုင်ခဲ့ပေ။ မလေးရှားဂိုးသမား လက်စွမ်းပြကာကွယ်နေ၍ မြန်မာအသင်းဂိုးရရန် ရုန်းကန်ခဲ့ရပြီး ၇၈မိနစ်မှ အနိုင်ဂိုးရခဲ့သည်။ နော်အားလိုဝါးဖော၏ ဖြတ်တင်ဘောကို ဝင်းသီဂီထွန်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ညနေ ၃ နာရီ၌ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် ဩစတြေးလျ ယူ-၂၀ အသင်းက တီမောအသင်းကို ဂိုး ၂၀- ဂိုးမရှိဖြင့် အနိုင်ရရှိကာ အာဆီယံအမျိုးသမီးပြိုင်ပွဲ၏ ဂိုးအပြတ်ဆုံးနိုင်ပွဲအဖြစ် စံချိန်သစ်တင်ခဲ့သည်။ မြန်မာအသင်းသည် ၂၀၀၄ ပြိုင်ပွဲတွင် မော်လ်ဒိုက်အသင်း၊ ယခုပြိုင်ပွဲအဖွင့်ပွဲတွင် တီမောအသင်းကို ၁၇ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဂိုးအပြတ်ဆုံးနိုင်ပွဲအဖြစ် စံချိန်သစ်တင်ခဲ့သော်လည်း ဩစတြေးလျအသင်းက ချိုးဖျက်ခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျအသင်းသည် ခြေအသာဖြင့် တစ်ဖက်သတ် ဖိကစားခဲ့ပြီးအနိုင်ဂိုးများကို ပထမပိုင်းတွင် ၁၂ ဂိုး၊ ဒုတိယပိုင်းတွင် ရှစ်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနှင့် ဩစတြေးလျအသင်းသည် ခြောက်မှတ်စီဖြင့် ဆီမီးဖိုင်နယ်တက် သွားပြီဖြစ်ပြီး မလေးရှားနှင့် တီမောအသင်းမှာ နှစ်ပွဲစလုံးရှုံးကာ အုပ်စု အဆင့်မှထွက်ခဲ့ရပြီဖြစ်သည်။

**ညီမြတ်သော်တာ**

# အိမ်ထောင်ရှင်အလှမယ် ၂၀၁၆ ခုနှစ်အတွက် ကေခိုင်နှင်း ဆွတ်ခူး

**ရန်ကုန် ဇူလိုင် ၂၉**

Style Plus H မှ ကြီးမှူးကျင်းပသည့် အိမ်ထောင်ရှင် အလှမယ်ရွေးချယ်ပွဲကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ကန်တော်မင်ပန်းခြံအတွင်းရှိ Happy World ခေတ်မီကစားကွင်းခန်းမအတွင်း ကျင်းပခဲ့ရာ Mrs Elegant အဖြစ် အိမ်ထောင်ရှင်အလှမယ် ကေခိုင်နှင်းက ရရှိခဲ့သည်။



အဆိုပါပြိုင်ပွဲကို Style Plus H မှ အလှမယ် လှနုထွန်းက ဦးစီးကျင်းပပေးခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးများအတွက် ကျန်းမာသန်စွမ်းခြင်း၊ လုပတင့်တယ်မှုကို ထိန်းသိမ်းတတ်စေခြင်း၊ ခေတ်မီသွက်လက်ပြီး အိမ်ထောင်မှုနိုင်နင်းကာ ကိုယ်ရည်ကိုယ်သွေး မြင့်တက်စေလိုခြင်းစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း မလှနုထွန်းက ပြောကြားသည်။

လူမှုကွန်ရက်နှင့် မီဒီယာများမှတစ်ဆင့် အိမ်ထောင်ရှင်အလှမယ် ပြိုင်ပွဲဝင်ရောက်နိုင်ရန် စာရင်းပေးသွင်းခဲ့ကြပြီး နောက်ဆုံးတွင် ဆန်ခါတင်အမျိုးသမီးကိုးဦးကို ရွေးချယ်ခဲ့ပြီး ပြိုင်ပွဲကျင်းပခဲ့ခြင်း ဖြစ်သည်။

ပြိုင်ပွဲအတွင်း အမျိုးသမီးများ၏ ကိုယ်ရည်ကိုယ်သွေး၊ တီထွင်ဆန်းသစ်မှုနှင့် အိမ်တွင်းမှုနိုင်နင်းခြင်း အတတ်ပညာများကို ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်မှုမှ ကာကွယ်ရန်အတွက် နည်းလမ်းကောင်းများကိုလည်း အမြင်ချင်းဖလှယ်ပြောကြားခဲ့ကြသည်။

"အိမ်ရှင်မတစ်ယောက်ဟာ အိမ်ရဲ့အခရာပါ။ အိမ်ရှင်မတွေဟာ အမျိုးသားနဲ့ သားသမီးတွေအတွက် သူတို့ရဲ့တစ်နေ့တာလုံး တစ်ဘဝလုံးကို မြှုပ်နှံနေရသူတွေပါ။ သို့သော် အမျိုးသားတွေနဲ့ ရင်ပေါင်တန်းပြီး စီးပွားရေးလောကကို ဝင်ရောက်နေရာယူနေကြတဲ့ အောင်မြင်သူ အမျိုးသမီးတွေရှိသလို အသက်အရွယ်ကြီးလာသည့်တိုင်အောင် လုပတင့်တယ်မှုကို ထိန်းသိမ်းပြီး အိမ်ထောင်သာယာရေးအတွက် ပြုစုပျိုးထောင်ပေးနေတဲ့ အမျိုးသမီးတွေအများကြီးရှိပါတယ်။ ဒီပြိုင်ပွဲကနေ အမျိုးသမီးတွေအတွက် စိတ်ဓာတ်ခွန်အားတွေ ရလာစေမယ်လို့ ယုံကြည်ပါတယ်"ဟု ပြိုင်ပွဲစီစဉ်သူ အလှမယ် လှနုထွန်းက ဆက်လက်ပြောကြားသည်။

ပြိုင်ပွဲယှဉ်ပြိုင်စဉ်အတွင်း ယခုနှစ်အတွင်း စင်ကာပူနိုင်ငံ၌ သွားရောက်ယှဉ်ပြိုင်ရန် ရှိသည့် Mrs Elite Myanmar 2016 ဖြစ်သည့် မသင်းသင်းခိုင်ကိုလည်းကောင်း၊ Mrs International Myanmar 2016 ဖြစ်သည့် မမစိမ်းကို လည်းကောင်း၊ Miss Bikinis Asia Myanmar ဖြစ်သည့် ခင်အင်ကြင်းကျော်ကို လည်းကောင်း၊ သီရိလင်္ကာနိုင်ငံတွင် ယှဉ်ပြိုင်မည့် Mrs Heritage International Myanmar ဖြစ်သည့် ပြည့် တို့ကိုလည်းကောင်း သရဖူများ အသီးသီး ချီးမြှင့်ပေးခဲ့သည်။

ဆုရရှိသူများကို ပြိုင်ပွဲအတွက် Happy World ခေတ်မီကစားကွင်းနှင့် ကူညီပံ့ပိုးပေးခဲ့သူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **သတင်း - ခင်ရတနာ၊ ဓာတ်ပုံ - မေဦးမိုး**


**ခရီးသွားမယ်ဆို့, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။**

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာနေ
ဦးမောင်စောဝင်း(ဥက္ကဋ္ဌ၊ မယူကမ်းဒေသဖွံ့ဖြိုးရေးအသင်း)-ဒေါ်မသန်းနုတို့၏ သားလတ်

**မောင်ညီညီနိုင်**

**B.A(English)၊ Diploma of Business Management (AMA-UK)**
**Sales Manager(Myo Naing Nine Int'l Trading Co.,Ltd.)**

**နှင့်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ ဝန်ကြီးများအိမ်ရာနေ
ဦးကျော်အေးသိန်း(ပြည်နယ်ဝန်ကြီး၊ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန၊
ရခိုင်ပြည်နယ်အစိုးရအဖွဲ့)-
ဒေါ်ခင်စောရွှေတို့၏ သမီးကြီး၊ မောင်ဥက္ကာပြည့်ဖြိုး၏အစ်မ

**မချိုအိန္ဒြာကျော်**

**B.Sc(Hons;), M.Sc(Statistics)**

**နည်းပြ၊ သမဝါယမတက္ကသိုလ် (သန်လျင်)**

တို့၏ ၃-၇-၂၀၁၆ ရက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာညှော်ခံပွဲတို့တွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဦးကျော်လှထွန်း(ပြည်နယ်ဥပဒေချုပ်)အားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးမြအောင်နှင့် ဇနီးဒေါ်အုံးကြည်၊ ဦးဦးသန်းနိုင်(ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်) တို့အားလည်းကောင်း၊ ဦးဥတ္တမခန်းမ၌ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာလက်ဖွဲ့ပေးပါသော ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဇနီး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့် ဇနီးဒေါ်ဝင်းမူတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ပါပါဦးကျော်အေးသိန်းနှင့် မေမေဒေါ်ခင်စောရွှေတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ရခိုင်ပြည်နယ်တရားသူကြီးချုပ် ဦးကျောက်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ အခမ်းအနားမှူးနှင့် မင်္ဂလာရတုရွတ်ဆိုပေးပါသော ဦးသာစိန်နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မဖြိုးဖြိုးကျော်၊ မင်္ဂလာအောင်စံပယ်ပန်းကိုင်ဆောင်ပေးပါသော မခိုင်သူဇာဦး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မခိုင်ဇင်သန့်တို့အားလည်းကောင်း၊ မင်္ဂလာသတို့သားနှင့် သတို့သမီးအရံအဖြစ်ဆောင်ရွက်ပေးပါသော မောင်ရဲဇော်ထွန်းနှင့် မအေးအေးနိုင်တို့အားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင်၊ ပန်းအလှနှင့် မင်္ဂလာဝတ်စုံများ ချုပ်လုပ်ဖန်တီးပေးပါသော ကိုကျော်ကျော်မိုးနှင့် လှသီဂီအဖွဲ့များအားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော ပုဏ္ဏမီအဖွဲ့သားများအားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော မိတ်ဆွေသူငယ်ချင်းအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ညီညီနိုင်-မချိုအိန္ဒြာကျော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရေဦးမြို့နယ်တွင် အဆောက်အအုံများ ဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(၁) ခြံတာဝန်ခံရုံး(၆၀'×၃၀'×၁၂')RC(၁)ထပ်
(၂) ခြံတာဝန်ခံအိမ်(၄၀'×၃၅'×၁၂') RC(၁)ထပ်(ရေ၊ မီးအပါအဝင်)
(၃) စက်ကိရိယာဂိုဒေါင်(၆၀'×၂၀'×၁၂')ထွန်ထယ်စက်ပစ္စည်းများထားရန်
၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) **တင်ဒါလျှောက်လွှာရယူရန်** -၂၉-၇-၂၀၁၆ရက်မှ ၅-၈-၂၀၁၆ရက်ထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၆-၈-၂၀၁၆ရက် ၁၆း၀၀နာရီ
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၂၅၄၂၊ ၀၇၁-၂၂၈၀၁၊ ၀၇၁-၂၆၂၀၇၊ ၀၉-၃၃၃၆၉၈၁၁

**တိုင်းစိုက်ပျိုးရေးဦးစီးဌာန**
**(မုံရွာမြို့)**

SUPER SEAT
အကြီးဆုံး ထိုင်ခုံ
အကျယ်ဝန်းဆုံး နေရာ
အတန်ဆုံး ကားလက်မှတ်ခ
အကောင်းဆုံး ရှစ်ဘီးကားသစ်
ရန်ကုန် - မန္တလေး သွားရင်
ဈေးချ ပဲရွေးစီးမယ် JJ Express
Ph-09 977181230

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၇၂၉၉၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဝင်း ၇/ရတရ(နိုင်)၀၆၉၁၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄င/၄၇၈၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၃၃၁၈ Yin Guon XY200ZH သုံးဘီးဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သိန်းထွန်း ၁၄/ပသန(နိုင်)၀၇၀၃၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

# ပြတ်တောက်သွားသည့် လက်ချောင်းများနေရာတွင် ခြေညှိုးဖြင့် အစားထိုးခွဲစိတ်မှုအောင်မြင်

**ရန်ကုန် ဇူလိုင် ၂၉**

အထပ်သားစက်ရုံတွင် အလုပ်လုပ်ရင်း မတော်တဆဖြစ်ကာ ဘယ်ဘက်လက်ညှိုးမှ လက်သန်းအထိ လက်ချောင်းများပြတ်သွားခဲ့သည့် လူနာအား ဘယ်ဘက်ခြေထောက်မှ ခြေညှိုးကိုယူပြီး ပြတ်သွားသည့်လက်ခလယ်နေရာတွင် အောင်မြင်စွာ အစားထိုး ခွဲစိတ်ကုသနိုင်ခဲ့ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသပညာဌာနမှ သိရသည်။

"ဒီကလေးမလေးက လက်ချောင်းအစားထိုးတာ ၅၄ ယောက်မြောက် လူနာဖြစ်ပါတယ်။ လက်ညှိုးက သုံးလို့ရတယ်။နည်းနည်းကျန်နေသေးတယ်။ လက်မကလည်း မပျက်စီးဘူး၊ အဲဒါကြောင့် လက်ခလယ်မှာပဲ အစားထိုးပေးလိုက်တယ်။ ကျန်တဲ့ လက်ချောင်းလေးတွေကိုလည်း နောက်ပိုင်း အစားထိုးဖို့ရှိပါတယ်"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသပညာဌာနမှ ဒေါက်တာခင်မောင်မြင့်က ပြောသည်။ အဆိုပါလူနာသည် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အုန်းပင်ချောင်မှ အသက် ၁၉ နှစ် အရွယ် မအေးသန္တာဦးဖြစ်ပြီး ယခုနှစ် မေလ ၁၃ ရက်က အထပ်သားစက်ရုံတွင် အလုပ်လုပ်ရင်း မတော်တဆဖြစ်ကာ ဘယ်ဘက်လက်ညှိုးမှ လက်သန်းအထိ လက်ချောင်းများပြတ်သွားခဲ့ရာမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ပြီး လက်အစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လက်အစိတ်အပိုင်း အစားထိုးခွဲစိတ်မှု ဆောင်ရွက်ပေးခဲ့သည့် လူနာ ၂၀၀ ကျော်ရှိ သွားပြီဖြစ်ကြောင်း၊ အဓိကအားဖြင့် လက်ကောက်ဝတ်ပြတ်တောက်မှုများကြောင်းနှင့် လက်မောင်းပြတ်တောက်မှုကို ပြန်ဆက်ပေးခဲ့ရသည့် လူနာနှစ်ဦးရှိကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး လက်ပိုင်းဆိုင်ရာခွဲစိတ်ကုသပညာဌာနမှ သိရသည်။

"အထပ်သားစက်ရုံမှာ အလုပ်လုပ်ရင်း အထပ်သားထည့်တဲ့စက်ထဲကို လက်ထည့်တဲ့အချိန် ဓားပြုတ်ကျပြီး လက်ချောင်းလေးတွေ ဓားပြတ်သွားတာ ချက်ချင်း ဆေးရုံကိုခေါ်လာတယ်။ လမ်းမှာ သတိမရတော့ဘူး၊ ခြေထောက်က ခြေညှိုးကိုယူပြီး ပြတ်သွားတဲ့နေရာမှာ အစားထိုးကုသတာပါ။ ကုန်ကျစရိတ် ဘာမှမရှိပါဘူး၊ အခုတော့ သက်သာလို့ဆေးရုံက ဆင်းလို့ရပါပြီ"ဟု ခွဲစိတ်ကုသမှုခံယူခဲ့သည့် မအေးသန္တာဦးက ပြောသည်။

လက်ချောင်းများပြတ်တောက်သွားပါက ၂၄ နာရီမှ နာရီ ၃၀အတွင်းနှင့် လက်ကောက်ဝတ်၊ တံတောင်ဆစ်၊ လက်မောင်း ပြတ်သွားပါက ၂၄ နာရီအတွင်း ပြတ်တောက်သွားသည့် လက် အစိတ်အပိုင်းများအား ပလတ်စတစ်အိတ်အတွင်း ရေခဲဖြင့် စနစ်တကျထုပ်ပိုးကာ ဆေးရုံသို့ အချိန်မီယူဆောင်ပြီး ခွဲစိတ် ကုသမှုခံယူပါက ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသပညာဌာနမှ သိရသည်။

"လက်ကောက်ဝတ်၊ တံတောင်ဆစ်၊ လက်မောင်းပြတ်သွားရင် ဆေးရုံကို စောစောယူလာတာ အကောင်းဆုံးပါပဲ။ ရာသီဥတုအပေါ်မှာလည်းမူတည်တယ်။ ရာသီဥတုပူနေရင် မြန်မြန်ပုပ်လွယ်တယ်၊ ပူတဲ့ရာသီဥတုမှာတော့ ရေခဲနဲ့ထုပ်ပြီး ယူလာတာ အကောင်းဆုံးပဲ"ဟု လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသပညာဌာန ပါမောက္ခဌာနမှူးက ပြောသည်။

လက်ခွဲစိတ်ကုဆရာဝန်များသည် ရန်ကုန်ဆေးတက္ကသိုလ် (၁)တွင် ပါမောက္ခနှစ်ဦး၊ တွဲဖက်ပါမောက္ခနှစ်ဦး၊ အထူးကုဆရာဝန်တစ်ဦး၊ သင်တန်းသား ခုနစ်ဦးရှိပြီး မန္တလေးဆေးတက္ကသိုလ်တွင် ပါမောက္ခနှစ်ဦး၊ ကထိကတစ်ဦးနှင့် ဆေးတက္ကသိုလ် (၂)တွင် ပါမောက္ခတစ်ဦး၊ ကထိကဆရာဝန်တစ်ဦးသာ ရှိနေသေးကြောင်း၊ တောင်ကြီး၊ မကွေးမြို့တို့တွင် ဆေး တက္ကသိုလ်များ ဖွင့်လှစ်ထားသော်လည်း လူအင်အား ပြည့်စုံမှုမရှိသဖြင့် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုဆရာဝန်မထားနိုင်သေးကြောင်း ရန်ကုန်ပြည်သူ့ ဆေးရုံကြီးမှ သိရသည်။

"လက်တစ်ခုခုဖြစ်ရင် ခွဲစိတ်ဆရာဝန်နဲ့ဆက်သွယ်ပြီးကုသပါ၊ လက်တွေပြတ်ရင်လည်း အချိန်မရွေးယူလာလို့ရတယ်။ စောစောယူလာရင် အခွင့်အရေးပိုရတယ်။ စောစောယူလာတိုင်း ပြန်ဆက်လို့ရတာတော့မဟုတ်ဘူး၊ သွေးကြောတွေ၊ ကြွက်သားတွေမကျေဘူး၊ နည်းနည်းလောက်ပဲကျေတာဆိုရင် ကုသလို့ရတယ်။ ဆေးရုံကိုလည်း အရင်အကြောင်းကြားထားဖို့လိုတယ်။ ဒါမှ ဒီမှာကုသဖို့အတွက် ကြိုတင်ပြင်ဆင်ထားလို့ရမှာ"ဟု ဒေါက်တာခင်မောင်မြင့်က ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လက်ကောက်ဝတ်၊ တံတောင်ဆစ်၊ လက်မောင်း၊ လက်ချောင်းပြတ်လူနာများတွင် ကြံရည်ကြိတ်စက်နှင့် စပါးခြွေလှေ့စက်ညပ်ရာမှ ဆေးရုံသို့ အများဆုံးလာရောက်လေ့ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် လက်မတော်တဆမှုဖြစ်ပွားပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာန ဖုန်း ၀၁-၂၅၆၁၁၂ သို့ ကြိုတင်ဆက်သွယ် အကြောင်းကြားထားရန် လိုအပ်ကြောင်းသိရသည်။

**မင်းသစ်(သတင်းစဉ်)**

# ကြံအထွက်တိုးစံပြကွက် တောင်သူပညာပေးသရုပ်ပြ

**နေပြည်တော် ဇူလိုင် ၂၉**

နေပြည်တော် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု သပြေပင်ကြံအထွက်တိုး စံပြကွက်တွင် တောင်သူပညာပေးသရုပ်ပြသခြင်းကို ဇူလိုင် ၂၇ ရက်က ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန သကြားသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးခင်မောင်ညွန့်က ကြံသီးနှံလက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များတွင် စိုက်ပျိုးထားမှုအခြေအနေ၊ ကြံသီးနှံနှင့် ကမ္ဘာတွင် စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ သကြားစက်ရုံများ ကြိတ်ဝါးထုတ်လုပ်မှုအခြေအနေ၊ ကမ္ဘာပေါ်တွင် သကြားစားသုံးမှုအရ ကြံသီးနှံစိုက်ပျိုးမှု ရှေ့အလားအလာ အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒုတိယဦးစီးမှူး ဦးတင့်လွင်က သပြေပင်ကြံအထွက်တိုး စံပြကွက်တွင် လက်ရှိစိုက်ပျိုးထားမှု အခြေအနေ၊ အထွက်ကောင်း ကြံမျိုးသစ် သုံးမျိုးစိုက်ပျိုးထားမှုအပေါ် ကြံပင်ဖြစ်ထွန်းမှု အခြေအနေကို သေချာစွာလေ့လာရန် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းဆင်းပြီး၍ လုပ်ငန်းခွင်ရောက်ရှိသည့်အချိန်တွင် တာဝန်ကျဒေသများတွင် စိုက်ပျိုးနေသည့် မြို့နေရာများ၌ ယခုလေ့လာတွေ့ရှိခဲ့သည့် မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲစိုက်ပျိုးစေရေး ဆွေးနွေးပညာပေးခြင်းတို့ကို ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ဒဏ်ရာရတရုတ်နိုင်ငံသားအား ကျန်းမာရေး ကူညီစောင့်ရှောက်မှုပေး

**ညောင်ရွှေ ဇူလိုင် ၂၉**

ညောင်ရွှေမြို့ ဝင်းရပ်ကွက်ရှိ တိန့်နန်းတံတားအနီးတွင် ဇူလိုင် ၂၆ ရက် ည ၈ နာရီခန့်က တရုတ်နိုင်ငံသား မစ္စတာဂျီယန်သည် လမ်းဖြတ်ကူးစဉ် နွားခမကျေးရွာနေ ဖြိုးအောင် (၁၆ နှစ်) မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်က ဝင်ရောက်တိုက်မိခဲ့ရာ ပွန်းပဲ့ဒဏ်ရာများရရှိခဲ့သောကြောင့် ကျန်းမာရေးကူညီစောင့်ရှောက်မှုပေးနိုင်ရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့ (ညောင်ရွှေ)မှ တောင်ကြီးမြို့စဝ်စံထွန်းဆေးရုံသို့ ပို့ဆောင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဆိုင်ကယ်မဆင်မခြင် မောင်းနှင်သူ ဖြိုးအောင်ကိုလည်း ညောင်ရွှေမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ရှာငံ ဇူလိုင် ၂၉**

အများနှင့်သက်ဆိုင်သောလမ်းနှင့် နေရာများတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့မြို့မဈေးအတွင်း ဇူလိုင် ၂၈ ရက်က ကျင်းပရာ ဈေးလာမိဘပြည်သူများအား သက်ဆိုင်ရာအရာရှိများက ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မူခင်းကျဆင်းရေး၊ လူမှောင်ခိုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ရေး၊ လောင်းကစားမှုကင်းစင်ပပျောက်ရေး၊ လိုင်စင်မဲ့မော်တော်ယာဉ်ဆိုင်ရာဥပဒေများ၊ ယာဉ်မောင်းများလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ၍ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှာငံ)**



# စားသုံးသူအကာအကွယ်ပေးရေးဟောပြော၊ အာဟာရဒါနလှူဒါန်း

**သရက် ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် စားသုံးသူရေးရာ ဦးစီးဌာနက ကျောင်းသား ကျောင်းသူများ နေ့စဉ် စားသောက်နေသည့် အစားအစာများကို သတိပြုဝယ်ယူစားသုံးနိုင်ရေး ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး အာဟာရအဖြစ် ကြက်သားဆန်ပြုတ် ကျွေးမွေးလှူဒါန်းခြင်းကို ဇူလိုင် ၂၇ ရက်က တောင်မင်းတည်း မူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းစိန်က အသင့်ထုပ်ပိုးအစားအစာများတွင်ပါဝင်သော ပစ္စည်းများမှာ ကြာရှည်ခံဆေး၊ မှိုမတက်ရန် ဓာတုဆေး၊ ရနံ့တုများ၊ အရောင်ဆိုးဆေးနှင့် အခြားသောကုန်ကြမ်းပစ္စည်းများပါဝင်ပြီး ထုတ်လုပ်ရက်စွဲများမပါခြင်း၊ ပါရှိသော်လည်း စိတ်ချရမှုမရှိခြင်းတို့ကြောင့် ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ထက်**

# ရမည်းသင်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာမှ နှစ် ၃၀ သက်တမ်းရှိ စက်ရေတွင်းပြုပြင်

**ရမည်းသင်း ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်း မြို့နယ် ဥသျှစ်ကုန်းကျေးရွာတွင် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က တူးဖော်အသုံးပြုလျက်ရှိသော ခြောက်လက်မ စက်ရေတွင်းမှာ သက်တမ်းကျော်လွန်ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် တပ်ဆင်ထားသောမိုနိုပန့်နှင့် အင်ဂျင်စက်များ မကြာခဏ ပြုပြင်နေရခြင်း၊ အပိုပစ္စည်းရှားပါးခြင်းနှင့် မှာယူရန်ခက်ခဲခြင်း၊ စက်သုံးဆီပိုမိုကုန်ကျလာခြင်း၊ ရေရှည်တွင် ဆက်လက်အသုံးပြုနိုင်မှု မရှိနိုင်ခြင်းတို့ကြောင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြန်လည်ပြုပြင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ထိုသို့ပြန်လည်ပြုပြင်ရာတွင် မိုနိုပန့်အစား ရေမြှုပ်ပန့်အစားထိုးတပ်ဆင်ခြင်း၊ အင်ဂျင်ဒိုင်နမိုများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ ရေစက်ရုံနှင့် ရေလှောင်ကန်များ ပြုပြင်ခြင်းတို့ကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၈ ဒသမ ၅၀ ဖြင့် ကျေးလက်ဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# မြို့နယ် စီ/ခန့် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ကသာ ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် မြို့နယ် စီ/ခန့် ဥက္ကဋ္ဌဖလားအသက် (၂၂) နှစ်အောက် ရပ်ကွက်အလိုက် အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို မီတာ ၄၀၀ အားကစားပြိုင်ကွင်းကြီး၌ ဇူလိုင် ၂၇ ရက် ညနေ ၃ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အမှတ်(၁)ရပ်ကွက်ဘောလုံးအသင်းနှင့် အမှတ်(၄)ရပ်ကွက်ဘောလုံး အသင်းတို့ ယှဉ်ပြိုင်ဗိုလ်လုရာ အမှတ်(၁)ရပ်ကွက်အသင်းက အမှတ်(၄)ရပ်ကွက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။ ဆက်လက်၍ ဆုများကို မြို့နယ်စီ/ခန့်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာဝဏ္ဏသောင်း၊ မြို့နယ်အား/ကာမှူး ဦးရဲဝင်းလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မရမ်းကုန်းမြို့နယ်၌ ပိုင်းလော့ပရောဂျက်စီမံချက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ဆောင်ရွက်မည်

**ရန်ကုန် ဇူလိုင် ၂၉**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းမှ ပိုင်းလော့ ပရောဂျက်မှုခင်းကျဆင်းရေး၊ မှုခင်းမဖြစ်ပွားရေးဟောပြောပွဲကို ဇူလိုင်လ စတုတ္ထပတ်က ရပ်ကွက်(၂)အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ မှူး ဒုတိယရဲမှူးကြီး မြင့်သိန်းဦး က မှုခင်းကျဆင်းရေးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် နယ်မြေ လူထုပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပူးပေါင်းမှုရှိမှသာ ရဲလုပ်ငန်းအကျိုးသက်ရောက်မှုရှိကြောင်းနှင့် ဒုစရိုက်သမားတို့ လှုပ်ရှားမှုအခြေအနေ သိသင့်သိထိုက်သည်များ ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ပိုင်းလော့ ပရောဂျက်စီမံချက်ကို ဩဂုတ် ၁ ရက်မှ စတင်ကာ မရမ်းကုန်းမြို့နယ်အတွင်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသော မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်(၁) နှင့် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်မိရပ်ဖ ပြည်သူလူထုတို့အား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပြည်သူကိုဗဟိုပြုပြီး ပြည်သူကို ဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများနှင့် တပ်ဖွဲ့၏ဂုဏ်သိက္ခာကို ဆက်လက်မြှင့်တင်ဆောင်ရွက်



**ရန်ကုန် ဇူလိုင် ၂၉**
ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် ဇူလိုင် ၂၆ ရက်နံနက် ၁၀ နာရီက တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် ရှေ့ပြေးစီမံချက်အဖြစ် ဆောင်ရွက်ခဲ့သော မြို့နယ်လေးမြို့နယ်၏ အားသာချက်၊ အားနည်းချက်နှင့်ဆက်လက်ဆောင်ရွက်မည့် ရှစ်မြို့နယ်အတွက် အစီအမံများ ဆောင်ရွက်ထားရှိမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေသည် ပြည်သူလူထုကိုဖိနှိပ်သော ဥပဒေမျိုး မဟုတ်ဘဲ ပြည်သူလူထုကို အကာအကွယ်ပေးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင် အောင် စီမံပေးသော ဥပဒေမျိုးဖြစ်အောင် ဆောင်ရွက်ရန် တိုင်းဒေသကြီးအတွင်း လေးမြို့နယ်မှယခု ရှစ်မြို့နယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး နောင်တွင် တိုင်းဒေသကြီးတစ်ခုလုံး ဆောင်ရွက်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အားပေးကူညီဆောင်ရွက် ပေးခဲ့ကြသော ပြည်သူလူထုတစ်ရပ်လုံး ကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူကိုဗဟိုပြုပြီး ပြည်သူကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများနှင့်တပ်ဖွဲ့၏ဂုဏ်သိက္ခာကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားရန် အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က မှုခင်းကျဆင်းရေးရှေ့ပြေးစီမံချက် လေးမြို့နယ်၏ အခြေအနေနှင့် တိုးမြှင့်ဆောင်ရွက်မည့် ရှစ်မြို့နယ်၏ အခြေအနေကို ဆွေးနွေးတင်ပြပြီး ဆောင်ရွက်ခဲ့သည့် လေးမြို့နယ်၏အားသာချက်၊ အားနည်းချက်နှင့်အတူ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် ရှစ်မြို့နယ်၏ အစီအမံတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသော တာဝန်ရှိသူများက တင်ပြဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။
**သန်းထိုက်(လှိုင်သာယာ)**

# စစ်ကိုင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**စစ်ကိုင်း ဇူလိုင် ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး နည်းပညာတက္ကသိုလ်၌ ဇူလိုင် ၂၇ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် တပ်ဖွဲ့စု ၁၀၅ စစ်ကိုင်းယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ရဲလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ဆိုင်သည်များကို ရှင်းလင်းပြောကြားကာ ယာဉ်တိုက်မှုများ/ မှန်၊ မော်တော်ယာဉ်ဥပဒေတို့ကိုလည်း တက်ရောက်လာသူများနှင့် ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။
**ကိုမျိုး(ရွှေပေါက်ကံ့)**



# နောင်ချို၌ ကားလမ်းမကြီး ပြုပြင်ပြီး၍ ပြည်သူများဝမ်းသာ

**နောင်ချို ဇူလိုင် ၂၉**
နောင်ချိုမြို့တွင်း မန္တလေး-လားရှိုးလမ်း CB ဘဏ်သစ်ရှေ့ရှိသည့်လမ်းသည် နေ့စဉ် ယာဉ်ကြီး၊ ယာဉ်ငယ်မျိုးစုံ ၃၀၀၀ ကျော် အတက်အဆင်းဖြတ်သန်းသွားလာနေခြင်း၊ မိုးရက်ဆက်ရွာသွန်းခဲ့သောကြောင့် မိုးရေတိုက်စားကာ လမ်းမကြီးမှာ ချိုင့်ခွက်များဖြစ်ပေါ်၍ ပျက်စီးသွားခဲ့သဖြင့် အိုရီယမ်တယ် အမြန်လမ်းစီမံကိန်းမှ ဦးစိုင်းမိုးညွန့်ဦးစီးသည့် လမ်းလုပ်သား ဝန်ထမ်းများက စက်ယန္တရားများဖြင့် ပြုပြင်ခဲ့ရာ ပြီးစီးသွားပြီဖြစ်သောကြောင့် မော်တော်ယာဉ်များ ချောမွေ့စွာသွားလာနိုင်၍ ခရီးသွားပြည်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။
**စိုးဝင်း(နောင်ချို)**



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပွားစေရန်အတွက် မင်းလှမြို့မဈေးကြီးနှင့် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ အသုပ်ဆိုင်များနှင့် မုန့်ဟင်းခါး အရောင်းဆိုင်များ၊ သစ်သီးဝလံ အရောင်းဆိုင်များ၊ ငါးခြောက်ဆိုင်များ၊ မုန့်ဟင်းခါးဖိုလုပ်ငန်းများကို ဇူလိုင် ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဓာတုဆိုးဆေးများ၊ အန္တရာယ်ရှိသော အချိုမှုန့်များ အကြောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ သိရှိရန် တားမြစ်ချက်နှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့စဉ်။**
ပေါက်စ-မင်းလှ

# စက်ချုပ်သင်တန်းဆင်း

**ကျောက်တံခါး ဇူလိုင် ၂၉**
ကျောက်တံခါးမြို့နယ် ဖဒိုမြို့ တရုတ်ဗုဒ္ဓဘာသာဘုရားကျောင်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် ဖွင့်လှစ်ခဲ့သော စက်ချုပ်သင်တန်းဆင်းပွဲကို ဇူလိုင် ၂၇ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသုတတို့က အမှာစကားပြောကြားပြီး သင်တန်းမှူး ဆရာမကြီးက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။
**သိန်းအေး(ဖဒို)**

# ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**မော်လိုက် ဇူလိုင် ၂၉**
မော်လိုက်မြို့နယ်တွင် ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြရသည့် လောင်းကောင်းကျေးရွာအုပ်စုအတွင်းရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ရေသန့်ဘူးနှင့် ခေါက်ဆွဲခြောက်ထုပ်များကို ဇူလိုင် ၂၇ ရက်က ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့သည် လောင်းကောင်းကျေးရွာအုပ်စုအတွင်းရှိ လောင်းကောင်းကျေးရွာ၊ ညောင်ဝန်းကျေးရွာနှင့် ညောင်သပြေကျေးရွာများမှ ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြသည့် ရေဘေးသင့်အိမ်ထောင်စု ၅၉ စု လူဦးရေ ၃၄၈ ဦးအတွက် ရေသန့်ဘူးနှင့် ခေါက်ဆွဲခြောက်ထုပ်များ သွားရောက်ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။
**မော်လိုက်သားလေး**

# ကျေးရွာဒေသဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်း

**မြင်းခြံ ဇူလိုင် ၂၉**
မြင်းခြံမြို့နယ် ခေါင်းကွဲကျေးရွာမြေသားမိုးရေလှောင်ကန်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လွှတ်တော်ကိုယ်စားလှယ်များရန်ပုံငွေနှင့် အလှူရှင်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းခွင်သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးပေါခင်က ဇူလိုင်လတတိယပတ်တွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ မိုးရေလှောင်ကန်သည် ခေါင်းကွဲကျေးရွာအုပ်စု အိမ်ခြေ ၇၂၇ နှင့်လူဦးရေ ၃၇၄၂ ဦးအား သောက်သုံးရေဖူလုံစွာရရှိမည့်အပြင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# လယ်ယာသုံးစက်ကိရိယာစာရင်းများကောက်ယူ

**လယ်ဝေး ဇူလိုင် ၂၉**
ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၇) စက်မှုလယ်ယာစခန်းမှ ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအလိုက် လယ်ယာသုံးစက်ကိရိယာများစာရင်းအား ဇူလိုင်လဒုတိယပတ်က စတင်ကောက်ယူလျက်ရှိသည်။

ထိုသို့ကောက်ယူရာတွင် ကျေးရွာအလိုက် တောင်သူများပိုင်ဆိုင်သည့် စက်ကိရိယာများ ဝန်ဆောင်ပေးနေမှုနှင့် သုံးစွဲမှုစာရင်းများကို လိုက်လံကောက်ယူလျက်ရှိပြီး ဇူလိုင် ၂၃ ရက်က နေပြည်တော် စက်မှုလယ်ယာတိုင်းဦးစီးမှူး ဦးကျော်စိုး၊ ဒက္ခိဏခရိုင်ဦးစီးဌာနမှူးဦးဝင်းသန်းနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးသန်းဇော်ဦးတို့က ပိတောက်ချောင်ကျေးရွာတွင် စာရင်းကောက်ယူနေမှုကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**မင်းမင်းလတ်(ရှုပဗေဒ)**

# ကျေးရွာမြေငှားဂရန်ထုတ်ပေး

**ရေစကြို ဇူလိုင် ၂၉**
ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ရက် ၁၀၀ စီမံချက်အရ ကျေးရွာမြေငှားဂရန်ထုတ်ပေးခြင်းအခမ်းအနားကို (OSS) ရုံး၌ ဇူလိုင် ၂၇ ရက်က ကျင်းပရာ အခမ်းအနားတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ အုပ်စုခေါင်းဆောင် မစ္စတာကန်နက်အီနေး၊ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာညီညီနှင့် အာရှ ဖွံ့ဖြိုးရေးဘဏ်မှ research manager ဦးမိုးအောင်တို့က ကျေးရွာမြေငှားဂရန်များ အားထုတ်ပေးရာ ဆင်ချောင်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာမှ ပြည်သူများက လက်ခံယူကြသည်။

ထို့နောက် ဇီးတောကျေးရွာ၊ ဆည်ရွာကျေးရွာ၊ သာစည်ကျေးရွာတို့မှ တောင်သူများအား ထုတ်ပေးရန်ကျန်ရှိနေသေးသော လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇)များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က ထုတ်ပေးရာ အဆိုပါကျေးရွာများမှ တောင်သူများက လက်ခံယူခဲ့ကြောင်း သိရသည်။
**အိမွန်ဆွေ(ရေစကြို)**

# ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း စခန်းဖွင့်

**ညောင်ရွှေ ဇူလိုင် ၂၉**
၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်ပွဲကို ဇူလိုင် ၂၆ ရက်က ညောင်ရွှေမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ ညောင်ရွှေမြို့နယ်တွင် ကျောင်းပြင်ပမူလတန်းပညာရေးကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစတင်၍ အခြေစိုက်စခန်းနှစ်ခုဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် ညောင်ရွှေမြို့ သီရိဇေယျာသီလရှင်စာသင်တိုက်၌ အခြေစိုက်စခန်း တစ်ခုအဖြစ် ဖွင့်လှစ်သင်ကြားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် မြိတ်မြို့ ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

**မြိတ် ဇူလိုင် ၂၉**

ပညာရေးကဏ္ဍ မြှင့်တင်ရေးအတွက် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား အရည်အသွေးပြည့်ဝအောင် သင်ကြားပေးစေလိုကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး၊ လိမ္မာယဉ်ကျေးသော ကျောင်းသား ကျောင်းသူများဖြစ်စေရေးအတွက် ပြည်သူ့နီတိဘာသာရပ်ကို စာသင်ချိန်များတွင် ထည့်သွင်းသင်ကြားနိုင်ရေးနှင့် ကျောင်းကို အားကိုးသော ကျောင်းသား ကျောင်းသူများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဇူလိုင် ၂၇ ရက်က မြိတ်ခရိုင်အတွင်းရှိ ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံစဉ် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကား ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြိတ်တောင်ကျေးရွာ စက်မှုဇုန်ရှိ ထူးထူးတိုး၊ မင်းဇာနည်၊ ဇင်းတော့ရှ်၊ အဆောင်ကောင်းငါးမှုန့်စက်ရုံများအား သွားရောက်စစ်ဆေးခဲ့ပြီး စက်ရုံများမှ အနံ့ဆိုးများ မထွက်စေရေးအတွက် လတ်ဆတ်သောငါးများသာ ဝယ်ယူဆောင်ရွက်ကြရန် မှာကြားခဲ့သည်။



ထို့နောက် မြိတ်မြို့ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးသို့ ရောက်ရှိပြီး ငါးလေလံဈေး အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို ငါးလေလံဈေး ဒါရိုက်တာဒေါ်ဌေးဌေးဝင်းကတင်ပြခဲ့ရာ ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနများ၏ လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ နည်းပဒေများနှင့် အညီဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရိပ်သာ အစည်းအဝေးခန်းမ၌ မြန်မာ့ပုလဲ ထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ဖက်စပ် လုပ်ကိုင်နေသော ပြည်တွင်း၊ ပြည်ပ ပုလဲထုတ်လုပ်ရေးကုမ္ပဏီများနှင့် တွေ့ဆုံခဲ့သည်။

ယင်းနောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ပင်ကိုစိတ်ဖြင့် လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ယာဉ်တိုက်မှုအများဆုံးသည် လူငယ်လူရွယ်များဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ဥပဒေအရထိထိရောက်ရောက် အရေးယူ ဆောင်ရွက်စေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးကွင်းဆင်း ဆောင်ရွက်စဉ် မှာကြားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး ( ပြန်/ဆက် )**

## ရမည်းသင်းမြို့ မူခင်းကျဆင်းရေး ဟောပြော

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ သာသနာ့ဗိမာန်၌ ဇူလိုင် ၂၇ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရမည်းသင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ရွှေက လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအကြောင်းနှင့် မှုခင်းကျဆင်းရေးများကို အသေးစိတ်ရှင်းလင်းဟောပြောပြီး ရဲမေများက သိကောင်းစရာအချက်အလက်လက်ကမ်း စာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဇူလိုင် ၂၆ ရက်က ပုဇွန်တောင်ဘူတာနှင့် ရန်ကုန်ဘူတာကြီးကြားတွင် မြို့ပတ်အဆန်လမ်း၌ ရထားများလမ်းချော်မှုအန္တရာယ် ကင်းရှင်းစေရန် အငယ်တန်း အင်ဂျင်နီယာ(၃) သံလမ်း ဦးကြည်မောင်ဦးအဖွဲ့ ရထားလမ်းပြုပြင်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

သတင်းတိုထွာ

## လွိုင်ကော်၌ မူလတန်းကြိုကျောင်းအဆောက်အအုံသစ် လွှဲပြောင်းပေးအပ်

မူလတန်းကြိုကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၆ ရက်က လွိုင်ကော်မြို့၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးက အမှာစကားပြောကြားပြီး GNI အဖွဲ့မှ တာဝန်ရှိသူ ဦးမင်းသူရိန်က အဆောက်အအုံသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်ထံ လွှဲပြောင်းပေးခဲ့သည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါကျောင်းဆောင်သစ်အား Good Neighbours International (Myanmar) က ဆောက်လုပ်လှူဒါန်းပြီး ပေ (၁၀၀× ၃၀) အာရ်စီတစ်ထပ်ဖြစ်သည်။ ကျောင်းအဆောက်အအုံနှင့် ကျောင်းသုံးပရိဘောဂပစ္စည်းများအပါအဝင် ငွေကျပ်သိန်းပေါင်း ၆၀၀ ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပညာပေးဟောပြောဆွေးနွေးမှုများ ဆောင်ရွက်

ရက် ၁၀၀ စီမံချက်ဖြင့် ဇူလိုင် ၂၆ ရက်က အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သိန်းဆွေညွှန့်၊ မော်လူးနယ်မြေရဲစခန်းမှူး ရဲအုပ်မင်းနိုင်၊ မော်လူးဒေသ ကျေးရွာ အုပ်စု ၁၀ အုပ်စုမှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများပူးပေါင်း၍ မော်လူးစံပြကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး တရားမဝင်ယစ်မျိုးများ ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ရေး၊ သစ်မှောင်ခိုနှင့် ကျွဲ၊ နွားမှောင်ခိုများအား ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများမှ ပညာပေးဆွေးနွေးဟောပြောမှုများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိပ်ကမ်းမြို့နယ်တွင် အသိပညာပေးဟောပြော

အမှတ် (၄၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ဆိပ်ကမ်းမြို့နယ်)တပ်ဖွဲ့စုမှူး ဒုတိယ ရဲမှူး ဝင်းမြင့်အောင်နှင့် တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၇ ရက်က ဆိပ်ကမ်းမြို့နယ် နန်းသီတာဆိပ်ကမ်းဝင်းအတွင်းရှိ အငှားယာဉ်ဂိတ်မှ အငှားယာဉ် လုပ်သားများအား အငှားယာဉ်နှင့် ခြေကျင်လျှောက်သူများလိုက်နာရန် စည်းကမ်းများနှင့် မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့်စည်းကမ်းများကို ဟောပြောဆွေးနွေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုတင်မောင်ဦး (အလုံ)**

## ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းအသိပေး

**သုံးခွ ဇူလိုင် ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း အသိပေးရှင်းလင်းပွဲကို ဇူလိုင် ၂၇ ရက်က ကျင်းပရာ WHOမှ ဒေါက်တာ ဒေါ်ရှုကြည်၊ ဒေါက်တာမင်းသူ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တီဘီဌာနမှ ဒေါက်တာထင်အောင်ဇော်၊ သုံးခွမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီဌာနမှူး ဒေါက်တာတင်ဝင်းအောင်၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အသိပေးရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ၏ အဓိက ကူးစက်ရောဂါများဖြစ်သည့် ငှက်ဖျား၊ တီဘီ၊ HIV/ AIDS တို့ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ NGOs များနှင့် စေတနာ့ဝန်ထမ်းများပူးပေါင်းပြီး ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်လုပ်ဆောင်နေသည့်အတွက် ငှက်ဖျားကဲ့သို့ ကူးစက်ရောဂါများဖြစ်ပွားမှု သေဆုံးမှုများ သိသိသာသာလျော့နည်းလာပြီဖြစ်ကြောင်း၊ တီဘီရောဂါမှာ ပြည်သူလူထုကို ခြိမ်းခြောက်ဆဲဖြစ်ကြောင်း၊ ရောဂါတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ဆင်းရဲနွမ်းပါးမှုနှင့် ကျန်းမာရေးအသိပညာနည်းပါးမှုများသည် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း၊ တီဘီနှင့် HIV/ AIDS ရောဂါသည် ဆက်စပ်နေသည့်ရောဂါများဖြစ်သောကြောင့် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် အားလုံးပူးပေါင်းဆောင်ရွက်ကြရန်တိုက်တွန်းကြောင်း ဆွေးနွေးခဲ့ကြသည်။

**ကြည်စိုးလွင်(သုံးခွ)**

## ရှီခေါဒါရ်မြို့အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ရေထုတ်ပြွန် သုံးခုတည်ဆောက်

**ရှီခေါဒါရ် ဇူလိုင် ၂၉**

ချင်းပြည်နယ် ရှီခေါဒါရ်မြို့အတွင်းရှိ အဓိကလမ်းမကြီးများတွင် ရှီခေါဒါရ်မြို့ လမ်းဦးစီးဌာနမှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေဖြင့် အရှည် ပေ ၃၀၊ ရေပြွန်အကျယ်နှင့် အမြင့် လေးပေရှိ သံကူကွန်ကရစ် ရေထုတ်ပြွန်သုံးခုကို ဇူလိုင်လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့ဟာ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ အိန္ဒိယ - မြန်မာ နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်း မြို့လေးတစ်မြို့ဖြစ်တဲ့အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုရှိကာ တရုတ်၊ ထိုင်း၊ မြန်မာ၊ အိန္ဒိယနိုင်ငံတို့ ကုန်သွယ်မှု ဆက်သွယ်တဲ့နေရာမှာ အလွန်အသုံးဝင်တဲ့ နေရာဒေသဖြစ်တဲ့အပြင် မြို့တွင်းကို လူနဲ့ယာဉ် ဝင်ထွက်သွားလာမှု များပြားသော မြို့တစ်ခုလည်း ဖြစ်ပါတယ်။ အခုပြုလုပ်နေတဲ့နေရာက အရင်ရေထုတ်ပြွန်တည်ဆောက်မှုမရှိသေးခင်ကဆိုရင် ကုန်တင် ကားကြီးတွေအတွက် အန္တရာယ်ရှိပြီး သွားလာမှု အဆင်မပြေခဲ့ပါဘူး။ အခုတော့ ရှီခေါဒါရ်မြို့ လမ်းဦးစီးဌာနအနေဖြင့် သံကူကွန်ကရစ် ရေထုတ်ပြွန်တွေ တည်ဆောက်ပေးတော့ အဆင်ပြေသွားပါတယ်။ လူနဲ့ယာဉ်သွားလာမှု အဆင်ပြေရုံမက မြို့အင်္ဂါရပ် သာယာလှပရေးကိုပါ များစွာ အထောက်အကူပြုစေပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။



အဆိုပါရေထုတ်ပြွန်များသည် မြို့တွင်းရှိ အမှန်တကယ်လိုအပ်သည့် လမ်းမများတွင် တည်ဆောက်ခြင်းဖြစ်ကာ ယခုအချိန်တွင် လူနှင့် မော်တော်ယာဉ်များ အဆင်ပြေချောမွေ့စွာ သွားလာနေကြပြီဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ကျိုက်ထီးရိုးဘုရားတောင်တက်လမ်း စုပေါင်းသန့်ရှင်း



**ကျိုက်ထို ဇူလိုင် ၂၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှ ဦးဆောင်ကာ တန်ခိုးကြီးကျိုက်ထီးရိုးဘုရားသို့ နေ့စဉ်လာရောက်လျက်ရှိသည့် ဘုရားဖူးခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာမှုပိုမိုအဆင်ပြေစေရန်အတွက် ဇူလိုင် ၂၄ ရက်နံနက်က တောင်တက်လမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ် (၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲမှူးငြိမ်းချမ်းနှင့် တပ်ဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များနှင့် ရင်ပြင်တော်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းအဖွဲ့က အနယ်နယ်အရပ်ရပ်မှလာရောက်သည့် ဘုရားဖူးခရီးသည်များ မသယ်ဆောင်နိုင်သော အထုပ်အပိုးများ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးငယ်များ၏ အာဟာရဖွံ့ဖြိုးရေး အသိပေးရှင်းလင်း

**မလှိုင် ဇူလိုင် ၂၉**

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းသည် မလှိုင်မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးငယ်များ၏ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်အသိပေးရှင်းလင်းပွဲကို ဇူလိုင် ၂၅ ရက်က မလှိုင်မြို့ပုန်းလှိုင်ရွှေဝါခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း စီမံချက်မန်နေဂျာဒေါ်ဝင်းမာက စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် LEGACY စီမံချက်အရာရှိ ဒေါ်မြမြသွေးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ပက်မြန်မာ (PGMF) မန်နေဂျာဒေါ်ချိုချိုခိုင်က ကိုယ်ဝန်ဆောင်မိခင်များကို လစဉ်ငွေကြေးပံ့ပိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ စီမံချက်အရ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၇၈ ရွာမှ ကိုယ်ဝန်ဆောင်မိခင် ၄၉၂ ဦးအား အာဟာရဖွံ့ဖြိုးရေးအတွက် တစ်ဦးလျှင် တစ်လငွေကျပ် ၁၀၀၀၀ နှုန်းလစဉ်ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း၊ စီမံကိန်းကာလမှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ ရက်ပေါင်း ၁၀၀၀ အတွင်းဖြစ်သည်။ ကိုယ်ဝန်ဆောင် လေးလမှစတင်၍ စီမံကိန်းတွင် ဝင်ရောက်နိုင်ပြီး ကလေးအသက်နှစ်နှစ်အထိ အကျိုးခံစားခွင့်ရရှိမည်ဖြစ်သည်။ ကလေးအသက် ၂၄ လရောက်လျှင် မိခင်သည် စီမံကိန်းဝင်ရောက်သောကျေးရွာမှ ပြောင်းရွှေ့လျှင် ပံ့ပိုးမှုရပ်ဆိုင်းမည်ဖြစ်ပြီး ကိုယ်ဝန်ပျက်ကျလျှင် မိခင်သည်ခြောက်လသာ ပံ့ပိုးမှုရရှိမည်ဖြစ်ကြောင်း သိရသည် ။

**အောင်ဌေး (မလှိုင်)**

# စာသင်ကျောင်းမုန့်ဈေးတန်းရှိ အစားအသောက်များ အန္တရာယ်ကင်းရှင်းရေး ညှိနှိုင်း

**မကွေး ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီးအတွင်း စာသင်ကျောင်းများရှိ မုန့်ဈေးတန်းများတွင် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၇ ရက်က တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒေါက်တာခင်မောင်အေးက အမှာစကားပြောကြားရာ ကျောင်းမုန့်ဈေးတန်းရှိ ဈေးဆိုင်များမှ မုန့်များတွင် ကျောင်းသား ကျောင်းသူများအားဆွဲဆောင်ပြီး ဆိုးဆေးများ အလွန်အကျွံသုံးစွဲခြင်း၊ ခွင့်မပြုသော ဓာတုဆိုးဆေးများ ပါဝင်ခြင်းကြောင့် မျိုးဆက်သစ်များ၏ ရေရှည်ဘဝ ကျန်းမာရေးထိခိုက်စေသည့်အတွက် ကျောင်းမုန့်ဈေးတန်းများမှ အစားအသောက်များကို စစ်ဆေးပြီးမှ ရောင်းချရန် လိုအပ်လျက်ရှိကြောင်း ပြောခဲ့သည်။

**ညီညီမောင်(မကွေး)**

# ပြည်သူ့အတွက် ရက် ၁၀၀ သစ္စာစီမံချက် ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၉**

တာမွေမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်သူ့အတွက် ရက် ၁၀၀ သစ္စာစီမံချက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နယ်မြေကွင်းဆင်း၍ ဇူလိုင် ၂၆ ရက်က ဆောင်ရွက်ခဲ့သည်။

လဝကမှူး ဒေါ်မိမိသူ ဦးဆောင်သောအဖွဲ့သည် အထက (၃)တွင် ကျောင်းသား ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခက်အခဲမရှိ လက်ဝယ်သို့ ရရှိအောင် ဆောင်ရွက်ပေးခဲ့သည်။

ကျောင်းသားမိဘများက လိုအပ်သည့်စာရွက်စာတမ်းများ ယူဆောင်လာပြီး မိမိတို့၏ သားသမီးများကို ယခုလိုကျောင်းပညာသင်ကြားနေချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိအောင် ကျောင်းများသို့ ကွင်းဆင်း၍ဆောင်ရွက်ပေးခြင်းကို ကျေးဇူးတင်ရှိကြောင်းနှင့် ရုံးအဖွဲ့၏လိုအပ်သည့် မေးမြန်းချက်များကိုလည်း ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှလှ**

# အခြေခံပညာကျောင်းများသို့ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်များငှားရမ်းပေး

**ထီးလင်း ဇူလိုင် ၂၉**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများသို့ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်များငှားရမ်းပေးလျက်ရှိရာ ဇူလိုင် ၂၆ ရက်တွင် အမက(၂)နှင့် စည်ပင်သာယာအမကတို့သို့ သွားရောက်၍ စာအုပ်များ ငှားရမ်း ပေးခဲ့သည်။ စာအုပ်များငှားရမ်းပေးရာတွင် ကျောင်းသား ကျောင်းသူများ စာအုပ်စာပေကိုလွယ်လင့်တကူ ဖတ်ရှုလေ့လာနိုင်ရေး၊ ဉာဏ်ပညာထက်မြက်သူများဖြစ်လာစေ ရေး၊ စာကြည့်တိုက်လုပ်ငန်းကို စိတ်ပါဝင်စား၍ ပူးပေါင်းဆောင်ရွက်သည့် အလေ့အထ များ ရရှိစေရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(၁၀၁)**

# စစ်တောင်းမြစ်ကြောင်းတစ်လျှောက် ငရုတ်စိုက်ခင်းများအတွက်နှုန်းကျသော်လည်း ဈေးနှုန်းကောင်းမွန်

**ရေတာရှည် ဇူလိုင် ၂၉**

ရာသီအပြောင်းအလဲ မြန်ဆန်ခြင်းကြောင့် စိုက်ပျိုးသီးနှံ စိုက်ခင်းများအပေါ် အကျိုးသက်ရောက်မှု များပြားကာ ရေတာရှည်မြို့နယ် စစ်တောင်းမြစ်ကြောင်းတစ်လျှောက် စိုက်ပျိုးထားကြသည့် ငရုတ်စိုက်ခင်းများ အထွက်နှုန်းလျော့ကျသော်လည်း ယခုအခါဈေးကွက်သို့ တင်ပို့ရာ၌ ဈေးနှုန်းကောင်းမွန်နေကြောင်း သိရသည်။

ငရုတ်စိုက် တောင်သူများအနေဖြင့် ၆၉၂ အမျိုးအစားများ စိုက်ပျိုးကာ ယခုလအစောပိုင်းက တစ်ပိဿာငွေကျပ် ၅၀၀ သာရှိသော်လည်း လက်ရှိတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ အထိ မြင့်တက်လာကြောင်း တောင်သူတစ်ဦးက ပြောသည်။

"အခု လက်ရှိ ငရုတ်အစိမ်းသီးဆိုရင် တစ်ပိဿာ ၁၀၀၀၊ အစိမ်းအမှည့်ရောရာဆိုရင် ရှစ်ရာပေါက်ဈေးရှိတယ်"ဟု ၄င်းကပင် ဆက်ပြောသည်။

တောင်သူများက ထွက်ရှိသည့် ငရုတ်သီးများအား တောင်ငူမြို့ရှိ ပွဲရုံများမှတစ်ဆင့် မြန်မာနိုင်ငံအနှံ့အပြားသို့ ဖြန့်ချိတင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရေးမြို့နယ် ဒေသထွက်သံပရာသီးများ ဈေးကောင်းမရ

**ရေး ဇူလိုင် ၂၉**

မွန်ပြည်နယ် ရေးမြို့နယ်ဒေသအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများအနက် အဓိကစီးပွားဖြစ် ရေးဒေသထွက် သံပရာသီးများမှာ ဝါဆို၊ဝါခေါင်တွင် ဈေးကွက်အတွင်း ပိုမိုဝင်ရောက်နေသော်လည်း ခြံရှင်စိုက်ပျိုးတောင်သူများ ဈေးကောင်းမရဖြစ်နေကြောင်း သိရသည်။ "ထွက်ရှိလာတဲ့ ဒေသထွက်သံပရာသီးအဝယ်ဒိုင်လက်ရှိပေါက်ဈေးမှာ သံပရာသီးတစ်လုံးလျှင် ငွေကျပ် ၁၁ ကျပ်ရှိပါတယ်။ ဝါဆိုလမှာ ရှစ်ကျပ်အထိဖြစ်ပြီး တော်သလင်း၊ သီတင်းကျွတ်မှာတော့ သံပရာသီးဈေးကွက်က ပြန်လည်ဦးမော့လာတယ်။ တပေါင်း၊ တန်ခူးရောက်တဲ့အခါ အသီးက အဝင်နည်းတဲ့အတွက် တစ်လုံးကိုငွေကျပ် ၁၀၀ အထိ ပေးဝယ်ရလို့ တောင်သူတွေ ဈေးကောင်းရကြပါတယ်။ အဝယ်ဒိုင်အများစုဟာ အရောင်းအဝယ်က ပုံမှန်ဖြစ်ပေမယ့် လက်ရှိကာလမှာ အမြတ်အစွန်းနည်းတဲ့ ကာလဖြစ် တယ်" ဟု သီးနှံရောင်းဝယ်လုပ်ကိုင်နေသူများထံမှ သိရသည်။

**နေမျိုးထွန်း (ရေး)**

# မြဝတီမြို့၌သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**မြဝတီ ဇူလိုင် ၂၉**

ကရင်ပြည်နယ် မြဝတီခရိုင်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး မြဝတီမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ရက်က မြဝတီမြို့အမှတ်(၅)ရပ်ကွက် ဦးအောင်ဇေယျလမ်းတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ အဖွဲ့ဝင် ဦးစိန်သောင်း၊ ဦးစိုးနောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကျော်ကျော်ဦးနှင့် ဝန်ထမ်းများက လမ်းဘေးဝဲယာရှိ ရေနုတ်မြောင်းများဆယ်ယူခြင်း၊ မိုးတွင်းကာလအတွင်း သစ်ကိုင်းများကျိုးကျခြင်း၊ သစ်ပင်လဲခြင်းများ ဖြစ်နိုင်သည့် နှစ်ချို့သစ်ပင်များနှင့် သစ်ကိုင်းခြောက်များ၊ လမ်းနှင့်မလွတ်ကင်းသည့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးတို့က လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုဆိုင်ရာ ပူးပေါင်းအလုပ်ရုံဆွေးနွေး

**စစ်တွေ ဇူလိုင် ၂၉**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး(OCHA)တို့ ပူးပေါင်းကျင်းပသည့် သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုဆိုင်ရာ ပူးပေါင်းအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၇ ရက်က စစ်တွေမြို့ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မင်းသူရိယခန်းမ၌ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုဆိုင်ရာ ပူးပေါင်းအလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသောရလဒ်အပေါ် လက်တွေ့နယ်ပယ်တွင် အသုံးချရန်နှင့် ပြည်သူများအတွက် ကောင်းမွန်သောအကျိုးရလဒ်များ ရရှိလာအောင် ပူးပေါင်းပါဝင်ဆွေးနွေးကြပါရန် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# တန်းတက်မျက်နှာသစ်အသင်းတွေရဲ့ပြိုင်ဆိုင်မှုနဲ့ လီဂူး-၁

**မိုးမြင့်လင်းလက်**




၂၀၁၆- ၂၀၁၇ ဘောလုံးရာသီကို လာမယ့် ဩဂုတ်လလယ်မှာ စတင်တော့မှာဖြစ်တဲ့အတွက် ရက်သတ္တ နှစ်ပတ်ခန့်သာလိုတော့တယ်။ ပရီမီယာလိဂ်၊ လာလီဂါ၊ ဘွန်ဒက်လီဂါ၊ စီးရီးအေစတဲ့ ပရိသတ်အကြိုက် ဥရောပ ပြည်တွင်းလိဂ်ပြိုင်ပွဲတွေအတွက် ရာသီအကြို ပြင်ဆင်မှု၊ ခြေစမ်းပွဲတွေကစားနေမှု၊ ကစားသမားအသစ်တွေဝယ်ယူဖြည့်ဆည်းမှုတွေနဲ့ လှုပ်လှုပ်ရှားရှားရှိနေချိန်မှာ ပြင်သစ်လိဂ် လီဂူး-၁ ဘက်ကို မျှော်ကြည့်လိုက်ရင် တန်းတက်အသင်းသစ်သုံးသင်းရဲ့ပြင်ဆင်မှုတွေကိုလည်း မြင်တွေ့နေရပါတယ်။ ဒါကြောင့် တန်းတက်အသစ်သုံးသင်းရဲ့ အခြေနေကိုကြည့်ရင်တော့...

ပြင်သစ်လီဂူး-၁ကို တန်းတက်လာတဲ့ အသင်းဖြစ်တဲ့ မက်ဇ်အသင်းဟာ ခြေစွမ်းကောင်းမွန်တဲ့အသင်းဖြစ်ပါတယ်။ ပြင်သစ်လီဂူး-၁ မှာလည်း အကြိမ်ကြိမ်တက်ရောက်ကစားဖူးတဲ့အသင်းဖြစ်ပြီး အတွေ့အကြုံများစွာရရှိထားတဲ့ ကစားသမားတွေနဲ့ ပါဝင်ဖွဲ့စည်းထားပါတယ်။ နည်းပြ ဟင့်ရှ်ဘာဂါ ကိုင်တွယ်နေတဲ့ မက်ဇ်အသင်းဟာ ပြီးခဲ့တဲ့နှစ် ဘောလုံးရာသီက လီဂူး-၂ မှာ တတိယရရှိခဲ့တာမို့ အခုလို လီဂူး-၁ ကို တန်းတက်လာတာဖြစ်ပါတယ်။ မက်ဇ်အသင်းမှာ ဝီလ်တော့၊ ရစ်ဘာရီ၊ ပီရက်စ်၊ အဒီဘာယော၊ ဆာဟာ၊ ရီဂိုဘတ်ဆောင်း စတဲ့ နာမည်ကြီး ကစားသမားတွေ ကစားခဲ့ဖူးတဲ့အသင်းဖြစ်လို့ အစဉ်အလာကောင်းလည်း ရှိပါတယ်။ မက်ဇ်အသင်းအနေနဲ့ ဒီနှစ် လီဂူး-၁ အတွက် ပြင်ဆင်တဲ့နေရာမှာ တိုက်စစ်အတွက် တူရကီလက်ရွေးစင်ဟောင်း အာဒင်းကို ပေါင် ၂ ဒသမ ၅ သန်းနဲ့ ခေါ်ယူအားဖြည့်ထားပါတယ်။ ပြီးခဲ့တဲ့နှစ်က လီဂူး-၂မှာ ၃၈ ပွဲ ကစားခဲ့ရာမှာ ၁၉ ပွဲနိုင်၊ ၈ ပွဲ သရေ၊ ၁၁ ပွဲရှုံးရလဒ်နဲ့ စုစုပေါင်း ၆၅ မှတ်ရရှိခဲ့ပြီး တတိယနေရာက တန်းတက်ခဲ့တဲ့ မက်ဇ်အသင်းရဲ့မကြာခင်ကြုံတွေ့ရတော့မယ့် လီဂူး-၁ ကို ဘယ်လိုဖြတ်ကျော်သွားမယ်ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

လီဂူး-၁ ကို တန်းတက်လာတဲ့ မျက်နှာသစ်အသင်းကတော့ နန့်စီပဲဖြစ်ပါတယ်။ လီဂူး-၂ ကနေပြီး ချန်ပီယံအဖြစ် တက်ရောက်လာခဲ့တာဖြစ်ပြီး အသင်းလိုက်စွမ်းဆောင်မှု မြင့်မားတဲ့အသင်းလည်းဖြစ်ပါတယ်။ နန့်စီရဲ့ ထူးခြားတဲ့ စွမ်းဆောင်မှုက ခံစစ်ပိုင်းကောင်းမွန်တာဖြစ်ပြီး ပေးဂိုးအနည်းဆုံးဖြစ်အောင် အားထုတ်နိုင်သူတွေဖြစ်တာမို့ ပြီးခဲ့တဲ့ရာသီက စုစုပေါင်း ၃၂ ဂိုးသာပေးနိုင်ခဲ့တာတွေ့ရပါတယ်။ နည်းပြ ပေါ်ရီယာရဲ့နန့်စီအသင်းဟာ ပြီးခဲ့တဲ့နှစ်က လီဂူး-၂မှာ ၃၈ ပွဲကစားခဲ့ရာမှာ ၂၀ ပွဲနိုင်၊ ၁၁ ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်တွေနဲ့ စုစုပေါင်း ၇၄ မှတ်ရပြီး ချန်ပီယံဖြစ်ခဲ့ပါတယ်။ ဒီနှစ်နွေရာသီ ဘောလုံးသမားအပြောင်းအရွှေ့ကာလမှာ ကစားသမားသစ်ခေါ်ယူခြင်းမရှိသေးဘဲ လက်ရှိကစားသမား အင်အားနဲ့ပဲ လီဂူး-၁ ကို ရင်ဆိုင်ဖြတ်ကျော်ဖို့ ပြင်ဆင်ထားပါတယ်။

လီဂူး-၁ ကို တက်ရောက်လာတဲ့ နောက်အသင်းကတော့ ဒီဂျွန်အသင်းဖြစ်ပြီး ပြီးခဲ့တဲ့ ဘောလုံးရာသီက လီဂူး-၂ မှာ ဒုတိယရရှိခဲ့တဲ့အသင်း ဖြစ်ပါတယ်။ ဒီဂျွန်အသင်းဟာ ၁၉၉၈ ခုနှစ်က စတင်တည်ထောင်ခဲ့တဲ့အသင်းဖြစ်ပြီး လီဂူး-၁ ကို တစ်ရာသီ တက်ရောက်ယှဉ်ပြိုင်ခဲ့ဖူးခဲ့တာမို့ အခုအကြိမ်ဟာ ဒုတိယအကြိမ် တက်ရောက်လာခြင်းဖြစ်ပါတယ်။ နည်းပြ အိုဂလီယိုဟာ ဒီဂျွန်အသင်းကို ၂၀၁၂ ခုနှစ်က စတင်ကိုင်တွယ်ခဲ့သူဖြစ်လို့ အသင်းရဲ့အားသာချက် အားနည်းချက်တွေကို ကောင်းကောင်းသိနေသူဖြစ်ပါတယ်။ ဒါကြောင့် ဒီဂျွန်အသင်းဟာ တိုက်စစ်စွမ်းရည်မြင့်မားပြီး နိုင်ပွဲတွေရရှိခဲ့တာဖြစ်ပါတယ်။ ဒီဂျွန်ရဲ့ပြီးခဲ့တဲ့နှစ်က သွင်းဂိုးဟာ လီဂူး-၂ မှာ စုစုပေါင်း ၆၂ ဂိုးရှိပြီး ကောင်းမွန်တဲ့ အနေအထားရှိခဲ့ပါတယ်။ ဒီနှစ်မှာ ကစားသမားသစ် မာတင်ကို အငှားနဲ့ ခေါ်ယူထားပါတယ်။ ဒါ့အပြင် ဗဟိုကွင်းလယ်ကစားသမားဘဲလ်မွန့်ကိုလည်း ခေါ်ယူအားဖြည့်ထားတာကြောင့် ဒီဂျွန်ရဲ့ကွင်းလယ်က တောင့်တင်းနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် မကြာမီမှာ ရင်ဆိုင်ဆင်နွှဲရတော့မယ့် လီဂူး-၁မှာ ဒီဂျွန်တို့ရဲ့ ခြေစွမ်းက တောက်ပနိုင်မလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

## ဂျူဗင်တပ်စ် တိုက်စစ်မှူးဖြစ်လာတဲ့ ဟီဂူအင်




တိုက်စစ်မှူး ဟီဂူအင်ဟာ နာပိုလီ ကစားသမားဘဝကို အဆုံးသတ်ပြီး ဂျူဗင်တပ်စ်နဲ့အတူ ဘဝသစ်ကို စတင်လိုက်ပါပြီ။ ဂျူဗင်တပ်စ်ရဲ့ ပေါင် ၇၆ သန်း ပေးပြီး ခေါ်ယူမှုနဲ့အတူ ဘဝသစ်ကို စတင်ဖို့ တုရင်မြို့ကို ခြေချလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟီဂူအင်ဟာ နာပိုလီအသင်းနဲ့ သုံးနှစ်စာချုပ်ကို အဆုံးသတ်ပြီး ဂျူဗင်တပ်စ်နဲ့ ငါးနှစ်စာချုပ်ကို စတင်လိုက်တာဖြစ်ပါတယ်။ ဒီလို ငါးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်တဲ့အတွက် ဟီဂူအင်ဟာ တစ်နှစ်ကို လစာငွေအဖြစ် ပေါင် ၆ ဒသမ ၃ သန်း ပိုင်ဆိုင်ခွင့်ရရှိမှာဖြစ်ပါတယ်။ ဥရောပ ချန်ပီယံ နှစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့တဲ့ ဂျူဗင်တပ်စ်အသင်းဟာ ဟီဂူအင်ကို ခေါ်ယူဖို့ နှစ်ကြိမ်တိုင်တိုင် ကြိုးစားခဲ့ရတယ်လို့ ဆိုပါတယ်။ ဟီဂူအင်ဟာ နာပိုလီအသင်းအတွက် ပွဲပေါင်း ၁၄၆ ပွဲ ပါဝင်ကစားခဲ့ပြီး ဂိုးပေါင်း ၉၁ ဂိုး သွင်းယူပေးခဲ့သူအဖြစ် ချီးကျူးခံရသူလည်း ဖြစ်ပါတယ်။ နာပိုလီကစားသမားဘဝကနေ ဂျူဗင်တပ်စ် ကစားသမားအဖြစ် ပြောင်းလဲနိုင်ခဲ့ပြီဖြစ်ပါတယ်။




## ပေါင်သန်း ၅၀ နဲ့ မန်စီးတီးကိုရောက်ဖို့ နီးစပ်လာတဲ့ ဂျွန်စတုန်း

အဲဗာတန် နောက်တန်းကစားသမားဂျွန်စတုန်းဟာ မန်စီးတီးသို့ ပြောင်းရွှေ့ဖို့ အတော်နီးစပ်သွားပြီဖြစ်ပါတယ်။ မန်စီးတီးအတွက် စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်လာမယ့် ပေါင်သန်း ၅၀ နဲ့ စာချုပ်သက်တမ်းကိစ္စကို ဒီတစ်ပတ်ကုန်ပိုင်းမှာ အပြီးသတ်ဆွေးနွေးဖွယ်ရှိပါတယ်။

မန်ယူက ပေါင်သန်း ၄၀ နဲ့ ကမ်းလှမ်းလာမှုကို ပယ်ချလိုက်ပြီးနောက် မန်စီးတီးနဲ့ ဆွေးနွေးခဲ့တာပါ။ အင်္ဂလန်နောက်တန်းကစားသမားဂျွန်စတုန်းကို မန်စီးတီးက ခေါ်ယူမှုမှာ စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်လာမှာဖြစ်ပါတယ်။ မန်စီးတီးက လီဗာပူး တိုက်စစ်မှူး စတာလင်းကို ပေါင် ၄၉ သန်းနဲ့ ပြောင်းရွှေ့ကြေး အများဆုံးပေး ခေါ်ယူပြီးနောက် ယခု ပြောင်းရွှေ့ကြေးဟာ အများဆုံးဖြစ်လာမှာဖြစ်ပါတယ်။ ဂျွန်စတုန်းရဲ့ ပြောင်းရွှေ့မှုဟာ အင်္ဂလန်နောက်တန်းကစားသမား တစ်ဦးအနေနဲ့ ကြေးအမြင့်ဆုံးလည်းဖြစ်လာမှာဖြစ်ပါတယ်။ အသက် ၂၂ နှစ်အရွယ်ရှိတဲ့ နောက်တန်း ဗဟိုခံစစ်မှူးကို ပြီးခဲ့တဲ့ ရာသီက ချယ်လ်ဆီးက ခေါ်ယူဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပေမယ့် အောင်မြင်မှုမရခဲ့ပါဘူး။ ဒီနှစ်ရာသီမှာတော့ အဲဗာတန်ကနေ ထွက်ခွာရဖို့ သေချာနေသလောက်ရှိနေပါပြီ။ မန်စီးတီးရဲ့ အခင်းအကျင်းနဲ့အတူ ပေါ်ထွက်လာဖို့ ရှိနေပါတယ်။

## ဂါလာတာစာရေးနဲ့ပွဲမှာ မန်ယူနဲ့အတူ ပထမဆုံး စတင်ကစားဖွယ်ရှိတဲ့ အီဘရာဟီမိုဗစ်




ပီအက်စ်ဂျီတိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ မန်ယူကစားသမားတွေနဲ့အတူ ကစားဖို့ အိုးထရက်ဖို့ဒ်ကိုရောက်ရှိလို့လာခဲ့ပြီဖြစ်ပါတယ်။ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ဒီလဆန်းပိုင်းက ပြင်သစ်ကလပ် ပီအက်စ်ဂျီနဲ့ စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် မန်ယူသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါတယ်။ အသက် ၃၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ တရုတ်ကိုသွားရောက်တဲ့ မန်ယူခရီးစဉ်မှာ လွဲချော်ခဲ့တာပါ။ ယူရို ၂၀၁၆ အပြီး တရုတ်ကို သွားရောက်ဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ရာသီအကြိုပွဲတွေမှာ ဖယ်လိုင်နီ၊ ရှဝိန်းစတိန်ဂါ၊ ရှနိုက်ဒါလင်း၊ မာရှယ်တို့နဲ့အတူ ပါဝင်ကစားဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ သို့ပေမယ့် မန်ယူနဲ့ တူရကီကလပ် ဂါလာတာစာရေးတို့ ကစားမယ့် ချစ်ကြည်ရေးပွဲမှာတော့ ပါဝင်လာဖွယ်ရှိပါတယ်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ အိုးထရက်ဖို့ဒ်က ခေါ်ယူခဲ့တဲ့ ကစားသမား သုံးဦးဖြစ်တဲ့ ကွင်းလယ်ကစားသမား အမ်ခီတာရန်းနဲ့ နောက်တန်းလူ ဘိုင်လီတို့အနက် တစ်ဦးလည်းဖြစ်ပါတယ်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းနဲ့အတူ ဖလားများစွာ ရယူပေးခဲ့တဲ့ကစားသမားတစ်ဦးဖြစ်ပါတယ်။ သူဟာ ဆွီဒင်လက်ရွေးစင်အသင်းရဲ့ အဓိက ကစားသမားလည်း ဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်**

# မူးယစ်ဆေးဖြတ်သူများအား အထောက်အကူပြုရန် မက်သဒုန်းဆေးခန်း အင်းတော်မြို့၌ ဖွင့်လှစ်

**အင်းတော် ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် မူးယစ်ဆေးဖြတ်သူများအား အထောက်အကူပြုရန်နှင့် မူးယစ်ဆေးသုံးစွဲမှု လျှော့ချနိုင်စေရန် ရည်ရွယ်ချက်ဖြင့် မက်သဒုန်းဆေးခန်းကို မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမဆောင်၌ ဇူလိုင် ၂၇ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"မက်သဒုန်းဆေးဆိုတာက ဘိန်းအမျိုးအစား မူးယစ်ဆေးစွဲသူ(ဥပမာ-ဘိန်း၊ ဘိန်းဖြူ)တို့ စွဲလမ်းခြင်း၊ စွဲလမ်းတောင့်တနေမှုကို လျှော့ပါးစေတဲ့ ဆေးဝါးတစ်မျိုးဖြစ်ပါတယ်။ မူးယစ်ဆေးစွဲခြင်းကို ပျောက်ကင်းအောင်ကုသနိုင်တဲ့ဆေး မဟုတ်ပါဘူး။ အင်းတော်မြို့နယ်အနေနဲ့ ကသာမြို့ကို ဆေးသွားရောက်သောက်သုံးနေတဲ့သူ ဦးရေပေါင်း ၁၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ အခုဖွင့်လှစ်တဲ့ အင်းတော်မြို့နယ်က မက်သဒုန်းဆေးခန်းဟာ ၄၆ ခုမြောက်ဆေးခန်း ဖြစ်ပါတယ်။ အင်းတော်မြို့မှာ မက်သဒုန်းဆေးခန်းကို ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် အင်းတော်မြို့က ဆေးသောက်သုံးသူတွေအနေနဲ့ မိမိတို့ မြို့နယ်အတွင်းမှာပဲ သောက်သုံးနိုင်တော့မှာ ဖြစ်ပါတယ်"ဟု Program Manager မှ ဦးနန္ဒမျိုးအောင်ဝမ်းက ပြောကြားခဲ့သည်။

AHRN Myanmar မှ ဒေါက်တာသိန်းဟန်ကလည်း "ကျွန်တော်တို့ မက်သဒုန်းဆေးဝါးကို တိုက်ကျွေးရခြင်းရဲ့ ရည်ရွယ်ချက်တွေကတော့ မူးယစ်ဆေး(အကြောအတွင်းထိုးသွင်း)သုံးစွဲသူများနဲ့ သူတို့နဲ့ ဆက်စပ်ပတ်သက်နေတဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ တရားမဝင်မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့နည်းလာစေရေး၊ ရောဂါကူးစက်မှု လျှော့နည်းလာစေရေး၊ ဆေးလွန်ပြီးသေဆုံးမှုနဲ့ ရာဇဝတ်မှုပြဿနာများ လျှော့နည်းလာစေရေး၊ အန္တရာယ်အလွန်မြင့်မားတဲ့ ဆေးထိုးပြွန် မျှဝေသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရမှု၊ တီဘီနဲ့ အသည်းရောင် အသားဝါရောဂါ ကူးစက်ခံရမှုနှုန်းတို့ လျော့နည်းလာစေရေးတို့အတွက် ရည်ရွယ်ပါတယ်။ အဲ့ဒါအပြင် သူတို့အတွက် နားခိုရာများ၊ ကွင်းဆင်းပညာပေးခြင်း အစီအစဉ်များ၊ စွမ်းရည်မြှင့်တင်ခြင်းများနှင့် သူတို့ ပတ်ဝန်းကျင်မှာ ကိုယ်တိုင်ထူထောင်ပံ့ပိုးပေးနိုင်တဲ့ အခြေအနေများ ဖန်တီးပေးနိုင်ရေးတို့အတွက် ရည်ရွယ်ပြီး တိုက်ကျွေးရခြင်းပဲဖြစ်ပါတယ်။ မက်သဒုန်းဆေးဝါး အစားထိုးကုသမှုကို ရေတိုကုသမှု၊ ရေရှည်ကုသမှုဆိုပြီး နှစ်မျိုးရှိပါတယ်။ ရေတိုကုသမှုအနေနဲ့ အများအားဖြင့် တစ်နှစ်၊ နှစ်နှစ် ကြာမြင့်လေ့ရှိပြီး ရေရှည်ကုသမှုအနေနဲ့ကတော့ အချိန်အကန့်အသတ်မထားဘဲ ဆီးချိုရောဂါသည်တွေအတွက် အင်ဆူလင်ဖြင့် ကုသနည်းကဲ့သို့ အချိန်ယူပြီး ကုသရမှာဖြစ်ပါတယ်။ ဆေးသောက်သုံးသူတွေအနေနဲ့ ဆေးဖြတ်ပြီးစကာလကို အဆင်ပြေပြေ ကျော်လွှားသွားနိုင်ဖို့နဲ့ မူးယစ်ဆေးတစ်ဖန် ပြန်လည်သုံးစွဲမှု မပေါ်ပေါက်စေဖို့အတွက် စာနာနားလည်ပြီး ထောက်ကူမှုပေးနိုင်တဲ့ မိသားစု၊ အလုပ်အကိုင် အတည်တကျရှိမှု၊ မူးယစ်ဆေးသုံးစွဲနေရမှုကို တွန်းလှန်လိုတဲ့ ပြင်းထန်သော ဆန္ဒရှိဖို့ အလွန်အရေးကြီးပါတယ်"ဟု ရှင်းလင်းပြောကြားသည်။


မက်သဒုန်းဆေးဝါးတိုက်ကျွေးရခြင်းအကြောင်းကို AHRN - Myanmar မှ ဒေါက်တာ သိန်းဟန်က ရှင်းလင်းဆွေးနွေးစဉ်

ဆေးခန်းဖွင့်ပွဲသို့ အင်းတော်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဝဏ္ဏသောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတင်မြင့်နှင့် ဌာနဆိုင်ရာများ၊ Program Myanmar နှင့် AHRN မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများ၊ အထောက်အကူပြုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် ခရိုင်ဆေးရုံအုပ်ကြီးတို့က အမှာစကားပြောကြားကာ ဖွင့်ပွဲတက်ရောက်သူများက မက်သဒုန်းဆေးဝါးအကြောင်းနှင့် ဆေးစွဲမှုအခြေအနေများ၊ ဆောင်ရွက်မည့်အစီအစဉ်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်သီဟ**

# အစေ့ထုတ်ပြောင်းစိုက်ခင်းများ အောင်မြင်ပြီး ဈေးကောင်းရရန် ဒေသခံတောင်သူများ မျှော်လင့်နေ

**ကန့်ဘလူ ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူ မြို့နယ်တွင် မိုးသီးနှံအဖြစ် စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဒေသခံတောင်သူများအနေဖြင့် ဈေးကောင်းရရန်လည်း မျှော်လင့်လျက်ရှိကြောင်း သိရသည်။



အစေ့ထုတ်ပြောင်းစိုက်ပျိုးရာတွင် တစ်ဧကလျှင် လေးပြည်စိုက်ရပြီး မျိုးစရိတ်၊ မြေပြုပြင်ခြင်း၊ အလုပ်သမားခ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် တစ်ဧကလျှင် ကျပ် ၂၆၂၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က ဧက ၄၀၀ ကျော် စိုက်ပျိုးခဲ့ရာတွင် မိုးကြီးခဲ့၍ အထွက်နှုန်းနည်းကာ တင်း ၅၀၀၀ ခန့်သာရရှိခဲ့ပြီး ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ကျပ် ၇၀၀၀ ခန့် ရောင်းချခဲ့ရကြောင်း၊ ယခုနှစ်တွင် စိုက်ခင်းများ အောင်မြင်သဖြင့် တင်းပေါင်း ၂၀၀၀၀ မှ ၄၀၀၀၀ ကြားရနိုင်ကြောင်း CP888 ပြောင်းမျိုး ဧက ၄၀၀ ကျော် စိုက်ပျိုးထားသည့် ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်မှ တောင်သူဦးသောင်းဌေးက ပြောသည်။

ပြောင်းစိုက်ပျိုးရာတွင် ဒေသအလိုက် သင့်တော်သော အထွက်ကောင်းမျိုးများကို စိုက်ပျိုးကြပြီး လက်ရှိစိုက်ပျိုးနေသော စပ်မျိုးများမှာ CP888၊ CP858၊ UH008၊ CP989၊ CP999၊ စူဝမ်-၃၊ တရုတ်စပ်မျိုး၊ ရေဆင်း-၃/၄/၅/၆၊ ဒေသမျိုးအဖြစ် ဧကရီ၊ သက်လတ်ရွှေဝါ၊ ရွှေဝါ-၇/၈ နှင့်အခြားမျိုးများ စိုက်ပျိုးကြကြောင်း၊ ကန့်ဘလူတစ်မြို့နယ်လုံးတွင် မိုးသီးနှံ ပြောင်းစိုက်ဧက ၉၉၇၇၉ ဧက ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများဆောင်ရွက်

**မောက်မယ် ဇူလိုင် ၂၉**

ရှမ်းပြည်နယ် မောက်မယ်မြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာရေးအတွက် ပညာပေးမှုများကို မြို့နယ်ရဲတပ်ဖွဲ့က ဦးဆောင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သူရစိုးဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များက ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ မောက်မယ်မြို့ ဈေးရှေ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်တွင် ဇူလိုင် ၂၇ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးမှုများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိသော မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် ပြည်သူ့ဝန်ဆောင်မှုကို ရှေးရှုသော ဒီမိုကရေစီရဲလုပ်ငန်းဆိုင်ရာများအကြောင်းတို့ကိုလည်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

# ကော့မှူး၌ ကောက်စိုက်စက်ဖြင့် ထွန်ယက်စိုက်ပျိုးမှုများ လက်တွေ့သရုပ်ပြ

**ကော့မှူး ဇူလိုင် ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်အတွင်းမှ ဒေသခံတောင်သူများအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှု လက်တွေ့သရုပ်ပြခြင်းကို အမှတ်(၃၆) စက်မှုလယ်ယာဦးစီးဌာနရုံးရှေ့၌ ဇူလိုင် ၂၇ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲသို့ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသောင်းထိုက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူစိုး၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်လှကြည်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများက လာရောက်ကြည့်ရှုလေ့လာကြပြီး သရုပ်ပြသော မက်ကိုစက်မှုလယ်ယာအငှားလိုက်လုပ်ငန်းမှ တာဝန်ရှိသူများက တောင်သူများသိရှိလိုသည့်အချက်များကို ရှင်းလင်းဖြေကြားခဲ့သည်။ မက်ကိုစက်မှုလယ်ယာအငှားလိုက်လုပ်ငန်းအနေဖြင့် မြေယာများထွန်ယက်ခြင်း၊ ကောက်စိုက်ခြင်း၊ ရိတ်သိမ်းခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းသွားလာလူမှောင်ခိုမှုများ တားဆီးနှိမ်နင်းရေး အလုပ်ရုံဆွေးနွေး

**မူဆယ် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်၌ လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းသွားလာ လူမှောင်ခိုမှုများ တားဆီးနှိမ်နင်းရေး မဟာဗျူဟာဖွံ့ဖြိုးမှုဆိုင်ရာ ပူးတွဲအလုပ်ရုံဆွေးနွေးပွဲကို မူဆယ်မြို့ ရွှေသီရိဟိုတယ်၌ ဇူလိုင် ၂၇ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မူဆယ်ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအခြေစိုက် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM) စီမံကိန်းမန်နေဂျာ Mr.Sharon DIMANCHE က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ NGO အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုများ တားဆီးနှိမ်းနင်းရေး ကိစ္စရပ်များနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(iprd)**

# ရွှေညောင်ပင်ကျေးရွာတွင် မူးယစ်ကင်းစင်နယ်မြေ သတ်မှတ်ဆိုင်းဘုတ်စိုက်ထူ



**သံတောင်ကြီး ဇူလိုင် ၂၉**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် တောပြာကြီးကျေးရွာအုပ်စုရှိ ရွှေညောင်ပင်ကျေးရွာကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မူးယစ်ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ကာ ဇူလိုင် ၂၇ ရက်က ရွှေညောင်ပင်ကားဂိတ်၌ မူးယစ်ကင်းစင်နယ်မြေ ဆိုင်းဘုတ်တင်အခမ်းအနားကို ကျင်းပခဲ့ကြသည်။

ဆိုင်းဘုတ်တင်အခမ်းအနားသို့ ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ရဲအရာရှိများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ကိုဝင်းနှင့် ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းအဖွဲ့များ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့က မူးယစ်ကင်းစင်နယ်မြေဟု သတ်မှတ်ထားသော ဆိုင်းဘုတ်ကို ရွှေညောင်ပင်ကျေးရွာ လမ်းဆုံတွင် စိုက်ထူခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




**ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ခုတင် (၁၀၀) ဆံ့ ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာများနှင့် ပြင်ပဆေးကုသမှုခံယူနေသော လူနာများအတွက် ရွှေကျင်မြို့မဟာပညာဗိမာန်ပရဟိတကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂစာရက ဦးဆောင်သော လူမှုရေးအသင်းက နေ့စဉ်ရေသန့်ဘူးကြီး ၁၀ ဘူးကို လှူဒါန်းလျက်ရှိရာ ဇူလိုင် ၂၆ ရက်က လှူဒါန်းနေသည်ကို တွေ့ရစဉ်။**

(မြို့နယ် ပြန်/ဆက်)

## သတင်းတိုများ

### ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဂွင်ကျင်းကျေးရွာ အထက(ခွဲ)၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မူခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၇ ရက်က ပြုလုပ်ခဲ့ရာ စလင်းမြို့နယ် ကန်းပြားရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်မင်းသန့်က ဟောပြောပွဲသို့ တက်ရောက်လာသော ဂွင်ကျင်းအထက(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ်ကင်းဝေးစေရေး သိကောင်းစရာများနှင့် မူခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကို ဟောပြောခဲ့သည်။

**စစ်ကြည်(စလင်း)**

### ကောလင်းမြို့နယ်၌ အချုပ်သားများအား စားသောက်ဖွယ်ရာများ လှူဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်ရဲစခန်းမှ အချုပ်သားများအား အာဟာရဒါနအဖြစ် ဒံပေါက်ထမင်းများကို ကောလင်းမြို့နယ် ဒါနမောင်မယ် လူငယ်ပရဟိတအဖွဲ့က ဇူလိုင် ၂၆ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။ လှူဒါန်းမှုတွင်ပါဝင်ဆောင်ရွက်ခဲ့သော ဦးသူရအောင်က ယခုကဲ့သို့ လှူဒါန်းကျွေးမွေးမှုကို မိမိတို့အဖွဲ့က စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်းနှင့် နောင်တွင်လည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးဉာဏ်ထွန်းက အချုပ်သားများအား ကျွေးမွေးလှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ကိုကိုမောင်(ပြန်/ဆက်)**

### ကွမ်းစားသုံးမှု လျော့နည်းရေး အသိပညာပေးဟောပြော

ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှုများ ကျဆင်းပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို တောင်ငူမြို့ ရဲရိပ်သာခန်းမဆောင်၌ ဇူလိုင် ၂၇ ရက်က ကျင်းပခဲ့ပြီး တောင်ငူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းဖေက ကွမ်းစားသုံးမှုပပျောက်ရေးအကြောင်းကိုလည်းကောင်း၊ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာအာကာက ကွမ်းစားခြင်းကြောင့် ဖြစ်ပေါ်စေနိုင်သည့် ရောဂါများနှင့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ အကြောင်းကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သီတာဝင်းက ကွမ်းစားခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများအကြောင်းကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ယဉ်ယဉ်အေးက ရှောင်လေဝေးဝေး ကွမ်းနှင့် ဆေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြသည်။

**မောင်ရွှေဝင်း(ပြည်)**

### ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေး

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးမှုများကို မတ္တရာမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်သိန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် အမှတ်(၉၄)ယာဉ်ထိန်းတပ်ဖွဲ့စု မတ္တရာတပ်ဖွဲ့စိတ်မှ တပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဇူလိုင် ၂၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ချောင်းဦးမြို့ ရတနာရွှေဂူဘုရားဝင်းအတွင်းမှ ရှေးဟောင်းဘုရားစေတီ အပိုင်းအစများ တွေ့ရှိ



**ချောင်းဦး ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့မြို့မရပ်ကွက်ရှိ ရတနာရွှေဂူဘုရားဝင်းအတွင်း မဏ္ဍပ်ဆောက်လုပ်ရန် မြေတူးစဉ် ရှေးဟောင်း ဘုရားစေတီ၏ အပိုင်းအစများဖြစ်သော ပစ္စယံအဆင့်များနှင့် ရှေးဟောင်းရုပ်တုအပိုင်းအစများကို ဇူလိုင် ၂၄ ရက်က တွေ့ရှိခဲ့ကာ ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ရတနာရွှေဂူဘုရားဝင်းအတွင်း အနောက်ဘက်မုခ်၏ မြောက်ဘက်တွင် အလှူရှင် ဦးစိန်လှိုင်က ကျောက်မဏ္ဍပ်ဆောက်လုပ် လှူဒါန်းရန် ပန္နက်ကျင်းများ တူးဖော်ရာမှ ၄င်းမြေနေရာ၏ အနောက်မြောက်ထောင့်တွင် ရှေးဟောင်းခြသေ့်ရုပ်တု အပိုင်းအစတစ်ခု၊တောင်ဘက်ပန္နက်ကျင်းတွင် မနုဿီဟရုပ်တု အပိုင်းအစတစ်ခု၊ အနောက်ဘက်တွင် ဘုရားရင်ပြင်တော်တက်ရာ အုတ်ဖိနပ်ပလ္လင်များနှင့် အရှေ့ဘက်မျက်နှာစာတွင် ဘုရားပစ္စယံဟောင်းပေါ်၌ မနုဿီဟရုပ်တုများ တွေ့ရှိရခြင်းဖြစ်ကြောင်း မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းမောင်က ပြောသည်။

ရှေးဟောင်းဘုရားစေတီ၏ အပိုင်းအစများ တွေ့ရှိခြင်းနှင့်ပတ်သက်၍ ချောင်းဦးမြို့နယ် သံဃနာယကအဖွဲ့သြဝါဒါစရိယဆရာတော်၊ အလှူရှင် ဦးစိန်လှိုင်၊ တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်များဦးစီးဌာန၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဂေါပကအဖွဲ့ဝင်များက ဇူလိုင် ၂၆ ရက်တွင် ရွှေဂူကြီးဘုရား ဓမ္မာရုံ၌ အစည်းအဝေး ပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးချက်များအရ တူးဖော်တွေ့ရှိရသော ရှေးဟောင်းစေတီတော်၏ ပစ္စယံအဆင့်နှင့် ရုပ်တုများကို အလှူရှင်နှင့် ဂေါပကအဖွဲ့တို့က အကြမ်းထည် တူးဖော်ဆောင်ရွက်မည်ဖြစ်ပြီး အသေးစိတ် ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ရပ်ကွက်အတွင်း၌ ခြင်ဆေးဖျန်း

**ကျောက်မဲ ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အမှတ်(၂)ရပ်ကွက်အတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇူလိုင် ၂၇ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



အမှတ်(၂)ရပ်ကွက် ကျောက်တောင်၊ နယ်မြေ(၁)တွင်နေထိုင်သော အသက်ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦးမှာ ဇူလိုင် ၂၃ ရက်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ပြီး မန္တလေးဆေးရုံသို့ ဇူလိုင် ၂၆ ရက်က ပို့ဆောင်ဆေးကုသခဲ့ရသောကြောင့် ရပ်ကွက်(၂)အတွင်း၌ ပြည်သူများနှင့် အခြားကျောင်းသား ကျောင်းသူ ကလေးငယ်များ ရောဂါကူးစက်မှုမရှိစေရေးအတွက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် ခြင်ဆေးများဖျန်းခြင်းဖြစ်ကြောင်း သိရသည်။

ခြင်ဆေးများကို ကျောက်မဲမြို့ပေါ်ရှိ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်စာသင်တိုက်များတွင် ခြင်ဆေးဖျန်းပေးသည့် လုပ်ငန်းများဆောင်ရွက်နေသည့် Brother Hood လူငယ်ပရဟိတအဖွဲ့က ခြင်ဆေးဖျန်းစက်အကြီး လေးလုံးဖြင့် ဖျန်းပေးခဲ့ပြီး နေအိမ်များ၊ အလုပ်ရုံများ၊ စိုက်ပျိုးရေးခြံများနှင့် ရေမြောင်းများတွင် ဆေးများဖျန်းပေးခဲ့ကြောင်းနှင့် ခြင်ဆေးဖျန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ နယ်မြေမှူးများနှင့် အမှတ်(၂)ရပ်ကွက်၊ နယ်မြေ(၁)အတွင်း နေထိုင်ကြသော ရပ်ကွက်သူရပ်ကွက်သားများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## လူကုန်ကူးမှုအကြောင်း ပညာပေးဟောပြော

**နေပြည်တော် ဇူလိုင် ၂၉**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းမှ ဆင်းရဲချို့တဲ့သော ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများထောက်ပံ့ခြင်းနှင့် လူကုန်ကူးမှုအကြောင်း ပညာပေးဟောပြောခြင်းကို နဝဒေးရပ်ကွက် ဓမ္မာရုံ၌ ဇူလိုင် ၂၇ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ပုဗ္ဗသီရိမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်စန္ဒာဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ဝင်းဝင်းရီတို့က အမျိုးသမီးရေးရာအဖွဲ့၏ အခြေခံ စည်းမျဉ်းများ၊ မြန်မာအမျိုးသမီးများ လူကုန်ကူးမှုမခံရစေရန် ကြိုတင်ကာကွယ်ရေးစသည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောပြီး ရပ်ကွက်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား တံဆိပ်များပေးအပ်ခဲ့သည်။ ထို့နောက် နဝဒေးရပ်ကွက်၊ ဆင်ဖြူရှင်ရပ်ကွက်နှင့် တပင်ရွှေထီးရပ်ကွက်တို့မှ ဆင်းရဲချို့တဲ့သော ကျောင်းသူ ၃၀ အား ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများနှင့် အထက်တန်းကျောင်းသူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

**ကိုကိုလင်း(ပြန်/ဆက်)**

## ကျောင်းရွာကျေးရွာမှ ကွန်ကရစ်လမ်းကို ပွင့်လင်းရာသီတွင် ဆက်ခင်းမည်

**ရေး ဇူလိုင် ၂၉**

မွန်ပြည်နယ် ရေးမြို့နယ် ကျောင်းရွာကျေးရွာလယ်ရှိ အောင်ချမ်းသာလမ်းကို ကွန်ကရစ်ခင်းရာတွင် ရန်ပုံငွေအခက်အခဲများကြောင့် ကွန်ကရစ်လမ်းတစ်ဝက်သာ ခင်းကျင်းနိုင်ပြီး ကျန်သောလမ်းပိုင်း ပေ ၁၀၀၀ ခန့်ကို လာမည့်ပွင့်လင်းရာသီတွင် သီးခြားအလှူရှင်များ၏ ထည့်ဝင်ငွေများဖြင့်ဆက်ခင်းရန် စီစဉ်ထားကြောင်း သိရသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးဦးမျိုးအောင်က "ပြီးခဲ့တဲ့ အစိုးရလက်ထက် လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၅၀ နဲ့ ကျေးရွာနေပြည်သူတွေထည့်ဝင်ငွေ ပေါင်းပြီး ကျပ်သိန်း ၁၉၀ အကုန်ကျခံပြီး အရှည် ပေ ၁၆၀၀၊ အ ကျယ် ၁၂ ပေသာ ခင်းကျင်းနိုင်ပါသေးတယ်"ဟု ပြောသည်။

လမ်းမတစ်လျှောက်နေအိမ်များက တစ်အိမ်လျှင် ကျပ်နှစ်သိန်းမှ ခက်ခဲသည့်နေအိမ်များက အနည်းဆုံး ကျပ်သုံးသောင်းခန့် စုပေါင်းထည့်ဝင်၍ ခင်းခဲ့ကာ လမ်းကော်မတီရန်ပုံငွေ အခက်အခဲကြုံတွေ့နေရတဲ့အတွက် ငွေမထည့်နိုင်သည့် နေအိမ်ရှေ့တွင် လမ်းခင်းရန် ချန်ထားခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းပေါ်၌ ညပိုင်းအချိန်များတွင် တရားမဝင်သစ်ကားများလည်း ဖြတ်သန်းသွားလာနေသဖြင့် ကွန်ကရစ်ခင်းသော်လည်း ပျက်စီးနိုင်သည့်အပြင် ငွေမထည့်ပေးသည့်နေအိမ်များရှေ့တွင် လမ်းကိုခင်းရန် ချန်ထားသည့်အတွက်လည်း ကျေးရွာနေပြည်သူ တချို့က ဝေဖန်လျက်ရှိသည်။

ကျောင်းရွာကျေးရွာအုပ်စုတွင် ပြည်ထဲရေးအမည်ပေါက် ရွာပေါင်း ၁၉ ရွာရှိပြီး အမည်မပေါက်သေးသည့် ရွာပေါင်းကိုးရွာရှိရာ ကျောင်းရွာကျေးရွာသို့ ရေလမ်းနှင့် ကားလမ်းနှစ်မျိုးဖြင့် ဆက်သွယ်သွားလာနိုင်ပြီး အိမ်ခြေ ၂၀၀၀ ကျော်ခန့်တွင် မွန်၊ ကရင်၊ ဗမာတိုင်းရင်းသားလူမျိုးများ လူဦးရေ ၁၀၀၀၀ ကျော်နေထိုင်ကြကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



## မျိုးသန့်ပွားစံပြကွက်စိုက်ပျိုးမှု လက်တွေ့သရုပ်ပြ

**မိုင်းယောင်း ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်မှ တောင်သူများအား မိုးစပါး စိုက်ပျိုးနည်းစနစ် ငါးမျိုးဖြစ်သော SRI စနစ်၊ GAP စနစ်၊ တိုက်ရိုက်အစေ့ချစိုက်ပျိုးစနစ်၊ ကြဲခင်းနှင့် တောင်သူများစိုက်ပျိုးသည့်စနစ်များကို ဆင်းကေရီ(၃)စပါးမျိုးဖြင့် ယှဉ်ပြိုင်စိုက်ပျိုးခြင်းနှင့် မြို့နယ်အတွင်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မျိုးသန့်ပွားစံပြစိုက်ကွက် လက်တွေ့သရုပ်ပြစိုက်ပျိုးပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဝမ်ဘိုးကျေးရွာအုပ်စု၌ ဇူလိုင် ၂၆ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြစိုက်ပျိုးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်မိုးက မိုးစပါးစိုက်ပျိုးနည်းစနစ်များနှင့် ဆင်းကေရီ(၃)စပါးမျိုး မျိုးသန့်ပွားစိုက်ပျိုးထုတ်လုပ်ရခြင်းနှင့်စပ်လျဉ်း၍ ဝမ်ဘိုးကျေးရွာ၊ နားဖန်းကျေးရွာနှင့် ပါမုန်ကျေးရွာများမှ ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# Pokemon Go ဂိမ်းကို မြန်မာနိုင်ငံမှာ ဆော့မယ်ဆိုရင်




ဒီနေ့အချိန်မှာတော့ Pokemon Go လို့ ပြောလိုက်တာနဲ့နာမည်ကျော် မိုဘိုင်းဂိမ်းတစ်ခု ဆိုတာ မသိသူ မရှိလောက်အောင်ပါပဲ။ ကမ္ဘာတစ်ဝန်းက လူအများအပြားဟာ ဒီဂိမ်းကို စွဲစွဲလမ်းလမ်း ရူးရူးမူးမူးကို ဆော့ကစားနေကြပါပြီ။ Pokemon Go ဂိမ်းကို ထုတ်လုပ်ဖြန့်ချိလိုက်ပြီး ပထမဆုံးရက်သတ္တပတ်တစ်ခုအတွင်းမှာကိုပဲ ဒေါင်းလုပ်ချပြီး ဆော့ကစားသူဟာ သန်းချီရှိနေခဲ့ပါတယ်။ အခုဆိုရင်တော့ Pokemon Go ဂိမ်းဟာ ကမ္ဘာ့မိုဘိုင်းဂိမ်းလောကမှာ အအောင်မြင်ဆုံးဂိမ်းအဖြစ် မှတ်တမ်းတင်လိုက်နိုင်ပါပြီ။ လက်ရှိထက် ပိုမိုကောင်းမွန်တဲ့ ဂိမ်းဗားရှင်းတစ်ခုကိုလည်း ထပ်မံထုတ်လုပ်ဖို့ Pokemon Go ကို တီထွင်ဖန်တီးသူတွေက ဆက်လက်လုပ်ဆောင်နေကြပါတယ်။

ဒါပေမယ့် ဒီလို နာမည်ကျော် Pokemon Go ဂိမ်းကို တရားဝင်ဖြန့်ချိလိုက်တဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံ မပါဝင်ခဲ့ပါဘူး။ မြန်မာနိုင်ငံနဲ့ အလားတူစွာပဲ တရုတ်၊ ထိုင်ဝမ်၊ ကျူးဘား၊ ဆူဒန်စတဲ့ နိုင်ငံတွေကိုလည်း တရားဝင် ဖြန့်ချိမှာ မဟုတ်ဘူးလို့ Pokemon Go ရဲ့ တရားဝင် ဖေ့စ်ဘုတ်စာမျက်နှာမှာ ဖော်ပြခဲ့ပါတယ်။

အဲဒီလို ဖော်ပြထားပေမယ့် အဲ့ဒီနိုင်ငံတွေမှာသာမက အခြားနိုင်ငံအချို့မှာလည်း တရားဝင်ဆော့ကစားလို့ မရသေးတဲ့အကြောင်းကို သက်ဆိုင်ရာ ဂိမ်းစွဲလမ်းသူများရဲ့ စာမျက်နှာတွေကတစ်ဆင့် ပြန်လည်မြင်တွေ့နေရပါတယ်။ သို့သော် ဂိမ်းကို ရူးသွပ်စွာဆော့ကစားလာတဲ့ ဂိမ်းဂျိုးတွေကတော့ Pokemon Go ဂိမ်းကို ဆော့ကစားလို့ရအောင် အမျိုးမျိုး ကြံပါတော့တယ်။ Play Store မှာ တရားဝင် ဒေါင်းလုပ်ဆွဲလို့မရပေမယ့် လိုချင်တဲ့ အပလီကေးရှင်းတစ်ခုကို အခြား Black Market တွေကနေ ရှာဖွေပြီး ဒေါင်းလုပ်ဆွဲဖို့ဆိုတာက ဂိမ်းဂျိုးတွေအတွက်တော့ ငှက်ပျောသီးကို အခွံနွှာစားရတာလောက်ကို လွယ်ကူပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့ နှစ်များစွာကတည်းက တရားဝင်ဂိမ်းတွေ၊ အပလီကေးရှင်းတွေနဲ့ ဘာမှမဆိုင်ခဲ့တဲ့ နိုင်ငံတစ်ခုပါ။ ဒါကြောင့် အခြားနည်းလမ်းတွေကို အသုံးပြုပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဂိမ်းကို ဆော့ကစားလို့ရအောင်၊ အပလီကေးရှင်းတွေကို သုံးလို့ရလာအောင် လုပ်ဆောင်နေကြရတာလည်း ကျွန်တော်တို့ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းကဖြစ်ပါတယ်။ အခုနောက်ပိုင်းမှသာ ဂိမ်းတွေ၊ အပလီကေးရှင်းတွေကို တရားဝင် ဝယ်ယူသုံးစွဲမှု အနည်းငယ်ရှိလာခဲ့တာဖြစ်ပါတယ်။

ယခု Pokemon Go ကိုလည်း တရားဝင် ဒေါင်းလုပ်ဆွဲခွင့် မပေးထားဘူးလို့ဆိုပေမယ့် မြန်မာနိုင်ငံမှာ ဆော့ကစားနေသူ အများအပြားကို မြင်တွေ့နေရမှာပါ။ အပေါ်မှာ ကျွန်တော်ပြောခဲ့သလိုပဲ တရားဝင်မဟုတ်တဲ့ (Unofficial) ဗားရှင်းတစ်ခုကို ဒေါင်းလုပ်ပြုလုပ်ပြီး fake GPS အပလီကေးရှင်းတစ်ခုနဲ့ ပေါင်းစပ်လိုက်မယ်ဆိုရင် Pokemon Go ဂိမ်းကို မြန်မာနိုင်ငံမှာ ပျော်ပျော်ကြီး ဆော့ကစားလို့ရပါပြီ။ အရင်တုန်းကလည်း ကျွန်တော် ကိုယ်တိုင် unofficial download လုပ်ပြီး ဂိမ်းများစွာကို ဆော့ကစားခဲ့ဖူးပါတယ်။ ဒါဟာမထူးဆန်းပါဘူး။ ဒါပေမယ့် ထူးဆန်းနေတာတစ်ခုက ဒီဂိမ်းဟာ Pokemon Go ဖြစ်နေတာပါပဲ။

Pokemon Go ဂိမ်းဟာ လက်ရှိအပြင်ကဘဝနဲ့ အနီးစပ်ဆုံးတူအောင် ချဉ်းကပ်ထားတဲ့အတွက်ကြောင့် အချိန်တိုအတွင်းမှာ လူကြိုက်များ ကျော်ကြားလာခဲ့တာပါ။ အပြင်မှာ လမ်းလျှောက်ရင်း လှည့်ပတ်သွားလာရင်း ဂိမ်းထဲမှာလည်း GPS ကို အသုံးပြုပြီး အပြင်လောကနဲ့တူတဲ့ အသွင်အပြင်တစ်ခုကို ဖန်တီးပေးထားပါတယ်။ အဲဒီလို သွားလာနေရင်း ဂိမ်းထဲမှာပေါ်လာတဲ့ အကောင်လေးတွေကို ကစားသူက ဖမ်းယူရတာပါ။ ဖုန်းရဲ့ကင်မရာနဲ့ GPS ကို အသုံးပြုပြီး ကစားနေတဲ့နေရာကို ကိုယ်လက်ရှိ ရောက်နေတဲ့နေရာနဲ့ အနီးစပ်ဆုံးတူအောင် ပြုလုပ်ပေးထားတာပါ။

အဲဒီတော့ မြန်မာနိုင်ငံက တရားမဝင် ဒေါင်းလုပ်ချပြီး ကစားသူတွေအတွက် အနည်းနဲ့ အများ ဆိုသလို ပြဿနာရှိလာပါတယ်။ အစကတည်းက တရားဝင်မဟုတ်တဲ့ဗားရှင်းကို fake GPS ပေါင်းပြီး ဆော့ကစားနေတာဆိုတော့ တကယ့် Pokemon Server ကိုချိတ်ဆက်ပြီး အချက်အလက်တွေရယူတဲ့အခါ အချက်အလက် အမှန်တွေကို ရမှာမဟုတ်ပါဘူး။

Pokemon Go ဂိမ်းကို ဖန်တီးထုတ်လုပ်တဲ့ developer တွေဟာ လူတွေရဲ့အသက်အန္တရာယ်ကို မထိခိုက်အောင် အတတ်နိုင်ဆုံး ကြိုးစားထားပါတယ်။ ကားမှတ်တိုင်လို နေရာမျိုးမှာ ရောက်နေတုန်း ဂိမ်းထဲက Pokemon ကို ဖမ်းဖို့ပေါ်တဲ့အခါ ကားလမ်းအလည်ကောင်မှာ မပေါ်အောင် ပြုလုပ်ထားပြီးသားပါ။ ရေကန်အလည်ကောင်တည့်တည့်လို နေရာမျိုးမှာလည်း သွားပြီး အကောင်ဖမ်းစရာမလိုအောင် ထည့်သွင်းစဉ်းစားထားပြီးသားပါ။

မြန်မာနိုင်ငံက ကစားသူတွေအတွက်တော့ အဲဒီလို Safe ဖြစ်ချင်မှ ဖြစ်မှာပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ fake GPS ကို သုံးထားတဲ့ အတွက်ကြောင့်ပါပဲ။ အစကတည်းက အတုကြီးနဲ့ ဆော့ကစားလို့ရအောင်သာ လုပ်ထားတဲ့အတွက်ကြောင့် ကျွန်တော်တို့ ရလာမယ့် အချက်အလက်တွေဟာလည်း မှန်ကန်မှာ မဟုတ်ပါဘူး။ ဂိမ်းရဲ့မူလဖန်တီးသူတွေက ဖမ်းရမယ့်အကောင်တွေကို ကားလမ်းအလယ်ကောင်မှာ မထွက်ပေါ်လာအောင် ဖန်တီးထားပေမယ့် Fake GPS ကြောင့် လမ်းလယ်ကောင်မှာ အကောင်သွားမဖမ်းရပါဘူးလို့ ဘယ်သူမှ အာမမခံနိုင်ပါဘူး။ ရေကန်ထဲမှာ အကောင်ဆင်းမဖမ်းရပါဘူးလို့ ဘယ်သူမှ အာမမခံနိုင်ပါဘူး။

နောက်ပြီး ဒီဂိမ်းမှာ ကစားသူဟာဖုန်းရဲ့ စခရင်ကိုပဲ တစ်စိုက်မတ်မတ်ကြည့်ရှုနေရတာဖြစ်တဲ့အတွက် ဂိမ်းထဲက ပတ်ဝန်းကျင်နဲ့ ဂိမ်းထဲမှ ဖမ်းရမယ့်အကောင်ကိုပဲ သတိထားနေမှာပါ။ အပြင်က ပတ်ဝန်းကျင်ကို သတိထားမိမှာ မဟုတ်ပါဘူး။ ပလက်ဖောင်းပေါ်မှာရှိတဲ့ အဖုံးဖုံးမထားတဲ့ မြောင်းပေါက်ထဲကို သင့်ကိုရောက်မသွားစေနိုင်ဘူးလို့လည်း ဘယ်သူမှ အာမ မခံနိုင်ပါဘူး။ ဒီဂိမ်းရဲ့သဘောက တစ်နေရာတည်းမှာ ငြိမ်ငြိမ်လေး ထိုင်ကစားလို့ကောင်းတဲ့ဂိမ်းမျိုး မဟုတ်တဲ့အတွက် အမြဲတမ်း လမ်းလျှောက်ရင်း၊ ယာဉ်စီးရင်း ကစားနေရမှာဖြစ်ပါတယ်။ ဖုန်းကိုကိုင်ပြီး ယာဉ်မောင်းရတဲ့အတွက် ယာဉ်တိုက်မှုမဖြစ်ရင်တောင် ယာဉ်မောင်းရင်း ဖုန်းအသုံးပြုတဲ့အတွက် ရဲအဖမ်းခံရနိုင်ပါတယ်။ သူ့ဖုန်းထဲမှာ ပြထားတဲ့ ပတ်ဝန်းကျင်မှာတော့ ရဲစောင့်နေတာကို ပြမှာမဟုတ်ပါဘူး။ မတော်တဆ သင်ဖမ်းရမယ့်အကောင်က ရဲရှေ့တည့်တည့်မှာ သွားပေါ်ရင်တော့ သင်ကံဆိုးပြီဟုသာ မှတ်ပါတော့။

ဖေ့စ်ဘုတ်ကြောင့် လက်ရှိဘဝထက် အွန်လိုင်းပေါ်ကဘဝကို ပိုမိုတပ်မက်နေသူတွေ များပြားလာပြီးတဲ့နောက်မှာ Pokemon Go ဂိမ်းကတော့ တကယ့်ဂိမ်းကို အပြင်ကဘဝနဲ့ ပေါင်းစပ်ထင်မှတ်ပြီး ကစားနိုင်အောင် ပြုလုပ်လိုက်ပါပြီ။ ဒါပေမယ့် မြန်မာပြည်အတွက် တရားဝင်ထုတ်ပြန်မပေးထားတဲ့ Pokemon Go ဂိမ်းကို ဆော့ကစားနေသူများအတွက် တစ်ခုပြောလိုတာကတော့ ဂိမ်းကစားနေရင်းမှာ အပြင်ကလက်ရှိဘဝရဲ့ပတ်ဝန်းကျင်ကိုလည်း အမြဲမပြတ်သတိပြုပြီး အန္တရာယ်ကို ရှောင်ရှားနိုင်ကြပါစေလို့ပဲ။ ။

**ဖိုးကျော်(နည်းပညာမြေ)**

---

## တယ်လီနော လူငယ်ဖိုရမ်အတွက် လူငယ် ၂၀ ကို ပဏာမရွေးချယ်ထား

**ရန်ကုန် ဇူလိုင် ၂၉**

နော်ဝေနိုင်ငံ အော်စလိုမြို့နှင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တို့တွင်ကျင်းပမည့် တယ်လီနော လူငယ်ဖိုရမ် (Telenor Youth Forum)အတွက် လူငယ် ၂၀ ကို ပဏာမစာရင်းဝင်အဖြစ် တယ်လီနောမြန်မာက ရွေးချယ်ထားကြောင်း သိရသည်။

ထိုလူငယ်များသည် ဇူလိုင် ၃၀ နှင့် ၃၁ ရက်တို့တွင် ဖွင့်လှစ်မည့် စွမ်းရည်မြှင့်သင်တန်းသို့ တက်ရောက်ကြရမည်ဖြစ်ပြီး ၎င်းတို့၏ တီထွင်ဆန်းသစ်မှု၊ ပြောင်းလဲမှုများပြုလုပ်ရာတွင် နည်းပညာအသုံးချနိုင်မှု၊ ပြောဆိုဆက်ဆံမှုနှင့် အင်္ဂလိပ်စာအရည်အသွေးများ ပိုမိုကောင်းမွန်လာစေရန် သင်တန်းနှစ်ရက်တွင် သင်ကြားပေးမည်ဖြစ်ကာ သင်တန်းအပြီးတွင် ဆန်ခါတင် လူငယ်လေးဦးကို ရွေးချယ်သွားမည်ဖြစ်ပြီး ၎င်းတို့ထဲမှ ထပ်မံ၍ နောက်ဆုံးနှစ်ဦးကို အပြီးသတ် ဆက်လက် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဖိုရမ်အတွက် လူငယ်ပေါင်း ၁၀၀ နီးပါး လျှောက်ထားခဲ့ကြပါတယ်။ မြန်မာကို ကိုယ်စားပြုသွားရောက်ဖို့ နောက်ဆုံးနှစ်ယောက်ကို ရွေးချယ်ဖို့ဆိုတာ ခဲခဲယဉ်းယဉ်းရွေးချယ်ရမယ့် ကိစ္စတစ်ခုပဲဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ နည်းပညာကိုအသုံးပြုပြီး လူထုအဖွဲ့အစည်းပြောင်းလဲဖို့ ဘယ်လောက်အထိ စိတ်အားထက်သန်တယ်ဆိုတာတွေ့ရလို့ အများကြီး ကျေနပ်မိပါတယ်။ တက်ရောက်မယ့်လူငယ်တွေကို သူတို့ရဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့ လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မှုတွေမှာ အထောက်အကူဖြစ်စေဖို့ အခုလာမယ့်ဖိုရမ်က အကျိုးပြုမယ်လို့ ယုံကြည်ပါတယ်"ဟု တယ်လီနောမြန်မာမှ Business Sustainability ဌာနတာဝန်ခံ ဦးမင်းသူက ပြောသည်။

ဖိုရမ်ကို နိုဗယ်ငြိမ်းချမ်းရေးစင်တာနှင့် ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး တယ်လီနောဈေးကွက်များရှိသည့် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ လူငယ်များကို ဖိတ်ခေါ်ကာ နည်းပညာစွမ်းအားများကို အသုံးပြုပြီး လူမှုဘဝ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ နှစ်စဉ်ကျင်းပသည့် လူငယ်ဖိုရမ်အတွက် လျှောက်လွှာများကို တယ်လီနောမြန်မာက ဇွန်လတွင် စတင်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်တို့တွင် ကျင်းပခဲ့သည့် တယ်လီနော၏ လူငယ်ဖိုရမ်များကို မြန်မာနိုင်ငံမှ လူငယ်ကိုယ်စားလှယ်လေးဦး တက်ရောက်ခဲ့ပြီး ဖြစ်ကာ ၎င်းတို့သည် ယခုနှစ် မေလအတွင်းက ထိုင်းနိုင်ငံတွင် ပြုလုပ်ခဲ့သော ပထမအကြိမ် အာရှလူငယ်ဖိုရမ်သို့လည်း တက်ရောက်ခဲ့ကြသည်။

ယခုနှစ် တယ်လီနောလူငယ်ဖိုရမ်ကို ဒီဇင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ အော်စလို၌ ကျင်းပမည်ဖြစ်ပြီး တက်ရောက်ခွင့်ရသော လူငယ်ကိုယ်စားလှယ်များအနေဖြင့် ချမှတ်ထားသော စိန်ခေါ်မှုများအပေါ်တွင် အဖွဲ့လိုက်ဆွေးနွေးကြရမည်ဖြစ်ကာ ၂၀၁၇ ခုနှစ် မေလတွင်လည်း ဘန်ကောက်၌ နောက်တစ်ကြိမ် ပြန်လည်တွေ့ဆုံ၍ ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲရလဒ်များ၏ နောက်ဆုံးအချက်အလက်များကို ၂၀၁၇ တွင် အော်စလိုမြို့၌ ကျင်းပမည့် နည်းပညာပြပွဲ၌ ဝင်ရောက်ပြသခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

---

## ဆမ်ဆောင်းထုတ်ကုန်သစ် Gear Fit 2 ကို မြန်မာနိုင်ငံတွင် စတင်ရောင်းချ

**ရန်ကုန် ဇူလိုင် ၂၉**

ကျန်းမာရေးဆိုင်ရာ ဝတ်ဆင်နိုင်သည့် နည်းပညာ ထုတ်ကုန်သစ်တစ်ခုဖြစ်သော Samsung Gear Fit2 ကို ဆမ်ဆောင်းမြန်မာက ပြည်တွင်းဈေးကွက်သို့ ဇူလိုင် ၂၆ ရက်တွင် စတင်မိတ်ဆက်ရောင်းချခဲ့သည်။

Gear Fit 2 ကို သုံးစွဲသူများ၏ ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို အခြေခံ၍ ဒီဇိုင်းပြုလုပ်ဖန်တီးထားပြီး တိကျသေချာသော ကျန်းမာရေးစောင့်ကြည့်မှုဆိုင်ရာ နည်းပညာနှင့် သီးခြား music player အစရှိသော လုပ်ဆောင်ချက်များကိုထည့်သွင်းထားကြောင်း သိရသည်။ Gear Fit 2 တွင် အသုံးပြုသူများ၏ လေ့ကျင့်ခန်းပြုလုပ်မှုကို ချက်ချင်း တုံ့ပြန်ချက်ပေးနိုင်ရုံသာမက တိကျသေချာ၍ အကြမ်းခံနိုင်သော ကျန်းမာရေးစောင့်ကြည့်မှုနှင့် တိုင်းတာချက်များကို ပေးစွမ်းနိုင်မည့် နှလုံးခုန်နှုန်းစောင့်ကြည့်ကိရိယာ(HRM) နှင့် GPS စနစ်များကို ထည့်သွင်းပေးထား၍ Gear Fit 2 သည် အသုံးပြုသူများ၏ နေ့စဉ်လှုပ်ရှားမှုများဖြစ်သော လမ်းလျှောက်ခြင်း၊ ထိုင်ထပြုလုပ်ခြင်းနှင့် ဂလေ့ကျင့်ခန်းပြုလုပ်ခြင်း စသည့်အခြေအနေများကိုလည်း အလိုလျောက် တိကျစွာ စောင့်ကြည့်ပေးနေမည်ဖြစ်ကြောင်း သိရသည်။

"သုံးစွဲသူတွေအတွက် ကျန်းမာကြံ့ခိုင်ပြီး ခေတ်မီအဆင်ပြေတဲ့ လူနေမှုဘဝတွေကို အကောင်းဆုံး ဖန်တီးပေးနိုင်ဖို့က ကျွန်တော်တို့အတွက် အဓိက ဦးစားပေးဖြစ်ပါတယ်"ဟု ဆမ်ဆောင်းမြန်မာမှ တာဝန်ရှိသူ ကိုဇာနည်ဝင်းထက်က ပြောသည်။

Gear Fit 2 ကို ၁ ဒသမ ၅ လက်မ အရွယ်အစားရှိ Super AMOLED မျက်နှာပြင်ကွေးဖြင့် ဝတ်ဆင်ထားသူ၏ လှုပ်ရှားသွားလာမှုနှင့် လေ့ကျင့်ခန်းပြုလုပ်မှု အခြေအနေကို စောင့်ကြည့်နိုင်ရုံသာမက မိုဘိုင်းဖုန်းမှ notifications များကိုပါ လွယ်ကူစွာ စစ်ဆေးနိုင်မည့် စမတ်ထုတ်ကုန်တစ်ခုအဖြစ် ထုတ်လုပ်ထားပြီး ဈေးကွက် အတွင်း၌ ကျပ် ၁၉၅၀၀၀ ဖြင့် စတင်ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။



**သူရဖြိုး**

---

New Product

## ဝင်းဒိုးစနစ်သုံး Teclast X3 Pro တက်ဘလက်



Teclast X3 Pro ဟာ ဝင်းဒိုးစနစ်သုံး တက်ဘလက် မော်ဒယ်သစ်တစ်ခုဖြစ်ပြီး အရွယ်အစားသေးငယ်ပေမယ့် စွမ်းဆောင်ရည်မြင့်မားလို့ တက်ဘလက်အနေနဲ့ အသုံးပြုနိုင်သလို ကီးဘုတ်၊ မောက်စ်တွေနဲ့တွဲပြီး ပုံမှန်ကွန်ပျူတာတစ်လုံးလိုလည်း Dota 2 လို ဂိမ်းတွေ၊ ဖိုတိုရှော့ပ်လို ဆော့ဖ်ဝဲအမြင့်တွေကိုပါ သုံးနိုင်ပါတယ်။

မျက်နှာပြင်အရွယ်အစားက ၁၁ ဒသမ ၆ လက်မရှိပြီး Resolution က 1920 x 1080 ရှိလို့ ရုပ်ထွက်ပိုင်းဟာ ကောင်းမွန်ပါတယ်။ ကင်မရာအနေနဲ့တော့ ရှေ့ကင်မရာက ၂မဂ္ဂါပစ်ဇယ်နဲ့ နောက်ကင်မရာက ၅မဂ္ဂါပစ်ဇယ်ပဲရှိလို့ အန်းဒရွိုက်တက်ဘလက်တွေကို အသုံးပြုနေတဲ့လူတွေအတွက်တော့ ကင်မရာအရည်အသွေးက စိတ်တိုင်းကျစရာဖြစ်မှာ မဟုတ်ပါဘူး။

ဝင်းဒိုးဗားရှင်းအနေနဲ့ Wondow 10 Home Edition လိုင်စင်ဗားရှင်း ပါဝင်ပါတယ်။ Processor အနေနဲ့ Intel Core m3 ကိုသုံးထားပြီး RAM က 8GB အထိ ပါဝင်တာကြောင့် ပုံမှန်ကွန်ပျူတာတစ်လုံးမှာ သုံးနိုင်တဲ့ဆော့ဖ်ဝဲတွေ၊ ဂိမ်းတွေကို အကုန်သုံးနိုင်မှာဖြစ်လို့ ကွန်ပျူတာတစ်လုံးလိုရော တက်ဘလက်တစ်လုံးလိုရော အသုံးချချင်တဲ့သူတွေအတွက်တော့ အဆင်ပြေစေမှာဖြစ်ပါတယ်။ အင်တာနယ် မင်မိုရီအနေနဲ့ 128 GB ပါဝင်ပြီး Micro SD ကတ်ကို ထပ်စိုက်သုံးရင်လည်း 128 GB အထိ ထပ်တိုးလို့ရပါတယ်။ နက်ဝပ်ချိတ်ဆက်ဖို့အတွက်တော့ ဆင်းကတ်ထည့်လို့မရဘဲ ဝိုင်ဖိုင်ကိုသာ အသုံးပြုရမှာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ပြည်တွင်းဈေးကွက်မှာ Teclast Myanmar က Pre order အနေနဲ့ စတင်ရောင်းချနေပြီး ရောင်းဈေးက ကျပ်ခြောက်သိန်းဖြစ်ပါတယ်။ Screen Guard, OTG ကြိုးနဲ့ တက်ဘလက်ထည့်ဖို့အိတ်တွေကို အရည်အတွက်ကန့်သတ်ကာ လက်ဆောင်အဖြစ်ပေးနေပြီး အာမခံ တစ်နှစ်ပါဝင်ပါတယ်။ Teclast X3 Pro တက်ဘလက်နဲ့တွဲသုံးဖို့ Stylus Pen နဲ့ ကီးဘုတ်တွေလည်း သီးသန့်ထွက်ထားပြီး ရောင်းဈေးက Stylus Pen ကို ကျပ်နှစ်သောင်းနဲ့ ကီးဘုတ်ကို ကျပ်သုံးသောင်း ဖြစ်ပါတယ်။

**သူရဖြိုး**

# လျှပ်စစ်ဓာတ်အား နိုင်နင်းစွာဖြန့်ဖြူးပေးနိုင်ရေး ၁၀ အမ်ဗွီအေထရန်စဖော်မာသို့ ပြောင်းလဲတပ်ဆင်

**မကွေး ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့ လွှတ်တော်အိမ်ရာဝင်းအတွင်းရှိ (၃၃/၁၁) ကေဗွီ (၅)အမ်ဗွီအေထရန်စဖော်မာသည် ဝန်အားပြည့်ဖြစ်နေသဖြင့် အဆိုပါထရန်စဖော်မာအစား ၁၀ အမ်ဗွီအေထရန်စဖော်မာအား အင်အားတိုးချဲ့အစားထိုး လဲလှယ်ခြင်းလုပ်ငန်းအား ဇူလိုင် ၂၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါအစားထိုးလဲလှယ်ခြင်းလုပ်ငန်းအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မြင့်စိန်နှင့် အင်ဂျင်နီယာများ၊ လိုင်းဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် အမြန်ဆုံးဆောင်ရွက်ရန် အစားထိုးလဲလှယ်ခြင်း၊ လုပ်ငန်းများဆောင်ရွက်ရာ၌ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးချွတ်ယွင်းမှုမရှိစေရေးနှင့် လုပ်ငန်းခွင်အတွင်း အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ပြောကြားခဲ့ကြောင်း သိရသည်။ အဆိုပါ ထရန်စဖော်မာမှာ မကွေးမြို့ အနောက်ဘက်ခြမ်းဧရိယာ၊ အရှေ့ဘက်ခြမ်းဧရိယာအချို့နှင့် မကွေးမြို့ပေါ်အတွင်းရှိ ရပ်ကွက် ရှစ်ရပ်ကွက်၊ ကျေးရွာငါးရွာနှင့် ဌာနဆိုင်ရာများသို့ ဓာတ်အားပေးထားခဲ့သည့် မိန်းထရန်စဖော်မာဖြစ်ပြီး ၅ အမ်ဗွီအေမှ ၁၀ အမ်ဗွီအေသို့ ပြောင်းလဲတပ်ဆင်ခြင်းဖြစ်ကြောင်း တိုင်းလျှပ်စစ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် နွေရာသီတွင် ယခင်နှစ်များကထက် အပူချိန်ပြင်းထန်သဖြင့် လျှပ်စစ်မီးသုံးစွဲသည့် အချိန်မှာတွင် (၅) အမ်ဗွီအေထရန်စဖော်မာ ဝန်အားပြည့်နေသဖြင့် တစ်ခါတစ်ရံတွင် အချိန်ပိုင်း လျှပ်စစ်ပြတ်တောက်မှုနှင့် ကြုံတွေ့ရကြောင်း၊ ယခုလို ၁၀ အမ်ဗွီအေထရန်စဖော်မာသို့ ပြောင်းလဲ တပ်ဆင်ထားသည့်အတွက် မြို့နယ်အတွင်း နိုင်နင်းစွာဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ပြောသည်။

**ကျော်ဇေယျ**



ချင်းပြည်နယ် တွန်းဇံမြို့နယ် နတ်ဇန် ရွာသစ်ကျေးရွာတွင် ဇူလိုင် ၂၆ ရက်က အသက်ကယ် အင်္ကျီပေးအပ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို ကျေးရွာနေပြည်သူများအား သရုပ်ပြလေ့ကျင့်သင်ကြားပေးခြင်းများ ပြုလုပ်နေစဉ်။
(မြို့နယ် ပြန်/ဆက် )

# ကသာမြို့နယ်တွင် ကျွဲ၊ နွားများအတွက် အစာလုံလောက်မှုမရှိမည်ကို စိုးရိမ်

**ကသာ ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြေနိမ့်ရေဝင်ဒေသများဖြစ်သော ကျေးရွာအချို့တွင် မြစ်ရေမြင့်တက်လာမှုကြောင့် အလွယ်တကူရွှေ့ပြောင်းရန် ခက်ခဲသည့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် အစာလုံလောက်မှုမရှိနိုင်ကြောင်း သိရသည်။

ကသာမြို့နယ်တွင် လယ်ယာချောင်းမြောင်းများကို အဓိကထား၍ အသက်မွေးဝမ်းကျောင်းသူပေါများပြီး လုပ်ကွက်အနေဖြင့် နုန်းတင်မြေနုကျွန်းများကို အားကိုးအားထား ပြုကာနေထိုင်ကြသည်ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ယခုအခါတွင် မြေနိမ့်ရေဝင်ဒေသများဖြစ်သည့် ကျေးရွာအချို့၌ မြစ်ရေမြင့်တက်လာမှုကြောင့် ကျွဲ၊ နွားစားကျက်များ ပျောက်ဆုံးကာ မိမိတို့သို လှောင်ထားသည့် ကျွဲစာ၊ နွားစာများနှင့် လုံလောက်မှုမရှိနိုင်ကြောင်း ၎င်းက ဆိုသည်။

"အရင်နှစ်တွေကတော့ တောင်သူတွေအားလုံးက ကျွဲ၊ နွားတွေအတွက် ကောက်ရိုးတို့၊ မြေပဲရိုးတို့ကို နွေ၊ မိုး၊ ဆောင်းကျွေးနိုင်အောင် တဲတွေဆောက်ပြီး သိုလှောင်ထားကြတယ်။ ဒီနှစ်ကျတော့ မိုးလေစောပြီး မြစ်ရေက မထင်မှတ်ဘဲ တိုးလာတာကြောင့် စပါးခင်းတွေနဲ့ ပဲခင်းတွေ ရေနစ်ဆုံးရှုံးသွားလို့ စပါး စိုက်တောင်သူတွေရော၊ ပဲစိုက် တောင်သူတွေပါ ဝမ်းစာမပြည့်တဲ့အပြင် ကျွဲ၊ နွားတွေအတွက်ပါ အစာရေစာလုံလောက်အောင် မရလိုက်ဘူး"ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခုအခါ ဧရာဝတီမြစ်ရေ သည် ဇူလိုင် ၂၇ ရက် ကသာမြို့၌ စိုးရိမ်ရေမှတ် ၁၀၄၀ စင်တီမီတာ အထက်သို့ ရောက်ရှိနေကြောင်း သိရသည်။

**မောင်ငြိမ်းဝင့်**

# ခန္တီးမြို့ ရေဘေးသင့်ပြည်သူများအား ပစ္စည်းထောက်ပံ့

**ခန္တီး ဇူလိုင် ၂၉**

ခန္တီးမြို့တွင် ချင်းတွင်းမြစ်ရေလျှံတက်မှုကြောင့် ရေဝင်ဒေသမှ မိသားစုဝင်များအား စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ထောက်ပံ့ငွေများနှင့် လူသုံးပစ္စည်းများ ပေးအပ်ပွဲကို ဇူလိုင် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝီလီဇရန့်က မြို့နယ်ရေဘေးကြီးကြပ်မှုကော်မတီဝင်များထံသို့ ထောက်ပံ့ငွေနှင့် လူသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့သို့ထောက်ပံ့ရာ ခန္တီးမြို့နယ်အတွင်းရှိရေဘေးသင့်အိမ်ထောင်စု ၇၅၃ စု အတွက် ဆန်သုံးရက်စာ ငွေကျပ်သုံးဆယ့်သုံးသိန်းခြောက်သောင်းငါးထောင်ကိုလည်းကောင်း၊ အိမ်ထောင်စု ၅၀၀ အတွက်ကယ်ဆယ်ရေးပစ္စည်း လေးမျိုးဖြစ်သည့် ကျား မ လုံချည်များ၊ မျက်နှာသုတ်ပဝါများနှင့်ဆပ်ပြာတောင့်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စန်းလွင်ဦး**

# မြို့နယ်အဆင့်သက်ဆိုင်သူပေါင်းစုံပါဝင်သော ဆွေးနွေးပွဲပြုလုပ်

**တပ်ကုန်း ဇူလိုင် ၂၉**

လူထုဗဟိုပြုစီမံကိန်းအား တပ်ကုန်းမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒုတိယနှစ်စက်ဝန်း မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၂၇ရက်က မြို့နယ်အောင်ဆန်းခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်တို့က အမှာစကားပြောကြားခဲ့သည်။

တပ်ကုန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းဒုတိယနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်ရာ၌ မြေသားလမ်း ၄၈ လမ်း၊ကျောက်ချောလမ်း သုံးလမ်း၊ ကျောက်ခင်းလမ်း လေးလမ်း၊ တံတားအသစ် လေးစင်း၊ တံတားပြုပြင် သုံးစင်း၊ ရေကျော်သုံးခု၊မြေကာနံရံသုံးခု၊ စာသင်ကျောင်းသစ် အဆောင် ၂၀၊ စာသင်ကျောင်းပြုပြင် ၁၁ ဆောင်၊ ကျောင်းအိမ်သာ ၁၅ လုံး၊ ကျောင်းခြံစည်းရိုး ငါးခု၊ ကျေးရွာခန်းမတစ်ခု၊ ဆေးပေးခန်းပြုပြင် နှစ်ခု၊ စာကြည့်တိုက်လေးခု၊ စက်ရေတွင်း ခြောက်တွင်း၊ ရေပိုက်သွယ်တန်း နှစ်ခု၊ လျှပ်စစ်မီးလိုင်းသစ် ခုနစ်ခု၊ လျှပ်စစ်မီးတိုင်တိုးချဲ့ကိုးခုတို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# စီမံကိန်းရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဒုတိယငါးနှစ်စီမံကိန်းအပေါ် ပြန်လည်သုံးသပ်မှုနှင့် တတိယ ငါးနှစ်စီမံကိန်းရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီတွင် နေပြည်တော် Park Royal Hotel ၌ ကျင်းပသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက အမှာစကားပြောကြားရာတွင် ပြီးခဲ့သော ငါးနှစ်စီမံကိန်းတွင် မည်သည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်ကို သုံးသပ်ရာတွင် ပထမအချက်အနေဖြင့် အမေရိကန် TIP Report က ထောက်ပြသော အချက် ၁၄ ချက်ကို ထည့်သွင်းစဉ်းစားဆွေးနွေးပေးစေလိုကြောင်း၊ ဒုတိယအချက်အနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့်စပ်လျဉ်း၍ UNODC နှင့် ဆောင်ရွက်နေသည့် Country Program ရှိနေပြီး Regional Program ဆောင်ရွက်ချက်နှင့်ချိတ်ဆက်နေသဖြင့် Country Program ဆောင်ရွက်ချက်နှင့်တတိယ ငါးနှစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ ချိတ်ဆက်မှုရှိရန်လိုကြောင်း ပြောကြားပြီး International Organization for Migration (မြန်မာ)မှ Chief of Misson ,Mr.Kien Gonmar -Best က အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲပထမနေ့တွင် ငါးနှစ်စီမံကိန်းပါ လုပ်ငန်းကဏ္ဍငါးရပ်အနက် မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ ကြိုတင်တားဆီးကာကွယ်ရေးကဏ္ဍနှစ်ရပ်ကို ကဏ္ဍတစ်ခုချင်းအလိုက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက အဖွဲ့ငါးဖွဲ့ခွဲ၍ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**


# တောင်တွင်းကြီး၌ မိုးစပါးလျာထားဧက ပြည့်မီစေရန်စိုက်ပျိုးလျက်ရှိ

**တောင်တွင်းကြီး ဇူလိုင် ၂၉**

တောင်တွင်းကြီးမြို့နယ်တွင် ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါးလျာထားဧက ၁၀၇၉၈၂ ဧက ပြည့်မီစေရန် စိုက်ပျိုးလျက်ရှိရာ ဇူလိုင် ၂၇ ရက်အထိ ဧကပေါင်း ၃၂၉၁၈ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးရာသီကို ဇွန်လမှစတင်စိုက်ပျိုးရန်ဖြစ်သော်လည်း မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ဆည်ကန်များနှင့် ကိုယ့်အားကိုယ်ကိုးကန်များမှာ ရေဝင်ရောက်မှုနည်းပါး၍ ဇူလိုင်လဆန်းမှစတင်ကာ မိုးများအဆက်မပြတ် ရွာသွန်းခဲ့ခြင်းကြောင့် ဆည်ကန်များရေဝင်ရောက်လာသဖြင့် ဆည်ရေများလွှတ်ကာ မိုးစပါးများအချိန်မီစိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများ ထွန်ယက်စိုက်ပျိုးလျက်ရှိကြောင်း၊ သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ စက်မှုလယ်ယာဦးစီးဌာနဝန်ထမ်းများကလည်း ဒေသခံတောင်သူများအချိန်မီစိုက်ပျိုးနိုင်ရေး ကွင်းဆင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၀၈၅)





MPT
ရွှေသို့လှမ်းချီမြန်မာပြည်
Social Pack
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook. Viber. Line. COC*. Clash Royale*
1 Kyat/MB
LINE
၂၄ နာရီ 200MB/199Ks *3001# SP1 to 1332
၇ ရက် 1000MB/999Ks *3002# SP2 to 1332
ရက် ၃၀ 4000MB/3999Ks *3003# SP3 to 1332
MPT ၏ ဆွေသဟာ ဝန်ဆောင်မှု ရယူသုံးစွဲနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
သတ်မှတ်ထားသော Social App များမှအပ အခြားအင်တာနက် သုံးစွဲမှုများအတွက် ပုံမှန်ဈေးနှုန်းအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
VOIP ခေါ်ဆိုမှုအတွက် ပုံမှန်နှုန်းထားအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
*အသေးစိတ်အချက်အလက်များကို Terms & Conditions တွင် ကြည့်ရှုနိုင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline 24 hours everyday

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအတွက်
## ရုံးသုံးစက်ကိရိယာပစ္စည်း (၇)မျိုးဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအတွက် ရုံးသုံး စက်ကိရိယာ ပစ္စည်း(၇)မျိုးကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | 4 Hi x 2Tower Web Offset Printing M/C | 1 No |
| ၂ | Air Con 1.5 HP (Split Type) | 6 Nos |
| ၃ | Diesel Generator (350 KVA) 3 Phase | 1 No |
| ၄ | Conference Syster အတွက် ဆက်စပ်ပစ္စည်းများ | 1 Lot |
| ၅ | EDMS System Version. 2 အတွက်ဆက်စပ်ပစ္စည်းများ | 1 Lot |
| ၆ | Recorder | 2 Nos |
| ၇ | Digital Camera | 2 Nos |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၈-၇-၂၀၁၆ရက်မှ ၁၈-၈-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းမပါသော Specification & Catalogue များကို ၁၈-၈-၂၀၁၆ ရက်မှ ၁၉-၈-၂၀၁၆ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ထုတ်လုပ်မှုဌာနသို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၉၀တို့သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန် လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ် ၇၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ | ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်<br>ထုခွဲရောင်းချရေးကော်မတီ<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ် ၇၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၁၂၃၉၀ |

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ချည်မျှင်နှင့် အထည်ထုတ်လုပ်မှုဆိုင်ရာအဆောက်အအုံ ဆောက်လုပ်ရန်အတွက် မြန်မာကျပ်ငွေဖြင့်လုပ်ငန်း အပ်နှံဆောင်ရွက်မည်ဖြစ်ပါသည်-

(က) ချည်မျှင်နှင့် အထည်ထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန (DCTT)(၁) လုံး

၂။ **ဈေးနှုန်းတင်သွင်းလွှာများကို ပေးသွင်းရမည့်အစီအစဉ်**

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁-၈-၂၀၁၆ရက်

(ခ) တင်ဒါပိတ်သိမ်းမည့် ရက်နှင့်အချိန် - ၁၅-၈-၂၀၁၆ရက်

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊**
**ဖုန်း-၀၉-၉၇၄၉၀၉၈၁၄၊ ၀၉-၈၃၀၃၈၄၁၊ ၀၆၇-၄၀၈၁၂၉**

## တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပိုင် သဘာဝဇီဝမြေသြဇာစက်ရုံ(ဒိုက်ဦး)ရှိ အောက်ဖော်ပြပါ ဂိုဒေါင်(၂)လုံးအား ငှားရမ်းလုပ်ကိုင်လိုသူ ပြည်တွင်းလုပ်ငန်းရှင်/ ကုမ္ပဏီများမှ အဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ကြေညာအပ်ပါသည်-

(က) ၂၀၀ပေ×၆၀ပေ×၂၀ပေ ဂိုဒေါင်(၂)လုံး

၂။ တင်ဒါတင်သွင်းဆောင်ရွက်လိုသူများအနေဖြင့် ငှားရမ်းခပေးသွင်းနိုင်မည့် နှုန်းထားများအားဖော်ပြလျက် အဆိုပြုလွှာများအား ၁၇-၈-၂၀၁၆ရက် နောက်ဆုံးထား၍ ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူများအနေဖြင့် ဂိုဒေါင်(၂)လုံးအား လုပ်ကိုင်ဆောင်ရွက်လိုသူ ဖြစ်ရပါမည်။

၄။ တင်ဒါရွေးချယ်ခြင်းခံရသူများအား (၁)နှစ်လျှင် (၁)ကြိမ် စာချုပ်ချုပ်ဆိုဆောင်ရွက်သောစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**ဖုန်း-၀၆၇-၄၀၈၄၈၀၊ ၀၆၇-၄၁၈၄၅၇**

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ရက်တိုးမြှင့်ပေးခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှုအတွင်းရှိ စက်ရုံများအတွက် တင်ဒါခေါ်ယူခဲ့သည့်လုပ်ငန်းများအနက် အောက်ဖော်ပြပါလုပ်ငန်းများအား လုပ်ငန်းလိုအပ်ချက်အရ တင်ဒါပိတ်ရက်ကို ၂၉-၇-၂၀၁၆ ရက်အစား ၂၂-၈-၂၀၁၆ရက် သို့ တိုးမြှင့်ပြောင်းရွှေ့ကြောင်း အသိပေးအပ်ပါသည်-

**စဉ် တည်နေရာ/လုပ်ငန်းအမည်**

(က) ဆေးဝါးစက်ရုံ(အင်းစိန်)
- (၁) မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဌာန ပထမထပ်တွင် အရည်အသွေးစစ်ဆေးရေးနှင့် သုတေသနဌာနအဖြစ် အခန်းဖွဲ့ကာရံခြင်း (၁) လုံး
- (၂) Renovation of Dextrose Infusion Machinery (2) Lines

(ခ) **ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)**
- (၁) Hepatitis 'B' Vaccine Production Line
  - (ကက) Vial Filling and Stoppering, Capping Machine with accessories (1) Set
  - (ခခ) Inspection Machine (1) Set
- (၂) Electro Deionized(EDI)Water System Complete Set (1) Set

(ဂ) **ဆေးဝါးစက်ရုံ(အင်ရောင်း)**
- (၁) သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးအလုပ်ရုံ (Large Volume Parenterals Solutions Production Plant) အဆောက်အအုံတည်ဆောက်ခြင်းနှင့်စက်ပစ္စည်းများ ဝယ်ယူတပ်ဆင်စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်း (Turnkey)

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးဌာန**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်၊**
**ဖုန်းအမှတ်-၀၆၇-၄၀၈၂၇၅၊ ၄၀၈၁၉၅**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အင်ဂျင်နီယာဌာန
## (အခြေစိုက်အလုပ်ရုံအမှတ် -၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်း (ပုံမှန်သင်တန်း)အား ၅-၈-၂၀၁၆ ရက်နှင့် စနေ၊ တနင်္ဂနွေ အထူးသင်တန်းကို ၆-၈-၂၀၁၆ရက်တွင် ဖွင့်လှစ်ပါမည်။ သင်တန်းတက်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

(သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။)

အခြေခံလျှပ်စစ် ဂဟေဆက်သင်တန်းနှင့် အင်ဂျင်သင်တန်းကို ၁-၈-၂၀၁၆ရက်တွင် ဖွင့်လှစ်ပါမည်။

**ဆက်သွယ်ရန် ဖုန်း-၆၆၀၈၅၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ရန်ကုန်အဝေးသင်တက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၏ ၂၀၁၇ ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများလုပ်ဆောင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ပို့ချချက်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

(ဂ) စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

(ဃ) သင်ခန်းစာပို့ချချက် ဒီဗွီဒီချပ်များ ကူးယူ၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၁-၈-၂၀၁၆ ရက် (တနင်္လာနေ့)မှစ၍ တစ်စုံလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

ပါမောက္ခချုပ်ရုံးခန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်အမှတ် ၄၇ (က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

၃။ ဈေးနှုန်းလွှာများကို ၁၂-၈-၂၀၁၆ရက်(သောကြာနေ့) ညနေ ၄း၃၀ နာရီ ထက်နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရမည်။

၄။ ဈေးနှုန်းလွှာနှင့်အတူ တင်သွင်းမည့်နမူနာများကို လုံခြုံစွာ ထုပ်ပိုး၍ ပြည့်စုံစွာတင်ပြရမည်။

၅။ ထုတ်ဝေမည့် နမူနာများကို အောက်ဖော်ပြပါနေရာများတွင် ကြည့်ရှုနိုင်သည်။

(က) ရန်ကုန်အဝေးသင်တက္ကသိုလ်

(ခ) မန္တလေးအဝေးသင်တက္ကသိုလ်

၆။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါ လိပ်စာတွင်လည်းကောင်း၊ ဖုန်း-၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၁-၅၂၅၁၃၇၊ ၀၂-၆၂၁၇၀၊ ၀၂-၆၀၅၄၄ နှင့် ၀၂-၆၂၄၁၀တို့သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဝေးသင်တက္ကသိုလ်များ၏ စာအုပ်များနှင့်သင်ခန်းစာ ပို့ချချက် ဒီဗွီဒီချပ်များ ထုတ်လုပ်ရေးလုပ်ငန်းကော်မတီ**

### အမည်မှန်

ဦးခင်မောင်ဆွေ ၅/ပလန(နိုင်)၀၁၆၇၃၀၏သား ပုလဲမြို့နယ်၊ ကန့်ဒေါင့်ကျေးရွာ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ချမ်းသာမင်း၏ အမည်မှန်မှာ မောင်ချမ်းမင်းကို ဖြစ်ပါကြောင်း။ **မောင်ချမ်းမင်းကို**

### အမည်မှန်

ဦးအောင်ပေါ်၏သား တမူးမြို့၊ စော်ဘွားအင်း အမှတ်(၆/ခ)ရပ်ကွက်နေ ဦးသံချောင်း(ခ) ဦးအောင်လွင်ထွန်း၏ အမည်မှန်မှာ ဦးသံချောင်း ၅/တမန(နိုင်)၀၅၁၃၃၅ ဖြစ်ပါကြောင်း။ **ဦးသံချောင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးတင်ကြူး၏သမီး ကျွန်းလှမြို့နယ်၊ ကျောက်အိုင်ကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မညိုဇင် ၅/ကလန(နိုင်)၀၇၂၀၈၃နှင့် မဝင်းမာမှာတစ်ဦးတည်းဖြစ်ပါကြောင်း။ **မညိုဇင်(ခ)မဝင်းမာ**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့ အထက ဝန်းသို ဆဋ္ဌမတန်း (C)မှ မခင်မာနှင်း၏ ဖခင်အမည်မှန်မှာ ဦးငွေအောင် ၅/ဝသန(နိုင်)၀၆၀၂၅၆ ဖြစ်ပါကြောင်း။ **ဦးငွေအောင်**

### ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၁) နဝမတန်း (E)မှ မောင်ဝေယံကျော်၏ ဖခင်အမည်မှန်မှာ ဦးဝေမိုးသူ ၉/မထလ(နိုင်) ၀၀၄၉၀၉ဖြစ်ပါကြောင်း။ **ဦးဝေမိုးသူ**

### ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက(၃)၊ ပဥ္စမတန်း(A)မှ နန်းအေးဟွမ်(ခ) နန်းဟွမ်နွန်း၏ ဖခင်အမည်မှန်မှာ ဦးလှထွန်း ၁၃/ကမန(နိုင်)၀၇၇၄၃၂ ဖြစ်ပါကြောင်း။ **ဦးလှထွန်း ၁၃/ကမန(နိုင်)၀၇၇၄၃၂**

### အမည်မှန်

ဦးလှမြင့်၏သား ကျောက်မဲမြို့၊ အထက(၃)၊ ပဥ္စမတန်း (C)မှ မောင်ဟိန်းထက်အောင်၏ အမည်မှန်မှာ မောင်ဟိန်းထက်မြတ်ဖြစ်ပါကြောင်း။ **မောင်ဟိန်းထက်မြတ်**



ခရစ်တော်၌အိပ်ပျော်ခြင်း

## အဘွားဒေါ်ဝင်းမြ

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်းသွယ်၊ အမှတ် ၁၇(သင်းအုပ်နေအိမ်) နေ (ဦးဘိုနီ)၏ဇနီး၊ ဦးမောင်ငွေ(သတင်းနှင့်စာနယ်ဇင်း၊ ငြိမ်း)-ဒေါ်လှမြင့် (မြဝတီပုံနှိပ်တိုက်၊ ငြိမ်း)၊ (ဦးထိန်ဝင်း)-ဒေါ်လှမြင့်၊ Rev. ဦးအောင်မင်း (သင်းအုပ်၊ မြို့မတိုင်းရင်းသားနှစ်ခြင်းအသင်းတော်)-ဒေါ်စီစီဦး၊ ဦးကျင်ထွန်း (ရေနံဓာတုသယ်ပို့၊ ငြိမ်း)-ဒေါ်သန်းသန်း၊ ဦးစောစေးလယ်-ဒေါ်စန်းစန်းမြင့် တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ် ၁၁ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၇-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင်ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဘိဟုန်(ခ)ကျန်ချိုက်ယာ

**အသက်(၉၀)**

၁၉၆၅ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ (စင်ထရယ်) အထက(၁)လသာ ကန်တော့ခံ ဆရာကြီး/ဆရာမကြီးများအား မေတ္တာဖြင့် ကျန်းမာရေးစစ်ဆေးကုသပေးလျက်ရှိသော ဒေါက်တာဇေသူအောင်၏ အဘွား၊ ကျောင်းသားဟောင်း ဦးထင်ကျော်၏မိခင် ဒေါ်ဘိဟုန်(ခ)ကျန်ချိုက်ယာသည် ၂၁-၇-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၆၅/၁၉၈၅) စင်ထရယ် အထက(၁)လသာ**
**ကန်တော့ခံဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မိုးမိုးမြင့်

**အသက်(၇၇)နှစ်**

အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း) ဗိုလ်ချုပ်စောလွင်၏ဇနီး ဒေါ်မိုးမိုးမြင့်သည် ၂၆-၇-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)၊ ဒေါ်တင်တင်ညွန့် မိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မိုးမိုးမြင့်

**အသက်(၇၇)နှစ်**

အသင်း၏ဂုဏ်ထူးဆောင်နာယက၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း) ဗိုလ်ချုပ်စောလွင်၏ဇနီးဒေါ်မိုးမိုးမြင့်သည် ၂၆-၇-၂၀၁၆ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းသူ အသင်းသားများ**
**စက်မှုဝန်ထမ်းဟောင်းများအသင်း**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်မောင်ဝင်း၊ အထွေထွေမန်နေဂျာ(ငြိမ်း)

**စက်မှုဆေးဝါး (စက်မှု-၁)**
**စက်မှုဝန်ထမ်းဟောင်းများအသင်း၊ အသင်းဝင်အမှတ် (၆၆၂၉)**
**အသက်(၆၇)နှစ်**

ဒေါ်မိုးမိုးဦး၏ ခင်ပွန်း၊ ဦးတင်မောင်ဝင်း အထွေထွေမန်နေဂျာ (ငြိမ်း) စက်မှုဝန်ထမ်းဟောင်းများအသင်း၊ အသင်းဝင်အမှတ်(၆၆၂၉)သည် ၂၇-၇-၂၀၁၆ရက် ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းသူအသင်းသားများ**
**စက်မှုဝန်ထမ်းဟောင်းများအသင်း**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်မောင်ဝင်း

**အထွေထွေမန်နေဂျာ(ငြိမ်း)၊ စက်မှုဆေးဝါး(စက်မှု-၁)**
**အသက်(၆၇)နှစ်**

ဥက္ကံမြို့၊ ဈေးပတ်လမ်းနေ (ဦးအောင်သန်း-ဒေါ်ညွန့်ညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ် ၄၇၊ အခန်း ၅ နေ ဒေါ်မိုးမိုးဦး၏ခင်ပွန်း ဦးတင်မောင်ဝင်းသည် ၂၇-၇-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူးနှင့်ဝန်ထမ်းများ**
**ဆေးဝါးစက်ရုံ(အင်ရောင်း)**

---

## ဒေါက်တာမြတ်စံနိုင်

**M.B.,B.S (YGN)**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၅၄)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၈၅နေ (ဦးအောင်ဝင်းမြတ်) - ဒေါ်ခင်ခင်ညွန့်တို့၏ သမီး၊ ဦးမြတ်ထင်နိုင်၏ညီမ၊ ဦးသွင်-ဒေါ်သီသီအောင်၊ ဦးမြတ်လင်းနိုင်၊ (ဦးမြတ်ဝင်းနိုင်)၊ (ဦးမြတ်မင်းနိုင်)-ဒေါ်တင်တင်မြင့်(ခ)မစုတို့၏အစ်မ၊ မောင်ဇော်မင်းမြတ်၊ မောင်ကျော်မင်းမြတ်၊ မောင်ဖွဲ့မင်းမြတ်တို့၏ကြီးတော်သည်၂၈-၇-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၅နာရီတွင်ကွယ်လွန်သွားပါ၍ ၃၀-၇-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

## ဦးဖေကြည် (မြိတ်)

**အသင်းဝင်အမှတ်(၅၈၃၈)**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ စီမံ/စီးပွား ဝန်ထမ်းအိမ်ရာ၊ တိုက် ၄၊ အခန်း ၁နေ ဒေါ်အေးအေး၏ ခင်ပွန်းသည် ၂၈-၇-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းမှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်ကြီး(ခ)ဒေါ်မေရီစိန်ထွန်း (USA)

**(အငြိမ်းစား သမိုင်းကထိက)**
**အသက်(၉၄)နှစ်**

ကျောက်ဆည်မြို့နေ (အရေးပိုင် ဦးစိန်ထွန်း-ဒေါ်အုန်းရင်)တို့၏သမီး၊ ငါးသိုင်းချောင်းမြို့နေ (ဝတ်လုံတော်ရမင်း ဦးဘဒွန်း-ဒေါ်မမ)တို့၏သမီးချွေးမ၊ (ဦးကိုကိုကြီး-ဒေါ်လှလှ)တို့၏ညီမ၊ [ပါမောက္ခဒေါက်တာကျော်သက်(ရန်ကုန်တက္ကသိုလ်နှင့် Yale University-ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ [ဦးလင်းမောင်သက်(ခ)ဦးတင်မောင်လွင်]-ဒေါ်မြင့်မြင့်ကြည်(MD,Gold Backed Travels)၊ ဒေါက်တာလင်းဆွေအေး-ဒေါက်တာခင်ညိုသက်(USA)၊ ဒေါက်တာလင်းအောင်သက်-ဒေါက်တာခင်မေလှ(USA)၊ (ဒေါ်ခင်အေးသက်)တို့၏ချစ်လှစွာသောမိခင်သည် ၂၈-၇-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၄း၃၄နာရီတွင် အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ Sun Brunoတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်တာဝါ၊ တိုက်(ဘီ)၊ ပထမထပ်၊ အခန်း ၁၀၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျော့ကျော့တင်

**B.A (Eco) R.A**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ် ၅၀နေ (ဦးဘသော်-ဒေါ်စောညွန့်)တို့၏သမီး၊ (ဦးထွန်းရီ-ဒေါ်ရင်)တို့၏ချွေးမ၊ (ဦးဝင်းထိန်)၏ဇနီး၊ (ဒေါ်ညွန့်ကြည်)၊ (ဒေါ်ညွန့်ရီ)၊ (ဦးလှစိန်)တို့၏ညီမ၊ ဒေါ်သန်းသန်းညွန့်၏အစ်မ၊ ဦးစိုးမိုးဝင်း၊ ဦးကျော်စွာဝင်း-ဒေါ်သန္တာစိုး၊ ဦးမင်းမော်ဝင်းထိန်-ဒေါ်ယမင်းကိုကို၊ ဦးညီသော်အေး-ဒေါ်မီမီစိုးမြင့်တို့၏မိခင်၊ မောင်ပိုင်ဟိဏ်းခန့်၊ မဝင်းလဲ့ရွှေရည်၊ မလဝန်းမမတို့၏အဘွားသည် ၂၈-၇-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ခင်ကြူ

**မြန်မာ့ဂုန်လျှော်လုပ်ငန်း**
**အသက်(၇၁)နှစ်**

(ဦးပေါ်ထွန်း-ဒေါ်ထားရီ)၊ (ဦးရင်ဖေ-ဒေါ်အမာ)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၃လမ်း၊ အမှတ် ၅၅နေ (ဦးထွဏ်းသိုက်)၏ဇနီး၊ ဦးကျော်စိုးမိုး-ဒေါ်မြတ်ထွေး၊(ဦးစိုးမင်းသိန်း)၊ ဦးအောင်စိုးမိုး-ဒေါ်အေးအေးထွန်း (Healty ဆေးဆိုင်၊ ကြည့်မြင်တိုင်)၊ ဦးစိုးမင်းထွဏ်း၊ ဦးထွန်းလင်းစိုးတို့၏မိခင်၊ မဝတ်ရည်ကျော်၊ မပြည့်ဖြိုးအိတို့၏ အဘွားသည် ၂၉-၇-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## ဦးကျော်ဝင်း

**အရာခံဗိုလ်(ငြိမ်း)**
**ရန်ကုန်တိုင်းစစ်ဌာနချုပ်**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ အောင်ဘောဂလမ်း၊ အမှတ် ၁၁၆၂နေ (ဦးသောသော-ဒေါ်သိန်း)တို့၏ ချစ်လှစွာသောသား၊ ဒေါ်အေးအေးမြင့်(ခ)ဒေါ်ယုယု၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အေးသန္တာဝင်း(လ/ထမန်နေဂျာ၊ အုတ်ထုတ်လုပ်ရေးဌာန)၊ ဦးမျိုးမင်းကျော် (Marketing Engineer, Ywar Taw Int'L Trading Co.,Ltd) - ဒေါ်အေးသူဇာဝင်း(စက်မှု၊ ငြိမ်း)တို့၏ ချစ်လှစွာသောဖခင်၊ မချစ်နှင်းဆု၊ မောင်မင်းသုဟန်တို့၏ဘိုးဘိုးကြီးသည် ၂၉-၇-၂၀၁၆ရက် နံနက် ၈း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းလှထွန်း (Chief Mate)

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ သုခလမ်း၊ တိုက် ၆၊ အခန်း ၃၀၁နေ (ဦးစံထွန်း-ဒေါ်သိန်းနု)တို့၏ သား၊ (ဦးညွန့်မောင်) - ဒေါ်ငြိမ်းအေးတို့၏သားသမက်၊ (ဒေါ်တင်ဝင်း)၊ (ဗိုလ်ကြီးမြင့်သိန်း) - ဒေါ်ခင်အုန်းမြင့်တို့၏မောင်၊ ဦးကျော်ဝင်း(USA)-ဒေါက်တာခင်အေးဝင်း (USA)တို့၏ အစ်ကို၊ ဒေါ်အေးအေးသန်း(USA)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာမင်းအောင် (လ/ထ ညွှန်ကြားရေးမှူး၊ ကျိုင်းတုံ) - မငြိမ်နန္ဒာထွန်း (USA)၊ မောင်နေနိုင်ထွန်း (USA)-မဂျူးဂျူးစံ (USA)တို့၏ဖခင်သည် ၂၈-၇-၂၀၁၆ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၆ရက် (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)

## ဗိုလ်မှူးအောင်စိန် (ငြိမ်း)

**လဝကညွှန်ကြားရေးမှူး(ငြိမ်း)**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြင့်မိုရ်လမ်း၊ အမှတ် ၅၄နေ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် (ဥက္ကဋ္ဌဟောင်း) ဖြစ်သူ ဦးအောင်စိန် (အ/၃၀)သည် ၂၈-၇-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါက်တာဒေါ်အေးအေးမြင့်

**ဗဟန်းမြို့နယ် ကျန်းမာရေး**
**ဦးစီးဌာနမှူး(ငြိမ်း)**
**အသက်(၆၆)နှစ်**

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၄)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် ၁၆၃နေ [ဦးဘသော် (အငြိမ်းစားအမြတ်ခွန်ဝန်ထောက်)-ဒေါ်ခင်ရွှေ]တို့၏သမီး၊ (ဦးတိတ်စိန် - ဒေါ်လေးရီ)တို့၏ သမီးချွေးမ၊ [ဒေါက်တာဦးကျော်ဦး (နား၊ နှာခေါင်း၊လည်ချောင်းအထူးကုဆရာဝန်ကြီး)]၏ဇနီး၊ မသန္တာကျော်ဦး၊ကိုကျော်စွာဦး၊ ကိုဇာနည်ဦးတို့၏ချစ်လှစွာသောမိခင်၊(ဦးစိုးမြင့်၊ ဗဟိုတရားရုံးရှေ့နေ)-ဒေါ်တင်မေညွန့်(တော်ဝင်သဇင်၊ ဗိုလ်ချုပ်ဈေး)တို့၏ညီမ၊ ဦးဖေလှ-ဒေါ်ဝင်းဝင်းမြင့် (နန်းညွန့်ကေသီ ဗိုလ်ချုပ်ဈေး)၊ ဦးမြင့်ဆန်း-ဒေါ်မင်းမင်းအေးတို့၏အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်၊ မြေး သုံးယောက်တို့၏ အဘွား၊ မြစ်တစ်ယောက်၏ဘွားဘွားကြီးသည် ၂၈-၇-၂၀၁၆ရက် (ကြာသပတေးနေ့)ညနေ ၆း၄၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၀-၇-၂၀၁၆ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၁၆ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းမောင်

**(စစ်မှုထမ်းဟောင်း၊ ဗဟိုထောက်လှမ်းရေးတပ်၊ မင်္ဂလာဒုံ)**
**မော်ကွန်းဝင် ပထမဆင့်**
**ကျောက်ပန်းတောင်းမြို့နယ်အသင်းဝင်**
**အသက်(၉၆)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ အိမ်အိုကျေးရွာနေ (ဦးရဲဘော် - ဒေါ်သူတော်)တို့၏သား၊ (ဦးဖိုးသောင် - ဒေါ်လုံး)တို့၏ သားသမက်၊ (ဒေါ်ညိုကောက်)၏ ခင်ပွန်း၊ (ဦးတင်ဝေ)-ဒေါ်စန်းမြင့်၊ ဒေါ်လှရီ (ရွှေစင်စကြာ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး)၊ ဦးစောမြင့်-ဒေါ်လှမို၊ ဦးတင်ဝင်း-(ဒေါ်ပန်းအိ)၊(ဦးဝင်းမောင်)-ဒေါ်ခင်ကြွယ်တို့၏ဖခင်၊ မြေး ၁၈ယောက်၊ မြစ် ၂၅ယောက်၊ တီ သုံးယောက်တို့၏အဘိုးသည် ၂၉-၇-၂၀၁၆ရက်(သောကြာနေ့) နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက်တွင် မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ပြည်တော်သာရပ်ကွက်၊ ၁၄လမ်း၊ အမှတ် ၁၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

## ဦးစိုးမြင့်

**လက်ထောက်မန်နေဂျာ(ငြိမ်း)၊ စီမံ**
**စိုက်ပျိုးရေးဦးစီးဌာန(အသင်းဝင်)**
**အသက်(၈၁)နှစ်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်နေ ဦးစိုးမြင့်သည် ၂၈-၇-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၆ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း ဒါယကာကြီး

## ဦးလှမြင့်

**B.E.E-P (1972) ခြင်းလုံး**
**ရွှေဝတ်လွှာဆေးတိုက်**
**လက်ထောက်အမှုဆောင်**
**လျှပ်စစ်အင်ဂျင်နီယာ (EPC)**
**အသက်(၇၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း (အထက်) အမှတ် ၇၁နေ(ဦးမြိုင်-ဒေါ်ကျင်ငွေ)တို့၏သား၊ (ဦးသိန်းဝင်း)-ဒေါ်မြတင်တို့၏သားသမက်၊ ဒေါ်စန်းစန်းဝင်း(ခ)ဒေါ်ညိုဇင်ဝင်း၏ခင်ပွန်း၊ဦးမြင့်သိန်း - ဒေါ်ခင်စန်းတင့်တို့၏အစ်ကို၊ ဇော်ရဲမြင့်၊ လဲ့လဲ့ပိုင်း၊ သိန်းဆက်၊ ဟိန်းဆက်တို့၏ဖခင်၊ ဖွဲ့ဝေယံတို့၏ အဘိုး၊ဒေါ်ခင်မြဒေါ်ခင်စိန်တို့၏မောင်သည် ၂၇-၇-၂၀၁၆ရက် နံနက် ၇း၅၀ နာရီတွင် အကယ်ဒမီဆေးရုံ၌ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၇၁၊ တန်ဆောင်းကြီးလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဆရာမတင်တင်နွယ်(ခ) မနွယ်

**အသက်(၅၃)နှစ်**
**(ဖယ်ခုံမြို့နယ်နှင့်ကယန်းသာသနာ)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကွင်းမွေး ၁လမ်း၊ တောင်သူကုန်းရပ်ကွက်၊ အမှတ် ၂၀၉နေ ဦးတင်ထူး (B.P.I ငြိမ်း)-ဒေါ်ရင်ကြည်တို့၏ ချစ်လှစွာသောသမီး၊ ဆရာမ မိတင်ကြည်ဦး-ဆရာမဟော်လဂျာ၊ (ဆရာဦးတင်မောင်ရီ)-ဆရာမနော်ဆဲခူ၊ (မောင်တင်မောင်ကြည်)တို့၏ညီမ၊ ဒေါ်တင်တင်သွယ်၊ ဦးတင်မောင်ဆွေ-နန့်အေးမေ၊ ဦးတင်အောင်လှိုင်-မချယ်ရီ၊ ဦးမျိုးသိန်းအေး-ဒေါ်တင်တင်ထွေးတို့၏အစ်မ၊ တူ/တူမ ၁၀ယောက်တို့၏အဒေါ်သည် ၂၉-၇-၂၀၁၆ရက်(သောကြာနေ့)နံနက် ၁နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် မွန်နှစ်ခြင်းအသင်းတော် အမှတ် ၄၂၊ သာယာအေး ၁ လမ်း၊ တောင်သူကုန်း၊ အင်းစိန်မြို့နယ်တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တပညာဝံသ

**သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ**

မြင်းခြံမြို့၊ ကိုးဆောင်ကျောင်းတိုက်၊ ဇေယျာသုခကျောင်း(ဘ·က)၊ ဒုတိယပဓာနနာယက၊ မြင်းခြံမြို့၊ အမှတ်(၁)၊ တိုးချဲ့ကွက်သစ်၊ ဇေယျာဓိပတိကျောင်းတိုက်၊ ဒုတိယပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာဝံသ မဟာထေရ်သည် (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၅ရက်) ၂၄-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ရက်) ၃၀-၇-၂၀၁၆ရက် (စနေနေ့) ညနေ ၃နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ရဟန်း၊ သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

---

## ဒေါ်ခွန်ဆိုင်

**အသက်(၉၀)**

ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်နေ ဦးအောင်ညွန့်၏ဇနီး၊ ဦးမျိုးလွင်-ဒေါ်နွယ်နွယ်၊ ဦးပိုက်တင်-ဒေါ်နွဲ့နွဲ့လွင်၊ ဦးမြင့်လွင်-ဒေါ်ခင်မမ၊ ဦးအောင်ဆိုင်လွင် - ဒေါ်ခင်စန်း၊ ဦးခင်မောင်စိုး - ဒေါ်ဇင်လေးလွင်၊ ဦးသိန်းဇော်လွင်-မအိဖြူ၊ ကိုထက်အောင်(ခ)တိုးတိုးတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၉-၇-၂၀၁၆ရက် (သောကြာနေ့)မွန်းလွဲ ၂း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ် ၁၃၊ သရက်တောလမ်း၊ စမ်းချောင်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးအောင်စိန် (ငြိမ်း)

**လဝကညွှန်ကြားရေးမှူး(ငြိမ်း)၊ စစ်တက္ကသိုလ်အမှတ်စဉ်(၇)**
**မာန်အောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ငြိမ်း)**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြင့်မိုရ်လမ်း၊ အမှတ် ၅၄နေ (ဦးဖြူအောင်-ဒေါ်ငွေသာ)တို့၏သား၊ ဒေါ်မေသိန်းခိုင်၏ခင်ပွန်း၊ ဦးစိုးမိုးအောင်(2/Officer)၊ ဒေါက်တာမိုးကျော်လွင်-ဗိုလ်ကြီးခိုင်ဥမ္မာအောင် [(ငြိမ်း)၊ ခေတ္တ-ဩစတြေးလျ)]၊ ဗိုလ်ကြီးအောင်နိုင်ထွေး(ငြိမ်း)-ဒေါ်ခိုင်စန္ဒာအောင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၈-၇-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၆း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ကျော်

**MPPE (ငြိမ်း)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့နေ(ဦးခင်စိန်-ဒေါ်အုံးကြည်)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ မြင်တော်သာအိမ်ရာ၊ တိုက် ၆၊ အခန်း ၁၀၁နေ ဒေါ်မြသွယ် MPPE (ငြိမ်း)၏ခင်ပွန်း၊ ကိုသက်ထွန်းတင်-မမြစန္ဒာကျော်၊ မမြဖြိုးဝေကျော်တို့၏ဖခင်သည် ၂၉-၇-၂၀၁၆ရက် (သောကြာနေ့)နံနက် ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်တင်နု

**ဦးစီးအရာရှိ(ငြိမ်း)၊ သမဝါယမဦးစီးဌာန**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ နီလာလမ်းသွယ် ၁လမ်း၊ အမှတ် ၆၆၇နေ မိဘအရင်းကဲ့သို့ ကျေးဇူးကြီးမားလှပါသော ဦးလေး ဦးသန်းထွန်း [ဒု-ညွှန်မှူး၊ ငြိမ်း၊ သ/မ ဦးစီးဌာန]၊ (ဒု-အထွေထွေမန်နေဂျာ၊ ဗဟိုသမဝါယမအသင်းလီမိတက်)၏ ချစ်လှစွာသောဇနီး ဒေါ်တင်တင်နုသည် ၂၆-၇-၂၀၁၆ရက် (အင်္ဂါနေ့) ည ၇း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**(ဦးအောင်သန်းမြင့်)-ဒေါ်ခင်စန်း မိသားစု**
**ကျောက်ပန်းတောင်းမြို့**
**ဦးကျော်စိုးနိုင်-ဒေါ်ယုလင်းလင်းနိုင်**
**မိသားစု၊ ကန့်ဘလူမြို့**

---

## ဦးအောင်ဒင်

**အသက်(၅၉)နှစ်**

ပြည်မြို့နေ(ဦးခင်စိန်-ဒေါ်ညိုမ)တို့၏သား၊ [ဒေါ်ကြည်ကြည်ငွေး (ဘဏ္ဍာရေးဌာန၊ အမှတ်-၃၊ ဓာတ်မြေဩဇာစက်ရုံ၊ ကျော်စွာ)]၏ခင်ပွန်း၊ မှော်ဘီမြို့နယ်နေ ဗိုလ်ကြီးဖြိုးမင်းဒင် (စစ်တက္ကသိုလ် အမှတ်စဉ်-၄၈)၏ ဖခင်၊ ဦးမြတ်သာဒွန်း(Project Manager, Khin Maung Nyunt Co., Ltd.)-(ဒေါ်ခင်မမမြင့်)တို့၏မောင်၊ ဦးခင်မောင်လွင်-ဒေါ်သင်းသင်းမြတ်၊ ဒေါ်နီနီစိုး (ကမ္ဘောဇဘဏ် ရုံးချုပ်)တို့၏ ဦးလေးသည် ၂၈-၇-၂၀၁၆ရက်(ကြာသပတေးနေ့)ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၆ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် မှော်ဘီနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြတ်မင်းလွင်

**A.G.T.I (EC/94) အင်းစိန်**
**အသက်(၄၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဇေယျဝတီမြို့နေ (ဦးငွေးလွင်)-ဒေါ်ခင်အုံးမြင့်တို့၏သား၊ ဒေါ်မေမြတ်လွင်၊ ဦးထွန်းထွန်းလွင်-ဒေါ်အိအိဝင်း၊ ဒေါ်ခင်သီတာလွင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၈လမ်း (အလယ်)၊ အမှတ် ၁၄၀နေ ဒေါ်မာလာအောင်၏ခင်ပွန်း၊ မမြတ်ဖေရယ်လွင်၊ မောင်မင်းခန့်လွင်တို့၏ဖခင်သည် ၂၈-၇-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၄း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဇေယျဝတီမြို့ နေအိမ်မှသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# တိုင်းပြည်တိုးတက်ရာတိုးတက်ကြောင်းကို တစ်ဦးနှင့်တစ်ဦးနားလည်မှုရှိစွာ လက်တွဲလုပ်ဆောင်



**နေပြည်တော် ဇူလိုင် ၂၉**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ ဧည့်ခန်းမဆောင်၌ “ဝ” အထူးဒေသ(၂)မှ “ဝ” ပြည်သွေး စည်းညီညွတ်ရေးပါတီ ဗဟိုပေါလစ်ဗျူရို အမြဲတမ်း ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ဦးပေါက်ယူယိ ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် အထူးဒေသ(၄) မိုင်းလားငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သည့် အဖွဲ့ဝင်များအား ခင်မင်ရင်းနှီးစွာ တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများဖြစ်သည့် တပ်မတော်သားများ၊ တိုင်းရင်းသား လက်နက်ကိုင်များတွင် တာဝန်ရှိမှု၊ တပ်မတော်အနေဖြင့် အမှန်တကယ် ငြိမ်းချမ်းရေး ရရှိလိုစိတ်ဖြင့်

*စာမျက်နှာ ၆ ကော်လံ ၅* ❁

## ယနေ့ မာတိကာ


**အမေဇုန်တည်ထောင်သူ ဂျက်ဖ်ဘီဇော့ ကမ္ဘာ့ဒုတိယအချမ်းသာဆုံး ပုဂ္ဂိုလ်ဖြစ်လာ** စာ » ၁၀

**သပိတ်ကျင်းမြို့ အနိမ့်ပိုင်းရပ်ကွက်များ ရေဝတီမြစ်ရေဝင်ရောက်** စာ » ၁၂

**အလှူအိမ်က ခေါက်ဆွဲကြော်စားရာမှ အစာအဆိပ်သင့်မှုဖြစ်ပွား** စာ » ၁၃


# ကြီးအုံ-ကြီးဝ တမံရေပိုလွှဲ ပြင်ဆင်ပြီးဖြစ်၍ ရေကြီးရေလျှံမည်ကို မစိုးရိမ်ရ

**တင်ထွန်းဦး(မင်းဘူး)**

**မင်းဘူး ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီးရှိ ကြီးအုံ-ကြီးဝ ရေလှောင်တမံအား ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း ရေကြီးစဉ်က ပျက်စီးခဲ့မှုများကို အချိန်မီပြုပြင်ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုနှစ်တွင် တမံမှ ရေကြီးရေလျှံမှုများ ဖြစ်ပွားမည်ကို ကာကွယ်နိုင်မည်ဖြစ်သည်။

ကြီးအုံ-ကြီးဝ ရေလှောင်တမံသည် စေတုတ္တရာမြို့နယ် မုန်းချောင်းတမံမှ စီးဆင်းလာသော မုန်းချောင်း၊ ဆီးမီးချောင်းနှင့် မိုးတွင်းကာလတွင်သာ စီးဆင်းသော ကြီးချောင်းတို့မှ ရေကို သိုလှောင်ထားရှိပြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ မဲဇလီရေလွှဲဆည်မှ တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်း မြောင်းမကြီး နှစ်သွယ်မှ စိုက်ပျိုးရေများ ဖြန့်ဝေပေးရာ နွေစပါး၊ မိုးစပါးဧက ၉၆၀၀၀ ကျော်ကို စိုက်ပျိုးရေ ပြည့်ဝစွာ ပေးဝေနိုင်သည့်အပြင် လျှပ်စစ်ဓာတ်အား ၇၄ မဂ္ဂါဝပ်ကိုလည်း ထုတ်လွှတ်ပေးလျက်ရှိသည်။ ဇုန်တမံအမျိုးအစားဖြစ်ပြီး

*စာမျက်နှာ ၆ ကော်လံ ၁* ❋



ကြီးအုံ-ကြီးဝ ရေလှောင်တမံအား ပြန်လည်ပြင်ဆင်ထားမှုကို တွေ့ရစဉ်